# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက် | ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၅၄)


# ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဂျိုးဖြူဓာတ်အားခွဲရုံနှင့် သိမ်ကုန်း ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားများ ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၂

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်ဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဂျိုးဖြူဓာတ်အားခွဲရုံနှင့် ဥက္ကံမြို့ သိမ်ကုန်းဓာတ်အားခွဲရုံတို့၏ ဖွင့်ပွဲအခမ်းအနားများကို ယနေ့တွင် အဆိုပါဓာတ်အားခွဲရုံများ၌ ကျင်းပသည်။**

အခမ်းအနားများသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဥက္ကဋ္ဌနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုက်ကြီးမြို့နယ်ရှိ 33/11 kV, 5MVA ဂျိုးဖြူဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကာ ခွဲရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုက်ကြီးမြို့နယ် ဥက္ကံမြို့ရှိ 33/11 kV, 5 MVA သိမ်ကုန်းဓာတ်အားခွဲရုံဖွင့်ပွဲ၌ အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေအသုံးပြု၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်ခဲ့သော ဓာတ်အားခွဲရုံ ၁၃ ရုံရှိရာ မြောက်ပိုင်းခရိုင်အတွင်း တည်ဆောက်ရန်ဖြစ်သော


*စာမျက်နှာ ၃ ကော်လံ ၁* ❑


ဂျိုးဖြူဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်ရှိန်တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်နှင့် ဂျိုးဖြူဓာတ်အားခွဲရုံကို တွေ့ရစဉ်။

**“ယခုကဲ့သို့ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ကျေးရွာပေါင်း ၁၂ ရွာ၊ အိမ်ထောင်စုပေါင်း ၈၀၀ ကျော်မှာ တည်ငြိမ်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားကို တိုးမြှင့်သုံးစွဲလာနိုင်မည်၊ ယနေ့အထိ မြောက်ပိုင်းခရိုင်အတွင်း 33/11 kV, 5 MVA ဓာတ်အားခွဲရုံသစ် စုစုပေါင်း ခြောက်ရုံကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့”**



# ပြည်ပနိုင်ငံများရောက် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ထိုင်ဝမ် (တရုတ်-တိုင်ပေ) ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၂၀ အပါအဝင် မြန်မာနိုင်ငံသား စုစုပေါင်း ၁၂၉ ဦးအား ဟောင်ကောင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ အစီအစဉ်ဖြင့် (၇) ကြိမ်မြောက်အဖြစ် China Airlines လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့


*စာမျက်နှာ ၃ ကော်လံ ၁* ✻


**ကိုဗစ်-၁၉ ကာကွယ်ဆေးကို စောစောရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် နီပေါနိုင်ငံက ကာကွယ်ဆေးထုတ်လုပ်သည့် နိုင်ငံများသို့ မေတ္တာရပ်ခံ**


စာ ၁၃




# တရားမဲ့မှုကို တရားမျှတသော တရားစီရင်ခြင်းဖြင့်

ရွေးကောက်ပွဲပြီးဆုံး၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က မဲစာရင်းရလဒ်များ ကြေညာပြီးသည့်နောက် ပြည်သူလူထုသည် ပြည်သူ့အစိုးရအဖွဲ့သစ်နှင့် နောက်ငါးနှစ်အတွက် အခြေခံမူဝါဒ လုပ်ငန်းစဉ်များကို မျှော်လင့်နေကြချိန်တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသော ဦးထိုက် ဇော် လုပ်ကြံခံရသည်ဟု သိရသည်။ ဦးထိုက်ဇော်မှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို ကိုယ်စားပြု၍ ရှမ်းပြည်နယ် အမျိုးသား လွှတ်တော်အမှတ်(၁) မဲဆန္ဒနယ်မှ မဲအနိုင်ရကာ ရွေးချယ်ခံရသူ ဖြစ်ပါသည်။ သူ၏နေအိမ်ရှေ့တွင် မသမာသူတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခြင်းကြောင့် ကွယ်လွန်ခဲ့ရခြင်းဖြစ်ပါသည်။

ဤလုပ်ကြံသတ်ဖြတ်မှု အဖြစ်အပျက်ကို ကြားသိရသည့်အခါ ပထမဆုံး ရင်တွင်းသို့ ရောက်ရှိလာသည့် ကောက်ချက်မှာ လွန်စွာ ကြမ်းတမ်းရက်စက်သော အကြမ်းဖက်မှု၊ လက်နက်အားကိုး နိုင့်ထက်စီးနင်းပြုမှု၊ သူရဲဘောကြောင်သော အဓမ္မမှု၊ ဒီမိုကရေစီ စနစ်ကို ခြိမ်းခြောက်မှုနှင့် ပြည်သူလူထုကို မထီမဲ့မြင်ပြု စော်ကား မှုဟု ဆိုရပါမည်။

ယခုလို လက်နက်ကိုင်ထားသူတစ်ဦးက လက်လွတ်စပယ် တရားမဲ့ ပစ်ခတ်သတ်ဖြတ်မှုကို မည်သည့်နည်းနှင့်မှ ဥပဒေက ခွင့်လွှတ်နိုင်စရာမရှိ။ တရားဥပဒေ၏ မှန်ကန်တိကျသော အစီအရင် အဆုံးအဖြတ်ကို ခံယူသင့်ပါသည်။ ဥပဒေဘက်တော်သားတို့ ဖွဲ့လုံ့လ ကြီးကြီးဖြင့် အမှုမှန်ဖော်ထုတ်ကာ မှန်ကန်သော တရားစီရင်ရေး စနစ်ဖြင့် အရေးယူခြင်းက လက်ငင်းတာဝန်တစ်ခုပင် ဖြစ်ပါသည်။

ယခု တရားမဲ့ လုပ်ကြံသတ်ဖြတ်ခြင်းသည် ပြည်သူ့ကိုယ်စား လှယ်တစ်ဦးကို လုပ်ကြံသတ်ဖြတ်ခြင်းဖြစ်သောကြောင့် ဒီမိုကရေစီ စနစ်ကိုပါ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခြင်းဟု ယူသော်ရပါမည်။ မည်သို့ပင်ဖြစ်စေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ဖြစ်စေ၊ အခြားပါတီတစ်ခုခုမှ ကိုယ်စားလှယ်ဖြစ်စေ၊ သာမန်ပြည်သူ တစ်ဦးပင်ဖြစ်စေ မသိကျိုးကျွန်ပြု၍ထားဖို့ မထိုက်သော အမှုဖြစ်ပါ သည်။ လူတစ်ဦးကို သေနတ်ဖြင့် သေသည်အထိ ပစ်ခတ်သတ်ဖြတ် သည့် လူသတ်မှု၊ သွေးအေးအေးဖြင့် ရက်စက်မှု ဖြစ်ပါသည်။

သည်လိုအမှုကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ခြင်း ဖြင့် လက်နက်မဲ့ ပြည်သူတစ်ဦးအပေါ် လက်နက်ကိုင်ထားသူတစ်ဦး က လက်နက်အားကိုးဖြင့် တရားမဲ့ပြုချင်သလို ပြုလို့မရနိုင်ကြောင်း ကို ဖော်ပြရန် လိုပါသည်။ မြန်မာနိုင်ငံသည် ဥပဒေမဲ့ပြုမှုကို မည်သည့် နည်းဖြင့်မှ လက်မခံသည့်နိုင်ငံ ဖြစ်ရပါမည်။

ယနေ့မြန်မာနိုင်ငံသည် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ထူထောင်ရန် ရုန်းကန်ကြိုးစားနေသည့် နိုင်ငံဖြစ်ပါသည်။ တိုင်းရင်း သားလူမျိုးစုံ၏ ပြည်ထောင်စုငြိမ်းချမ်းရေးကို တည်ဆောက်နေ သည့်နိုင်ငံ ဖြစ်ပါသည်။ နိုင်ငံသားတိုင်း တရားဥပဒေ၏ အရိပ် အောက်တွင် လုံခြုံအေးချမ်းစွာနေနိုင်ရန် အားထုတ်နေသည့် နိုင်ငံ ဖြစ်ပါသည်။

မည်သို့သော တရားမဲ့ပြုကျင့်မှုကိုမှ လက်မခံနိုင်ပါ။

မတရားပြုသူကို တရားမျှတစွာ စီရင်ခြင်းအားဖြင့် မတရားပြု ခံရသူနှင့် သူ၏ မိသားစုများကို လေးစားသမှုပြုရပါမည်။ မတရားမှု ပြုသူကို တရားမျှတစွာ စီရင်ဆုံးမခြင်းဖြင့် တရားမျှတသော မြန်မာ့ လူမှုအဖွဲ့အစည်းကို တည်ဆောက်ကြရပါမည်။ မတရားမှုပြုသူကို တရားမျှတစွာ စီရင်ဆုံးမခြင်းဖြင့် တရားမျှတသော လောကကို ထူထောင်ကြရပါမည်။

အကြမ်းဖက် လုပ်ကြံသတ်ဖြတ်ခြင်းခံရမှုကြောင့် ကွယ်လွန်ခဲ့ ရရှာသူ ဦးထိုက်ဇော်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းယူကျုံးမရ ဖြစ်ရပါကြောင်း။ ။

---

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု

အထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တုံ့ပြန်ဖို့ သီးသန့်ရန်ပုံငွေထားရှိလို့ အချက်အလက်ကောက်ယူစို့"

"Orange the World: Fund, Respond, Prevent, Collect!"

---

## နေပြည်တော်အတွင်းရှိ ဒေသခံတောင်သူများထံမှ မိုးစပါးများအား ဒေသပေါက်ဈေးဖြင့် ဝယ်ယူ



နေပြည်တော် နိုဝင်ဘာ ၂၂

ဆန်စပါးဈေးနှုန်း တည်ငြိမ်ရေး၊ တောင်သူလယ်သမားများ ဝင်ငွေ တိုးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ သမဝါယမအသင်း အဆင့်ဆင့်မှ ဆန်စပါး ဝယ်ယူ၊ သိုလှောင်၊ ကြိတ်ခွဲ ရောင်းချခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နေပြည်တော် အတွင်းရှိ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိမြို့နယ်များမှ အခြေခံ သမဝါယမအသင်းများနှင့် မြို့နယ် သမဝါယမအသင်းစုတို့က စပါးတင်း ၅၀၀၀ ကျော် ဝယ်ယူလျက်ရှိသည်။

အဆိုပါ စပါးများကို သိုလှောင် ကြိတ်ခွဲ၍ အရှုံးအမြတ်အတွက် မရည်ရွယ်သော No Profit No Loss မူအရ ထွက်ရှိလာသော ဆန်များကို ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်းရှိ အသင်းသားများ၊ ဒေသခံ ပြည်သူများအား ဖြန့်ဖြူးရောင်းချ ခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း နေပြည်တော်ကောင်စီ နယ်မြေ သမဝါယမဦးစီးဌာနမှ သိရ သည်။ **သီဟစည်သူ**

## သထုံခရိုင်အတွင်း သောက်သုံးရေရရှိရေးလုပ်ငန်းများနှင့် ကုန်ထုတ်လမ်း၊ တံတားများ ဆောင်ရွက်

သထုံ နိုဝင်ဘာ ၂၂

မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှု အောက် မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးနှင့် ထုတ်ကုန်/ ထွက်ကုန်များ လျင်မြန်ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ သောက်သုံးရေရရှိရေး လုပ်ငန်းများ၊ ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သထုံမြို့နယ်ကျေးလက်ဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရေပေး ရေးလုပ်ငန်းများအနေဖြင့် တွင်းတိမ်ရှစ်တွင်း၊ လက်တူးတွင်းတစ်တွင်း၊ အခြား ရေပေးရေးလုပ်ငန်းသုံးခုနှင့် ကုန်ထုတ်လမ်းလေးလမ်း၊ ကွန်ကရစ်တံတား လေးစင်း၊ ရေပြွန်တံတားနှစ်စင်း၊ ဝန်ထမ်းအိမ်ရာလေးခန်းတွဲသုံးထပ်ကို လည်းကောင်း၊ ကျိုက်ထိုမြို့နယ် ကျေးလက်ဦးစီးဌာနမှ ရေပေးရေးလုပ်ငန်းများ အနေဖြင့် လက်တူးတွင်းတစ်တွင်း၊ အခြားရေပေးရေးလုပ်ငန်းတစ်ခု၊ ကုန်ထုတ် လမ်းတစ်လမ်းကို လည်းကောင်း၊ ဘီးလင်းမြို့နယ် ကျေးလက်ဦးစီးဌာနမှ ရေပေးရေးလုပ်ငန်းများအနေဖြင့် တွင်းနက်ရှစ်တွင်း၊ တွင်းတိမ်နှစ်တွင်း၊ လက်တူးတွင်းတစ်တွင်း၊ စိမ့်စမ်းရေသွယ်လုပ်ငန်းတစ်ခု၊ အခြားရေပေးရေး လုပ်ငန်းတစ်ခုနှင့် ကုန်ထုတ်လမ်းခြောက်လမ်း၊ ကွန်ကရစ်တံတားသုံးစင်း၊ ရေပြွန်တံတားတစ်စင်းကို လည်းကောင်း၊ ပေါင်မြို့နယ်ကျေးလက်ဦးစီးဌာနမှ ရေပေးရေးလုပ်ငန်းများအနေဖြင့် တွင်းနက်သုံးတွင်း၊ မြေသားရေကန်ငါးကန်၊ အခြားရေပေးရေးလုပ်ငန်းနှစ်ခုနှင့် ကျေးလက်ကုန်ထုတ်လမ်းသုံးလမ်း၊ ကွန်ကရစ်တံတားငါးစင်းကို လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **မိုးဝင်း(ကျေးလက်)**

---

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ

# COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

- COVID-19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2- SARS-CoV-2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID-19 ရောဂါ ပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်း ရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS-CoV-2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည် ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂) ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာ တွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှ တစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။
- ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည် လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည် ဖြစ်ပါသည်။
- သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS-CoV-2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက် သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည် ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- အမျိုးသားသွေးဌာနမှ COVID-19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည် ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID-19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာ ရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
  - ၀၉-၅၁၃၀၄၁၈
  - ၀၉-၅၄၀၂၀၉၈
  - ၀၉-၉၆၅၁၃၀၄၁၈
  - www.donatebloodmyanmar.org

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ပြည်သူသာလျှင် အဓိက

❑ ရှေ့ဖုံးမှ

ဓာတ်အားခွဲရုံ ခြောက်ရုံအနက် မှော်ဘီမြို့နယ်တွင် 33/11 kV, 5 MVA ခွဲရုံများဖြစ်သည့် ရေကျော် ဓာတ်အားခွဲရုံနှင့် ဝါးနက်ချောင်း ဓာတ်အားခွဲရုံ နှစ်ရုံတို့ကိုလည်းကောင်း၊ ထန်းတပင်မြို့နယ်အတွင်း 33/11 kV, 5 MVA ခွဲရုံများဖြစ်သည့် ကျူတော ဓာတ်အားခွဲရုံနှင့် တက်သစ်ကျွန်း ဓာတ်အားခွဲရုံတို့ကိုလည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ယနေ့တွင် တိုက်ကြီးမြို့နယ်ရှိ 33/11 kV, 5 MVA ဂျိုးဖြူ ခွဲရုံအား ဖွင့်လှစ်ပေးခဲ့ပြီး၊ ယခု အခါ 33/11 kV, 5 MVA သိမ်ကုန်းခွဲရုံအား ဖွင့်လှစ်ပေးခြင်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ကျေးရွာပေါင်း ၁၂ ရွာ၊ အိမ်ထောင် စုပေါင်း ၈၀၀ ကျော်မှာ တည်ငြိမ်ပြည့်ဝသည့် လျှပ်စစ် ဓာတ်အားကို တိုးမြှင့်သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း၊ ယနေ့အထိ မြောက်ပိုင်းခရိုင်အတွင်း 33/11 kV, 5 MVA ဓာတ်အားခွဲရုံသစ် စုစုပေါင်း ခြောက်ရုံကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့ ပူးပေါင်းပြီး မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့် ပြည်သူများနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ဓာတ်အားပေးခွဲရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများသို့ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများ အားလုံး (၁၀၀ ရာခိုင်နှုန်း) အထိ လျှပ်စစ်ဓာတ်အား ရရှိအောင် ရည်မှန်းချက်ထား စီမံဆောင်ရွက်လျက်ရှိကြောင်း၊ သို့ပါ၍ လျှပ်စစ်မီး ထပ်မံရရှိသွားသည့် ပြည်သူများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအစစ ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလွင်စိုးမင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် သိမ်ကုန်းဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာ မော်ကွန်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလွင်စိုးမင်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကာ ခွဲရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ရှိ 33/11 kV, 5 MVA သိမ်ကုန်းဓာတ်အားခွဲရုံဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။



China Airlines လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။

❋ ရှေ့ဖုံးမှ

အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား မြန်မာသံရုံး ဆိုးလ်မြို့နှင့် မြန်မာပင်လယ်ရေကြောင်းအလုပ်သမားများ အဖွဲ့ချုပ် (MMWF) တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေ ချောမွေ့စွာပြန်လည် ရောက်ရှိခဲ့ကြသည်။ အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၈၂ ဦး၊ ဒိုဟာမှ ၁၅ ဦး၊ ယူအေအီးမှ နှစ်ဦး၊ တရုတ် (တိုင်ပေ) မှ တစ်ဦး၊ အီဂျစ်မှ ခြောက်ဦး၊ တူရကီမှ သုံးဦး၊ မြန်မာသင်္ဘောသား စုစုပေါင်း ၁၀၉ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ/ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ချောင်းဦးမြို့နယ် ကျော်ဇေယျာ နှီးလက်မှုကုန်ထုတ်သမဝါယမအသင်းမှ အိမ်သုံးနှီးပစ္စည်းအမျိုးမျိုး ရက်လုပ်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကျော်ဇေယျာ နှီးလက်မှုကုန်ထုတ်သမဝါယမအသင်းမှ EXIM Bank ပံ့ပိုးချေးငွေကျပ် ၇၁၄ သိန်းရယူ၍ အသင်းသား ၂၅၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၂၈၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးခဲ့ပြီး ကျေးရွာကုန်ထုတ်လုပ်ငန်းဖြစ်သည့် နှီးလက်မှုလုပ်ငန်းဖြစ်သော ယပ်တောင်၊ ဆန်ကော၊ ဆန်ခါခုံး၊ တင်းတောင်း၊ ခွဲတောင်းနှင့် တောင်း အမျိုးမျိုးရက်လုပ်လျက်ရှိရာ ကိုဗစ်-၁၉ ကာလအတွင်း မိသားစုတစ်ပိုင်တစ်နိုင်ဝင်ငွေရရှိပြီး တစ်ဦးလျှင် တစ်လပုံမှန်ဝင်ငွေကျပ် ၁၇၀၀၀၀ ခန့်ရရှိ၍ အသင်းသားများ၏ လူမှုရေး၊ စားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## လှည်းကူးမြို့နယ် ငွေလှည်းကူး လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်းမှ ရိတ်သိမ်း၊ ထွန်ယက်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငွေလှည်းကူးလယ်ယာဝန်ဆောင်မှု သမဝါယမအသင်းမှ အသင်းသားပိုင် ရိတ်သိမ်းခြွေလှေ့စက် တစ်စီး၊ ထွန်စက် သုံးစီးတို့ဖြင့် လယ်ယာမြေများကို ဒေသပေါက်ဈေးထက် သက်သာသော နှုန်းထားများဖြင့် ရိတ်သိမ်း၊ ထွန်ယက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဗိုက်ကြီးကျေးရွာ၊ လက်ပံကျေးရွာ၊ ကျန့်ကုန်းကျေးရွာများရှိ စုစုပေါင်း လယ်မြေဧက ၁၅၀ ကို တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ရိတ်သိမ်းပေးခဲ့သည်။ ထို့ပြင် ဆောင်းသီးနှံများ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် မြေတစ်လွှာလျှင် ငွေကျပ် ၁၇၀၀၀ နှုန်းဖြင့် ဧကပေါင်း ၂၀၀ ကျော်ကို ထွန်ယက်ပေးခဲ့ပြီး သီးနှံများ အချိန်မီ ရိတ်သိမ်းထွန်ယက်စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများသီးနှံအထွက်တိုး၍ ဝင်ငွေများတိုးပွားလာသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၂၂

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန် အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ညအပူချိန်များအနည်းငယ် တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် ကျောင်းကုန်းမြို့ ကိုဗစ်-၁၉ ရောဂါစစ်ဆေးရေးဂိတ်၌ ထောက်ပံ့ငွေများပေးအပ်

**ကျောင်းကုန်း နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်သည် တိုင်းဒေသကြီး အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များအား အလေးထားဆောင်ရွက်လျက်ရှိပြီး ပုသိမ်ခရိုင် ကျောင်းကုန်း မြို့ထိပ်သို့ ယနေ့နံနက် ၈ နာရီတွင် ရောက်ရှိကာ မြို့အဝင်/အထွက် စစ်ဆေးရေး ဂိတ်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဂျွမိုးမြတ်မြတ်သူ၊ တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စစ်ဆေးရေး ဂိတ်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားပေးစကားပြောကြားပြီး စစ်ဆေးရေးဂိတ်များတွင် လိုအပ်သည်များ သုံးစွဲရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ထောက်ပံ့ငွေကျပ် ငါးသိန်းကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့သည် မြို့နယ်တိုင်းတွင် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေး ဂိတ်များ ဖွင့်လှစ်ထားရှိပြီး အဆိုပါစစ်ဆေးရေး ဂိတ်များတွင် လိုအပ်သည့်နေရာ၌ သုံးစွဲရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျန်းမာရေး သုံးအထောက်အကူပြုပစ္စည်းများ ပြည့်ဝစွာ ထောက်ပံ့ပေးအပ်ထားရှိကာ ယခုအခါတွင်လည်း မြို့နယ် ၂၆ မြို့နယ်အား တစ်မြို့နယ်လျှင် ငွေကျပ် ငါးသိန်း နှုန်းစီဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင် (ပြန်/ဆက်)**




# ကမ္ဘောဇဘဏ်က ရှားနှင့် မြို့ကြီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း



**တောင်ကြီး နိုဝင်ဘာ ၂၂**

ကမ္ဘောဇဘဏ်သည် နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လတ်တလော ပိုးတွေ့လူနာများသည့် ပြည်သူ့ဆေးရုံကြီးများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် အလှူငွေများကို စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှားမြို့နှင့် မြို့ကြီးမြို့ရှိ ပြည်သူ့ဆေးရုံကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

လှူဒါန်းပွဲတွင် ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများက ရှားမြို့နှင့် မြို့ကြီးမြို့ ပြည်သူ့ဆေးရုံများရှိ ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆေးရုံသုံးနှာခေါင်းစည်း ၄၀၀၀၀၊ ခေါင်းစွပ် ၂၀၀၀၊ လက်အိတ် ၃၀၀၀၊ မျက်နှာအကာ ၂၀၀၀၊ လက်သန့်ဆေးရည် ဘူးကြီး ၂၄၀ နှင့် ဆေးရုံကြီးများအတွက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလ အထွေထွေ အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀ စီတို့ကို ရှားမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပေးအပ်လှူဒါန်းရာ ရှားမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်း နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး တို့က လက်ခံရယူကြပြီး **(ဝဲပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ်သိန်းပေါင်း ၈၄,၄၀၄ သိန်း လှူဒါန်းထားပြီးဆက်လက်၍ နိုင်ငံတော်နှင့်ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး လိုအပ်သည့်အချိန် လိုအပ်သည့်နေရာ လိုအပ်သည်များကို အချိန်နှင့် တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းရန် စီစဉ်ထားရှိကြောင်း သိရသည်။

**ကိုကျော်**

# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ကဗျာပြိုင်ပွဲ ဆုရွေးချယ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ကဗျာ ပြိုင်ပွဲအား ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ကျင်းပခဲ့သည်။

အဆိုပါကဗျာပြိုင်ပွဲကို ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းအစဉ်အလာကြီးမားခဲ့မှုများ၊ နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကြီးအဖြစ် တည်ရှိခဲ့မှုများနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့်အညီ ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနေမှုများ၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော တက္ကသိုလ်ကြီးတစ်ခု ပေါ်ပေါက်လာစေရန်နှင့် လူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးကို အကျိုးပြုနိုင်သော စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာရန် ကြိုးပမ်းဆောင်ရွက်နေမှုများ စသည်တို့ကို ဖော်ညွှန်းရေးသားပါဝင်ယှဉ်ပြိုင်ကြရန် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ ဖိတ်ခေါ်ခဲ့ပြီး ပါဝင်ယှဉ်ပြိုင်သူဦးရေ ၁၁၈ ဦးက ပြိုင်ပွဲဝင်ကဗျာ အပုဒ်ပေါင်း ၁၂၈ ပုဒ်ကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်ကဗျာများကို စိစစ်အကဲဖြတ်ရွေးချယ်ခြင်းအား နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး ကဗျာပညာရှင်များက ပြိုင်ပွဲဝင် စည်းကမ်းသတ်မှတ် ချက်များနှင့်အညီ အကဲဖြတ်စိစစ်ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု ငါးဆုတို့ကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**






အိမ်တွင်းအကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ။






# ကယားပြည်နယ် ဖရူဆိုမြို့နယ် ဒိုမိုခိုကျေးရွာနှင့် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် ဘီသူ(အထက်)ကျေးရွာဆက်သွယ်သည့် ပြည်နယ်ချင်းဆက်လမ်း ဖောက်လုပ်လျက်ရှိ

**ဖရူဆို နိုဝင်ဘာ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍကို အဓိကထား ဦးစားပေးဆောင်ရွက်ပေးလျက်ရှိရာ ကယားပြည်နယ် ဖရူဆိုမြို့နယ် အနောက်ဘက်ခြမ်း ဟိုယာကျေးရွာအုပ်စု ဒိုမိုခိုကျေးရွာနှင့် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် ဘီသူ(အထက်) ကျေးရွာတို့ဆက်သွယ်သည့် ပြည်နယ်ချင်းဆက်လမ်း ဖောက်လုပ်လျက်ရှိသည်။



**ကွင်းဆင်းစစ်ဆေးပြီးဖြစ်**

အဆိုပါ ပြည်နယ်ချင်းဆက်လမ်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေကျပ် ၂၀၃ ဒသမ ၂၆၇ သန်းဖြင့် ၅ မိုင် ၄ ဖာလုံ မြေလမ်းချဲ့ခြင်း၊ ရေနုတ်မြောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် လိုအပ်သော (၄x၄x၂၆) ပေ ရေပြွန်တံတား ၁၁ စင်း တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီးဖြစ်ကြောင်း ကယားပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူထံမှ သိရသည်။

**ထပ်မံအဆင့်မြှင့်တင်**

ယင်း ပြည်နယ်ချင်းဆက်လမ်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်နယ်) ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် မြေလမ်းဖြစ်ပြီး မိုးရွာသွန်းမှုများသော ဒေသဖြစ်၍ မြေပြိုလမ်းပိတ်မှုဖြစ်ကာ တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သွားလာ၍မရတော့သဖြင့် ထပ်မံအဆင့်မြှင့်တင် ဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ ယင်းလမ်း ဆောင်ရွက်ပြီးစီးပါက ကယားပြည်နယ်အတွင်း ဖရူဆိုမြို့နယ်၊ ဒီးမော့ဆိုမြို့နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်ရှိ ကျေးရွာနေ ပြည်သူများ တစ်ရွာနှင့်တစ်ရွာ အလွယ်တကူ သွားလာနိုင်မည့်အပြင် ကုန်ထုတ်လမ်းသဖွယ် အသုံးပြုနိုင်မည်ဖြစ်သည်။

လမ်းလုပ်ငန်း ဆောင်ရွက်ပြီးပါက ဌာနေကယားတိုင်းရင်းသားလူမျိုးစုတစ်ခုဖြစ်သည့် ပြည်နယ်နှစ်ခုအတွင်း ပျံ့နှံ့နေထိုင်လျက်ရှိသည့် ကယောလူမျိုးစုများ၏ ဆွေမျိုးများ အလွယ်တကူ ကူးလူးဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အပြင် ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်းနှင့် ဒေသထွက်ကုန် ရောင်းဝယ်ဖောက်ကားမှုများ လွယ်ကူစွာပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း ဒေသခံတိုင်းရင်းသားများထံမှ သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

---

## မုံရွာမြို့နယ်စာရေးဆရာအသင်းက အသက်(၈၀)နှစ်နှင့်အထက် သက်ကြီးစာပေပညာရှင်ကန်တော့ပွဲ ကျင်းပမည်

**မုံရွာ နိုဝင်ဘာ ၂၂**

မုံရွာမြို့နယ် စာရေးဆရာအသင်းက လာမည့် နတ်တော်လဆန်း ၁ ရက် (ဒီဇင်ဘာ ၁၅) ရက်တွင် အသက် (၈၀) နှစ်နှင့်အထက် ပထမအကြိမ်သက်ကြီးစာပေပညာရှင်များအား ကန်တော့ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ် စာရေးဆရာအသင်း အလုပ်အမှုဆောင် ကော်မတီဝင်အသစ် နိုဝင်ဘာ ၂၂ ရက်က ကျင်းပသော ပထမဆုံးအစည်းအဝေးတွင် ပထမအကြိမ် သက်ကြီးစာပေပညာရှင် ခုနစ်ဦးပူဇော်ကန်တော့ပွဲကို ကျင်းပရန် အတည်ပြုဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။

''မုံရွာရဲ့စာပေသမိုင်း ထိန်းသိမ်းဖို့ရယ်၊ တိုးတက်ဖို့ထက် အခုအခြေအနေကနေ မလျော့အောင် ဆောင်ရွက်ကြဖို့က အလုပ်အမှုဆောင်တွေရဲ့ တာဝန်လို့ ခံယူပါတယ်။ အဲဒါကြောင့် မုံရွာမြို့နယ် စာရေးဆရာအသင်းရဲ့ ပထမခြေလှမ်းအဖြစ် သက်ကြီးစာပေပညာရှင်ကန်တော့ပွဲကျင်းပဖို့ စီစဉ်ဖြစ်တာပါ''ဟု မုံရွာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးညွန့်စိုး (ရွှေရည်စိုး)က ပြောသည်။

သက်ကြီးစာပေပညာရှင် ပူဇော်ပွဲအတွက် ထည့်ဝင်လှူဒါန်းလိုသူများ အနေဖြင့် ဒီဇင်ဘာ ၁၀ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးညွန့်စိုး ဖုန်း ၀၉-၅၃၆၃၁၄၀နှင့် ဘဏ္ဍာရေးမှူး ဆရာထူးအောင်ဝင့် ဖုန်း-၀၉ ၄၀၀၃၀၈၄၄၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

---

## မော်လမြိုင်ကျွန်းမြို့နယ်ရှိ စားသောက်ဆိုင်များအား စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရေး လိုက်လံစစ်ဆေး

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၂**

လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ စားသောက်ဆိုင်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားသည့် စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များကို ဆိုင်ထိုင်ရောင်းချခွင့်ပြု ပေးမည်ဖြစ်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားမှု ရှိ/မရှိကို တာဝန်ရှိသူများက ယနေ့ နံနက် ၁၀ နာရီမှ စတင် ကွင်းဆင်းစစ်ဆေးသည်။ **(အောက်ပုံ)**

ထိုသို့စစ်ဆေးရာတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသက်နိုင်ထွေး ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သည့် အဖွဲ့သုံးဖွဲ့က မြို့နယ်အတွင်းရှိ မြို့မဈေး၊ အောင်သာယာဈေး၊ ဗိုလ်ချုပ်ဈေးများ၊ အိမ်ဆိုင်များ၊ မြို့ပေါ်ရှိ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များကို ကွင်းဆင်းစစ်ဆေးပြီး ဆိုင်ရှင်များနှင့် ဆိုင်တာဝန်ခံများအား စားသောက်ဆိုင်များတွင် ပြင်ဆင်ထားရမည့်အချက်များ၊ စားသောက်ဆိုင်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် အထူးဂရုပြု ဆောင်ရွက်ရမည့် သန့်ရှင်းရေးလုပ်ငန်းများ အစရှိသည့်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် လိုက်နာရမည့်အချက်များကို ရှင်းလင်းဆွေးနွေးကာ သိရှိကြောင်း လက်မှတ်ရေးထိုးစေခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။



**သီတာအောင်(ပြန်/ဆက်)**

---

## ရေတာရှည်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေ တတိယအကြိမ် ထုတ်ချေး

**ရေတာရှည် နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်မတည်ငွေရင်း ကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာပေါင်း ၅၁ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

“အခု ဆွာမင်းကျေးရွာဆိုရင် တတိယအကြိမ်မြောက် ချေးငွေထုတ်ပေးတာပါ။ လူဦးရေ ၁၃၈ ဦး၊ ထုတ်ချေးငွေ ၃၆၂ သိန်းရှိပါတယ်။ ငွေချေးတဲ့အခါမှာ ပြန်ပေးဆပ်နိုင်တဲ့ အခြေအနေပေါ်မူတည်ပြီးတော့ အိမ်ထောင်စုတစ်စုကို ငွေကျပ်တစ်သိန်းကနေ သုံးသိန်းအထိ ချေးပေးတာဖြစ်ပါတယ်”ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွှန့်က ပြောသည်။

ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ရရှိနိုင်သည့်အားလျော်စွာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းများကို တိုးချဲ့နိုင်ခြင်း၊ ရရှိလာသောအတိုးရရှိငွေများကို ဘဏ်တွင် စုဆောင်း၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အသုံးပြုနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

---

## ကုန်သည်/စက်မှုအသင်းချုပ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး Virtual Meeting ပုံစံဖြင့် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (၂၉) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် Virtual Meeting ပုံစံဖြင့်ကျင်းပမည်ဖြစ်သည် ။

အသင်းသားများ ပါဝင်တက်ရောက်ကြရန်နှင့် ဆွေးနွေးအကြံပြုချက်များကို ကုန်သည်/စက်မှုအသင်းချုပ် အသင်းသားရေးရာဌာနသို့ ဒီဇင်ဘာ ၁၀ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို အသင်းသားများထံ အီးမေးလ်ဖြင့် ပေးပို့သွားမည်ဖြစ်သည်။ အစီရင်ခံစာ စီဒီခွေကို ကုန်သည်/စက်မှုအသင်းချုပ် အသင်းသားရေးရာဌာနတွင် သွားရောက်ထုတ်ယူနိုင်သည်။

နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ ပါဝင်တက်ရောက်နိုင်ရန်အတွက် Online Registration ဖြင့် www. umfcci. com .mm နှင့် Face-book UMFCCI-Union of Myanmar Federation of Chambers of Commerce and Industry တို့တွင် ကြိုတင်စာရင်းပေးရမည်ဖြစ်ပြီး Meeting Link, Meeting ID နှင့် Passcode များကို ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

---

## ဘားအံခရိုင်အတွင်း မြစိမ်းရောင် (ငါးကဏ္ဍ) စီမံကိန်း ကျေးရွာများ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၂၂**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ပန်းကုန်းကျေးရွာနှင့် ဝဲပျံကျေးရွာ မြစိမ်းရောင် (ငါးကဏ္ဍ) စီမံကိန်းအား ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် စီမံကိန်းကာလ လေးနှစ် ပြည့်မြောက်ခဲ့ပြီး ပန်းကုန်းကျေးရွာမှ အတိုးရငွေကျပ် ၁၉၀ ဒသမ ၁၆ သိန်းနှင့် ဝဲပျံကျေးရွာမှ အတိုးရ ငွေကျပ် ၁၄၀ ဒသမ ၁၆ သိန်း ရရှိခဲ့သည်။

အဆိုပါ အတိုးရငွေများ၏ ၅၀ ရာခိုင်နှုန်းနှင့် ကျေးရွာပြည်သူများထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် ပန်းကုန်းကျေးရွာ၌ ၄၀၀ ဗို့လိုင်းပေ ၂၀၄၀ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းနှင့်၊ ဝဲပျံကျေးရွာ၌ မီးသင်္ဂြိုဟ်စက် ဆောက်လုပ်ခြင်းလုပ်ငန်းတို့အား ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ ယနေ့တွင် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခမ်းအနားကျင်းပခဲ့ရာ အခမ်းအနားသို့ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်အေးအေး ဇော်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြစိမ်းရောင် ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

### အင်အားအနည်းငယ်ရှိ မြေလျင်လှုပ်

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုဝင်ဘာ ၂၂ ရက် မြန်မာစံတော်ချိန် ၀၆ နာရီ ၄၅ မိနစ် ၂၆ စက္ကန့်တွင် မန္တလေးမြေလျင်စခန်းမှ အရှေ့မြောက်ဘက် ၄၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ အရှေ့တောင်ဘက် ၃၇ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၅၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၄၅ဒီဂရီ၊ အနက် ငါးကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# ရန်ကုန်တက္ကသိုလ်ကျောင်းတော်သား ကျွန်တော်

## စိန်ဝင်း

**ယခုနှစ် ရာပြည့်ပွဲတော်ကျင်းပလျက်ရှိသည့် ရန်ကုန်တက္ကသိုလ်ကြီးတွင် ကျွန်တော်သည် ကျောင်းသားနှစ်ကြိမ်ဖြစ်ဖူးပါ၏။ ပထမအကြိမ်မှာ ၁၉၇၂ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိဖြစ်ပြီး ဒုတိယတစ်ကြိမ်မှာ ၁၉၈၇ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ် အထိဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၏ စိန်ရတုကာလ ကျောင်းသားဖြစ်ခဲ့ပြီး ယင်းကာလနှင့်ပတ်သက်၍ ရေးသားမှုများစွာ မတွေ့ရသောကြောင့် ကျွန်တော်တို့ကာလ အတွေ့အကြုံများကို ပြန်လည်မျှဝေလိုစိတ် ဖြစ်ပေါ်မိပါသည်။**



ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကို ပြုပြင်မွမ်းမံမှုများအပြီး တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကျွန်တော်သည် ၁၉၇၂ ခုနှစ်၊ မတ်လတွင်ကျင်းပသော အခြေခံပညာအထက်တန်းစာမေးပွဲကို မေမြို့(ယခု-ပြင်ဦးလွင်)မှ ဖြေဆိုအောင်မြင်ခဲ့ပါသည်။ ဆေးတက္ကသိုလ်တက်ရန် အမှတ်မီသော်လည်း မိဘများမှာ ငွေကြေးဖူလုံသူများ မဟုတ်သဖြင့် ဆေးတက္ကသိုလ်တက်ရန်ထောက်ပံ့မည့်သူ နှစ်ဦးရှိသည့်ကြားမှ ရန်ကုန်တက္ကသိုလ်တက်လိုသဖြင့် အခြေခံသိပ္ပံပညာချွန်ဆု လျှောက်ထားခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ် တက်လိုရခြင်းမှာ တက္ကသိုလ်ဘုန်းနိုင်၏ စာပေသြဇာကြောင့်ဟု ဆိုနိုင်ပါသည်။ ဒုတိယတန်း အတန်းတင်စာမေးပွဲအပြီး နွေကျောင်းပိတ်ရက်တွင် တက္ကသိုလ်ဘုန်းနိုင်၏ "မိုးညအိပ်မက်မြူ" ကို စတင်ဖတ်ရှုမိပါသည်။ အိန္ဒိယ-မြန်မာနယ်စပ်သို့ မြေတိုင်းထွက်ရသော လူပျိုဦးလေး မြေတိုင်းစာရေးတစ်ဦး၏ ပစ္စည်းများ ကျွန်တော်တို့အိမ် လာထားရာမှ တက္ကသိုလ်ဘုန်းနိုင်၏ဝတ္ထု အထပ်လိုက်ပါရှိလာခြင်းဖြစ်သည်။ စာဖတ်တတ်ခါစဖြစ်၍ "မောင်ညိုမှိုင်း" ကို စွဲသွားပါတော့သည်။ ထိုမှစ၍ တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုအမြောက်အမြားဖတ်ရှုမိခဲ့ရာ ဆရာ၏ ဝတ္ထုနောက်ခံ အများစုတွင် တက္ကသိုလ်နယ်မြေပါဝင်ပြီး ဇာတ်လိုက်အများစုမှာ တက္ကသိုလ်ဆရာဖြစ်သောကြောင့် တက္ကသိုလ်ဆရာဖြစ်လို၊ ရန်ကုန်တက္ကသိုလ်တက်လိုရခြင်းဖြစ်သည်။

### ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိလာခြင်း

ထိုစဉ်က အခြေခံသိပ္ပံပညာချွန်ဆုအဖြစ် သင်္ချာ၊ ရူပဗေဒနှင့် ဓာတုဗေဒဘာသာရပ်သုံးခုကို ချီးမြှင့်ပြီး သတ်မှတ်ချက်မှာ ယင်းသုံးဘာသာ ဂုဏ်ထူးရရှိရမည့်အပြင် အဓိကယူမည့် ဘာသာရပ်၌ အမှတ် ၉၀ ကျော်လွန်ရမည်ဖြစ်သည်။ ကျွန်တော်က လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီး သင်္ချာနှင့် ရူပဗေဒဘာသာရပ်တို့၌ အမှတ် ၉၀ ကျော်သောကြောင့် အခြေခံသိပ္ပံပညာချွန်ဆု(သင်္ချာ)နှင့် (ရူပဗေဒ) တို့ကို ပထမနှင့် ဒုတိယဦးစားပေးအဖြစ် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားခဲ့ပါသည်။ တက္ကသိုလ်ဝင်ခွင့်အကြောင်းပြန်ကြားရာတွင် သင်္ချာဘာသာရပ်ဖြင့် တက်ရောက်ခွင့်ရရှိခဲ့ပါသည်။ သင်္ချာလူရည်ချွန်ရရှိသူများလည်း ဤဆုကိုလျှောက်ထားနိုင်ရာ ကျွန်တော်၏ သူငယ်ချင်းများဖြစ်ကြသော ဗိုလ်မှူးဇော်ဝင်းနိုင် (ကျောက်မျက်ပြတိုက်-ငြိမ်း)နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူတို့နှစ်ဦးမှာ သင်္ချာလူရည်ချွန်များလည်း ဖြစ်ကြပါသည်။

ထိုစဉ်က ပညာသင်ထောက်ပံ့ကြေး(စတိုင်ပင်)မှာ ၇၅ ကျပ်ဖြစ်ပြီး အခြေခံသိပ္ပံပညာချွန်ဆု(စကောလားရှစ်)မှာ ၁၀၀ ကျပ်ဖြစ်ပါသည်။ အစိုးရဝန်ထမ်း အနိမ့်ဆုံးလစာမှာ ၈၂ ကျပ်ဖြစ်သဖြင့် ပညာချွန်ဆု ၁၀၀ ကျပ်မှာ မက်မောလောက်ဖွယ်ဟု ဆိုနိုင်ပါသည်။ ထို့အပြင် ကျောင်းပိတ်ရက်များအပါအဝင် တစ်နှစ်ပတ်လုံး ချီးမြှင့်သဖြင့် စာမေးပွဲအောင်မြင်ပါက တစ်နှစ်လျှင် ကျပ် ၁၂၀၀ ရရှိပါသည်။ မဟာသိပ္ပံတန်းတက်ရောက်လျှင် တစ်လ ၁၂၅ ကျပ်နှုန်း ချီးမြှင့်ပါသည်။ ကျောင်းလခမှာ တစ်လလျှင် ၁၅ ကျပ်ဖြစ်ပြီး နှစ်လတစ်ကြိမ် ပေးသွင်းရကာ အဆောင်ကြေးမှာ ၅၇ ကျပ်ဖြစ်ပြီး လစဉ်ပေးသွင်းရပါသည်။ ကျောင်းလခ/ အဆောင်ကြေးများ အကြွေးကျန်ပါက အောင်စာရင်းထုတ်မပေးပါ။ အချို့သော ကျောင်းသားများမှာ အောင်စာရင်းထွက်ချိန် ပါမလာသဖြင့် အကြွေးများသွင်းပြီးမှသာ အောင်စာရင်းထုတ်ပေးခြင်းများ ရှိခဲ့ပါသည်။ အဆောင်ကြေး ၅၇ ကျပ်တွင် အဆောင်ခ (မီး/ရေအပါအဝင်) သက်သက်မှာ ၁၄ ကျပ်ဖြစ်ပြီး စားသောက်စရိတ်မှာ ၄၃ ကျပ်ဖြစ်သည်။ တစ်နှစ်တွင် အခါကြီးရက်ကြီး သုံးကြိမ်ခန့် အဆောင်ပိတ်ပါသည်။ အဆောင်ပိတ်ရက်တွင် ထမင်းမကျွေးဘဲ တစ်ကျပ်လေးဆယ်ပြား ပြန်ထုတ်ပေးပါသည်။ ထိုကာလက ထမင်းအဝစား နှစ်ကျပ်ခန့်ဖြစ်နေသဖြင့် ပြန်အမ်းငွေဖြင့် ထမင်းမစားလောက်ပါ။ အဆောင်ရှေ့တွင် လာရောင်းသော ဝက်သားလိပ် ငါးမုန့်ဖိုး (ပြားငါးဆယ်)၊ "ဦးချစ်" ဆိုင်အနီး ညဈေးတန်းတွင်ရောင်းသော ကြာဆံကြော် ငါးမုန့်ဖိုးစား၍ အဆာဖြေရပါသည်။ နောက်ပိုင်းတွင် ရင်းနှီးကျွမ်းဝင်လာပြီဖြစ်သော ရန်ကုန်တွင် အမျိုးရှိသည့် သူငယ်ချင်းများ၏ အိမ်များရှိရာ လမ်းမတော်ကိုင်းတန်းလမ်း(သို့မဟုတ်) သုဝဏ္ဏကောက်လျှင်လမ်းတို့သို့ အလည်လိုက်ပါ ထမင်းစားရပါတော့သည်။ ထမင်းအကြိမ်ကြိမ်စားရသဖြင့် သူငယ်ချင်းများ၏ အမျိုးများမှာလည်း ယခုအချိန်အထိ ကျွန်တော်၏အမျိုးအရင်းကဲ့သို့ ဖြစ်လာပါတော့သည်။ မြိန်ရာဟင်းကောင်း၊ ခင်ရာ ဆွေမျိုးပါပေ။

### တက္ကသိုလ်ကျောင်းဖော် သူငယ်ချင်းများ

ကျွန်တော်တို့မှာ အခြေခံသိပ္ပံပညာချွန်ဆုရ စတုတ္ထအသုတ်ဖြစ်ပြီး ပထမဆုံးအသုတ်မှ ကိုတင်အောင်လွင် (အမေရိကန်ပြည်ထောင်စု)၊ ကိုမောင်မောင်စိုး(ကထိက-ငြိမ်း)၊ ကိုဝင်းနိုင် (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်) (ကွယ်လွန်)တို့မှာ ထင်ရှားပါသည်။ ပထမအသုတ် လေးယောက်အနက် ကျန်တစ်ဦးဖြစ်သော ကိုကျော်နိုင်(လက်ရှိအမျိုးသားလွှတ်တော် ကိုယ်စားလှယ်) မှာ နေ့ကျောင်းသားအဖြစ် ကျောင်းတက်သဖြင့် ကျွန်တော်တို့နှင့် ရင်းနှီးမှုနည်းပါသည်။

ဒုတိယအသုတ်မှ ကိုဇော်ဝင်း(ရန်ကုန်တက္ကသိုလ်သင်္ချာပါမောက္ခ-ငြိမ်း၊ ဒေါက်တာဇော်ဝင်း)၊ ကိုသန့်စင်မောင် (ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး)၊ ကိုစောဝင်းမောင်(ဒေါက်တာစောဝင်းမောင်-ငြိမ်း)တို့မှာ ထင်ရှားပါသည်။

*စာမျက်နှာ ၇ သို့*



### စာရေးသူ၏ အတ္ထုပ္ပတ္တိ အကျဉ်း

- အမည်ရင်းမှာ စိန်ဝင်း ဖြစ်သည်။
- မွေးသက္ကရာဇ်မှာ ၂၄-၇-၁၉၅၆ ဖြစ်သည်။
- ပြင်ဦးလွင်မြို့ ဇာတိဖြစ်သည်။
- ရန်ကုန်တက္ကသိုလ်သို့ ၁၉၇၂ ခုနှစ်တွင် တက်ရောက်ပြီး ၁၉၇၇ ခုနှစ်တွင် သိပ္ပံဘွဲ့(သင်္ချာ) ရရှိခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် တွက်ချက်ရေးဒီပလိုမာနှင့် ၂၀၀၃ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (ကာကွယ်ရေး) ရရှိခဲ့သည်။
- ၁၉၇၈ ခုနှစ်မှ ယနေ့အထိ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး လက်ရှိဒုတိယဗိုလ်ချုပ်ကြီးအဆင့်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်လျက်ရှိသည်။



တက္ကသိုလ် ကျောင်းတော်သူ ကျောင်းတော်သားများ ခြေရာချင်းထပ်ခဲ့ရာ အင်းလျားကန်သာ။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)




ယခင်က ဦးချစ် လက်ဖက်ရည်ဆိုင် ရှိခဲ့ရာနေရာ။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



စာရေးသူ ပထမအကြိမ် တက္ကသိုလ်ကျောင်းသားဘဝ နေထိုင်ခဲ့ရာ ပင်းယဆောင်။ ဓာတ်ပုံ-ထင်ပေါ်ဝင်း



ရန်ကုန်တက္ကသိုလ် ကျောင်းဝင်းအတွင်းက အင်းလျားဆောင်။ ဓာတ်ပုံ-ထင်ပေါ်ဝင်း

*စာမျက်နှာ ၆ မှ*

ဒုတိယအသုတ်ခြောက်ဦးတွင် ကိုတိုင်းအေး၊ ကိုဝင်းကိုနှင့် ကိုထွန်းလင်းတို့လည်း ပါဝင်ပါသည်။

တတိယအသုတ် ၁၁ ဦးတွင် မရီမြင့် (ဒေါက်တာ ဒေါ်ရီမြင့်၊ သင်္ချာပါမောက္ခ-ငြိမ်း)၊ ကိုယဉ်ဝင်းမောင် (ပါမောက္ခချုပ်-ငြိမ်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ်)၊ ကိုရဲမြင့် (သင်္ချာပါမောက္ခ-ငြိမ်း)၊ ကိုတိုးအောင် (သင်္ချာပါမောက္ခ-ငြိမ်း)၊ ကိုမျိုးချစ်(ကြီး) (တွဲဖက်ပါမောက္ခ-ငြိမ်း)၊ မကြည်ကြည်မြင့် (တွဲဖက်ပါမောက္ခ-ငြိမ်း)တို့ ထင်ရှားပါသည်။ ကိုကျော်ဌေး(ကလေး)၊ ကိုတင်ထွန်း(မြင်းခြံ)၊ ကိုစောလှထွန်း(ပခုက္ကူ)၊ ကိုဝင်းမြင့် (ကသာ) တို့ လေးဦးမှာ ကွယ်လွန်သွားနှင့်ကြပြီဖြစ်သည်။ ကိုဟန်ရှင်ဝင်းမှာ ထူးခြားစွာ ရှေ့နေလုပ်လျက်ရှိပါသည်။

ကျွန်တော်တို့ စတုတ္ထအသုတ်သည် လူအများဆုံး ၂၀ အပြည့်ဖြစ်ပြီး ကျောင်းသူငါးဦးပါရှိရာ မခင်လွင်မေ၊ မစန်းတင်၊ မမူမူ၊ မမာမာ၊ မခင်ခင်အေးတို့ဖြစ်ပြီး မခင်ခင်အေးမှာ စတုတ္ထနှစ်တွင် ကွန်ပျူတာဘာသာရပ်ဘက်သို့ ပြောင်းရွှေ့သွားပြီးနောက် အဆက်အသွယ်ပြတ်တောက်သွားပါသည်။ ကျန်လေးဦးမှာ တက္ကသိုလ်ဆရာမကြီးများအဖြစ် တာဝန်ထမ်းဆောင်ကြပြီး အငြိမ်းစားယူသွားကြပြီဖြစ်သည်။ ယောက်ျားလေးများတွင် ကောလင်းသား ကိုကျော်ဆွေတင့်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ဖြင့် အငြိမ်းစားယူပြီး၊ ဝန်းသိုသား ကိုခင်မောင်ကြွေမှာ လက်ရှိအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ကိုကျော်ဆွေတင့်မှာ ညနေစောင်းတွင် တက္ကသိုလ်ဓမ္မာရုံသို့ ပရိတ်ရွတ်သွားလေ့ရှိရာ ကျွန်တော်က အဖော်လိုက်လေ့ရှိပါသည်။ သူက ပရိတ်များ အလွတ်ရွတ်ဆို ပူဇော်ပြီး ကျွန်တော်က စာအုပ်ကြည့်၍ လိုက်ဖတ်ပါသည်။ ယခု ပရိတ်ကြီးများ အလွတ်ရွတ်ဆိုနိုင်ခြင်းမှာ သူ့ကျေးဇူးပါပေ။ ရေဦးသား ကိုသန်းညွှန့်မှာ စစ်ကိုင်းတိုင်းဒေသကြီး ပို့ဆောင်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသော ဦးသန်းညွှန့်ဝင်းဖြစ်ပြီး မုံရွာသား ကိုမြင့်သိန်းနှင့် ကိုမျိုးချစ် (လေး) တို့မှာ မုံရွာတွင် ပုဂ္ဂလိကလုပ်ငန်း လုပ်နေကြပါသည်။ မြင်းမူသား ကိုစောလွင်မြင့်မှာ မီးသတ်ဌာနတွင် တာဝန်ထမ်းဆောင်ရာမှ အငြိမ်းစားယူပြီးဖြစ်သည်။

မြောင်သား ကိုမင်းစိန်သည် ကွယ်လွန်သွားရှာပြီဖြစ်ပါသည်။ရေစကြိုသား ကိုအောင်သူမှာ ပညာရေးဌာနတွင် တောက်လျှောက်အမှုထမ်းခဲ့ပြီး တောင်ငူတက္ကသိုလ်ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူချိန်တွင် နိုင်ငံရေးနယ်ပယ်သို့ ကူးပြောင်း ရောက်ရှိသွားခြင်းဖြစ်ပါသည်။ မန္တလေးသား ကိုစောထွန်းမှာ အမေရိကန်နိုင်ငံတွင် အခြေချလျက်ရှိပါသည်။ မြင်းခြံသား ကိုဇော်ဝင်းနိုင်မှာ တပ်မတော်တွင် တာဝန်ထမ်းဆောင်ရာမှ မျက်စိရောဂါကြောင့် သတ္တုတွင်းဝန်ကြီးဌာနသို့ ကူးပြောင်းခဲ့ပြီး ကျောက်မျက်ပြတိုက်မှ အငြိမ်းစားယူခဲ့ပါသည်။ တောင်သာ၊ ဝဲလောင်သား ကိုမျိုးသန့်ထွန်းမှာ သင်္ချာဆရာအဖြစ် ရန်ကုန်တွင် အခြေကျနေပါသည်။ ရေနံချောင်းသား ကိုသန်းဝင်းမှာ စစ်တက္ကသိုလ်တွင် သင်္ချာပါမောက္ခ(ဌာနမှူး) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အလုပ်သမားဝန်ကြီးဌာနသို့ ကူးပြောင်း၍ ညွှန်ကြားရေးမှူးချုပ်အဆင့်ဖြင့် အငြိမ်းစားယူခဲ့ပါသည်။

ပဲခူးသား ကိုတင်အောင်မှာ ပညာရေးဌာနတွင် တောက်လျှောက်အမှုထမ်းခဲ့ပြီး ပါမောက္ခချုပ်အဖြစ် အငြိမ်းစားယူခဲ့ကာ လက်ရှိတွင် ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှု ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ စစ်ကိုင်းတိုင်း၊ ဖောင်းပြင်ဇာတိ ကိုသိန်းဌေးမှာ သစ်တောအမှုထမ်း မိဘများ ပြောင်းရွှေ့ရာသို့ လိုက်ပါရာမှ ၁၀ တန်း အောင်မြင်ချိန်တွင် ရခိုင်တိုင်း၊ ကျောက်ဖြူခရိုင်၊ အထက(မြေပုံ)မှ အောင်မြင်လာခြင်း ဖြစ်သည်။ တပ်မတော်တွင် ဒုတိယဗိုလ်မှူးကြီး အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး နယ်ဘက်သို့ ကူးပြောင်းခဲ့ရာ အကောက်ခွန်ဦးစီးဌာနမှ အငြိမ်းစားယူခဲ့ပါသည်။ ပင်းယဆောင်တွင် အတူနေထိုင်ခဲ့ကြသော ရူပဗေဒနှင့် ဓာတုဗေဒမှ သူငယ်ချင်းများအကြောင်း ရေးလိုသော်လည်း စာမျက်နှာငဲ့ရသဖြင့် ချန်လှပ်ထားခဲ့ရသည်ကို ခွင့်လွှတ်ကြပါရန်။

**အာစရိယ ဆရာ၊ ဆရာမများ**

ကျွန်တော်တို့ တက္ကသိုလ်စတင်တက်ရောက်ချိန်က ပါမောက္ခချုပ်မှာ ဒေါက်တာ မောင်မောင်ခ ဖြစ်ပြီး မော်ကွန်းထိန်းမှာ ဒေါ်စိန်စိန်ဖြစ်သည်။ ဆရာကြီး၏ အမည်ကို ၉ တန်း/ ၁၀ တန်း တက်စဉ်ကတည်းက ရင်းနှီးပါသည်။ အကြောင်းမူ ထိုစဉ်က သင်ကြားရသော ရူပဗေဒသင်ရိုးစာအုပ်များကို ပြုစုသူမှာ ဒေါက်တာ မောင်မောင်ခနှင့် ဦးစံသာအောင်တို့ဖြစ်သောကြောင့်တည်း။ ဆရာကြီး ဒေါက်တာမောင်မောင်ခ (ဆရာခဟုလည်း ခေါ်ကြသည်)၏ မျက်နှာမှာ အစဉ်ပြုံးနေပါသည်။ မှတ်မှတ်ရရ ကျွန်တော်တို့ ပထမနှစ်ကျောင်းသားတစ်စု ပါမောက္ခချုပ်ရုံးခန်းသို့ အရေးဆိုရန်သွားဖူးပါသည်။ ပညာသင်ဆုများ ကျောင်းဖွင့်ပြီး သုံး/လေးလကြာသည်အထိ ထုတ်ယူခွင့်မရသေးသောကြောင့် ဖြစ်သည်။ 'စာမေးပွဲကြေးသွင်းရန်' ငွေစာရင်းဌာနက နောက်ဆုံးရက်သတ်မှတ်၍ကြေညာသောအခါ ငွေပြတ်လပ်နေပြီဖြစ်ကြသဖြင့် အရေးဆိုရန် သွားကြခြင်းဖြစ်သည်။ ဆရာကြီးက သူ့စားပွဲရှေ့ရှိ ကုလားထိုင်များတွင် ထိုင်စေပြီး အကျိုးအကြောင်းမေးမြန်းပါသည်။ အကြောင်းစုံသိသောအခါ ဆောင်ရွက်ပေးမည်ဟု ပြောသဖြင့် ဝမ်းမြောက်စွာပြန်ခဲ့ကြသည်။ ၁၉၆၂ ခုနှစ် အရေးအခင်းတွင် ကျောင်းသားများက ပါမောက္ခချုပ်(ဦးကာ ဟုထင်သည်)၏ ကားကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဖတ်ရှုခဲ့ရသည့် ကျွန်တော်က "ဘယ်လိုအရေးအခင်းပဲဖြစ်ဖြစ် ဆရာခကိုတော့ ရန်မူမယ်မထင်" ဟု ပြောမိပါသေးသည်။ ဆရာခ အငြိမ်းစားယူသောအခါ ပါမောက္ခချုပ်ဖြစ်လာသူမှာ ဒေါက်တာမောင်ဒီဖြစ်သည်။ "က ကြီး၊ ခ ခွေး ပြီးတော့ အေ၊ ဘီ၊ စီ၊ ဒီ" ဟု ဆိုကြပါသေးသည်။

ကျွန်တော်တို့ သင်္ချာဌာန၏ ပါမောက္ခမှာ ဗိုလ်မှူး ဒေါက်တာချစ်ဆွေ ဖြစ်သည်။ ဗိုလ်မှူးမှာ တက္ကသိုလ်အရန်တပ်၏ တပ်မှူးဖြစ်သဖြင့် တပ်မတော်က ခန့်အပ်ထားခြင်းဖြစ်ပါသည်။ နွေရာသီစခန်းချလေ့ကျင့်ရာတွင် လိုက်ပါနိုင်ပါက ဗိုလ်မှူးအဆင့် စစ်ဝတ်စုံဝတ်ဆင်ရပြီး ဗိုလ်မှူးလစာ ခံစားခွင့်ရှိပါသည်။ သင်္ချာဌာနမှူးမှာ ဦးမျိုးညွှန့်ဖြစ်ပြီး နောက်ပိုင်းတွင် နိုင်ငံခြားဘာသာသင်တက္ကသိုလ်၏ကျောင်းအုပ်ကြီး တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ပထမနှစ်တွင် သင်ကြားရသော အခြေခံကဲကုလသင်္ချာကို ကထိက ဒေါ်သိန်းတင့် (မဟာဝိဇ္ဇာ)က သင်ကြားပေးပါသည်။ ကျွန်တော်တို့ သင်္ချာဘာသာရပ်မှာ မူလက လက်တွေ့ဆောင်ရွက်ရမှု မပါရှိသဖြင့် ဝိဇ္ဇာဘာသာတွဲတွင် ပါဝင်သည်ဟု ဆိုပါသည်။ နောက်ပိုင်းကျမှသာ အခြေခံသိပ္ပံပညာရပ်အများစု၌ သင်္ချာမပါလျှင်/သင်္ချာမတတ်လျှင် မဖြစ်သောကြောင့် သိပ္ပံဘာသာတွဲဖြစ်လာသည်ဟု ဆိုပါသည်။ သိရှိသူများ အတည်ပြုပေးကြပါကုန်။

**ဖြတ်သန်းခဲ့ရသော အဆောင်နေ**

**ကျောင်းသားဘဝ**

၁၉၇၂ ခုနှစ် ရန်ကုန်တက္ကသိုလ် (ထိုစဉ်က ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်) သို့ တက်ရောက်ရာတွင် ကျွန်တော်တို့ နယ်ကျောင်းသားအားလုံးမှာ ပင်းယဆောင်တွင်လည်းကောင်း၊ နယ်ကျောင်းသူအားလုံးမှာ အင်းလျားဆောင်တွင်လည်းကောင်း နေထိုင်ကြရပါသည်။ ကျွန်တော်တို့ အခြေခံသိပ္ပံပညာချွန်ဆုရ (သိပ္ပံချွန်) ကျောင်းသားအားလုံးကို ပင်းယဆောင် အဆောင်မှူး ဒေါက်တာသန်းထိုက် (ကုန်ထုတ်ဓာတုဗေဒ) (အိမ်တွင်း စက်မှုလက်မှုညွှန်ကြားရေးမှူးချုပ်အဆင့်ဖြင့် အနားယူသည်)က အပေါ်ဆုံးထပ်တွင် နေရာချထားပေးပါသည်။ ကျွန်တော်တို့အချင်းချင်း မကြာမီ ရင်းနှီးသွားပြီး တက္ကသိုလ်ကျောင်းသားဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းကြပါတော့သည်။

အဆောင်ကျောင်းသားဘဝတွင် ညနေစာစားပြီးချိန်တိုင်းလိုလို အင်းလျားကန်ဘက်သို့ လမ်းလျှောက်ထွက်လေ့ရှိကြပါသည်။ အဓိပတိလမ်းအတိုင်း ဘွဲ့နှင်းသဘင်အနီး တံခါးပေါက်မှ အင်းလျားလမ်းသို့၊ ၎င်းမှ ကန်ပေါင်သို့ လမ်းလျှောက်ကြပါသည်။ ရုံဖန်ရုံခါတွင် ကန်ပေါင်အဆုံးအထိ လျှောက်ပြီး များသောအားဖြင့် ကန်ပေါင်အလယ် (တံတားဖြူတည့်တည့်) လောက်မှ ပြန်လှည့်ကာ ပြည်လမ်းမကြီးအတိုင်း လှည်းတန်းလမ်းဆုံသို့ လျှောက်ကြပါသည်။ လှည်းတန်းလမ်းဆုံတွင် ဈေးဆိုင်တန်းများ၌ လျှောက်ကြည့်ပြီး စာအုပ်ဆိုင်တွင် အသစ်ထွက်သော စာအုပ်များ မြည်းစမ်းကြပါသည်။ ထိုစဉ်က လစဉ် စာအုပ် အမြောက်အမြားထွက်ရှိပြီး စိတ်ဝင်စားသော စာအုပ်ကို စာအုပ်ဆိုင်တွင် ဖတ်ရှုနိုင်ပါသည်။ မှတ်မှတ်ရရ ဘာသာပြန်ဝတ္ထုတစ်အုပ်ဆိုလျှင် နေ့စဉ်နည်းနည်းစီဖတ်သွားရာ စာအုပ်တစ်အုပ်လုံး မကြာမီဖတ်ရှုပြီးစီးသွားပါတော့သည်။

လှည်းတန်းမှ အပြန်တွင် ရာမညဆောင်ရှေ့ရှိ အပေါက်မှဝင်၍ "ဦးချစ်"ဆိုင်အနီးမှဖြတ်ကာ တောင်ငူဆောင်အရှေ့မှထွက်ပြီး ရွှေဘိုဆောင်ရှေ့ဖြတ်လျက် အဓိပတိလမ်းအတိုင်း အဆောင်သို့ ပြန်လေ့ရှိပါသည်။ ရုံဖန်ရုံခါ ပြည်လမ်းလိပ်ခုံးတွင် ပန်းချီပြပွဲ၊ စာအုပ်ပြပွဲ၊ သံရုံးများမှ ပြပွဲများရှိပါက လမ်းလျှောက်၍ သွားကြည့်ကြပါသည်။ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များတွင် ရုံဖန်ရုံခါ ရွှေတိဂုံဘုရားသို့ လမ်းလျှောက်၍ သွားဖူးကြပါသေးသည်။ အင်းလျားလမ်းအတိုင်း သွား၍ ဘောင်ဒရီလမ်း၊ လင့်လမ်းမှ တစ်ဆင့် အာဇာနည်ကုန်းအနီးမှဖြတ်၍ မြောက်ဘက်မုခ်မှ တက်ရောက်ဖူးမြော်ကြပါသည်။ ဆောင်းရာသီလူထုအားကစားလ လမ်းလျှောက်ပွဲများ ကျင်းပရာတွင်လည်း အဆောင်များမှထွက်၍ ပြည်လမ်းမအတိုင်း ဟံသာဝတီအဝိုင်းအထိ အသွား၊ အပြန် လမ်းလျှောက်ကြပါသည်။ ထိုစဉ်က ကားအစီးရေ မများသေးသဖြင့် လမ်းလျှောက်ရ အင်မတန်ကောင်းပါသည်။

ထိုစဉ်က ရန်ကုန်မြို့တွင် ကျွန်တော် မှတ်မိသလောက် ဘတ်စ်ကားလိုင်း ၁၇ လိုင်းရှိပြီး ကျွန်တော်တို့ကျောင်းအနီးတွင် ဖြတ်သော ဘတ်စ်ကားများမှာ "၈"၊ "၉" နှင့် "၁၆" တို့ဖြစ်ပါသည်။ "၈" ကားသည် အင်းစိန်မှ ဗိုလ်တထောင်သို့ ပြေးဆွဲပြီး "၉"ကားသည် ထောက်ကြန့်မှ ဗိုလ်တထောင်သို့ ပြေးဆွဲပါသည်။ "၁၆" ကားမှာ သဃ်န်းကျွန်းမှ တောင်ဥက္ကလာသို့ ပြေးဆွဲပါသည်။ ကျွန်တော်တို့ကျောင်းမှ မြို့ထဲ (ဆူးလေ)သို့ ကားခ ပြား ၂၀ ဖြစ်ပြီး အင်းစိန်သို့လည်း ပြား ၂၀ ပင်ဖြစ်ပါသည်။ လှိုင်နယ်မြေရှိ သမိုင်းကျောင်းဆောင်များသို့ ၁၀ ပြား ဖြစ်ပါသည်။ စက်မှု တက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်နှင့် တိ၊မွေး၊ ကုတက္ကသိုလ်တက်သော ကျောင်းသားများမှာ သမိုင်းဆောင်များတွင် နေထိုင်ကြရပါသည်။ ကိုယ့်သူငယ်ချင်း၊သူ့သူငယ်ချင်းရှိရာ သမိုင်းကျောင်းဆောင်များသို့ ရံခါသွားရောက်လည်ပတ်ကြပါသည်။ ထိုကျောင်းဆောင်များမှကျောင်းသားများ ကျောင်းတက်ရန် လပေးလက်မှတ်ပြုလုပ်ခွင့်ပေးထားသဖြင့် ထိုကျောင်းသားအများစုမှာ လပေးလက်မှတ်ဖြင့် ဘတ်စ်ကားစီးကြပါသည်။ စက်မှုတက္ကသိုလ်မှ အတန်းကြီးကျောင်းသားများမှာမူ စက်မှုတက္ကသိုလ်ဝင်းအတွင်းရှိ အဆောင် A မှ F အထိ ကျောင်းဆောင်များတွင် နေထိုင်ကြပြီး မိန်းကလေးများ၏ အဆောင်မှာ နာမည်ကျော် ဂျီဟောဖြစ်သည်။

**"အဆောင်ကျောင်းသားဘဝတွင် ညနေစာစားပြီးချိန်တိုင်းလိုလို အင်းလျားကန်ဘက်သို့ လမ်းလျှောက်ထွက်လေ့ရှိကြပါသည်။ အဓိပတိလမ်းအတိုင်း ဘွဲ့နှင်းသဘင်အနီး တံခါးပေါက်မှ အင်းလျားလမ်းသို့၊ ၎င်းမှ ကန်ပေါင်သို့ လမ်းလျှောက်ကြပါသည်။ ရုံဖန်ရုံခါတွင် ကန်ပေါင်အဆုံးအထိလျှောက်ပြီး များသောအားဖြင့် ကန်ပေါင်အလယ် (တံတားဖြူတည့်တည့်) လောက်မှ ပြန်လှည့်ကာ ပြည်လမ်းမကြီးအတိုင်း လှည်းတန်းလမ်းဆုံသို့ လျှောက်ကြပါသည်"**

*(ဆက်လက်ဖော်ပြပါမည်)*

# အောင်မြင်စွာကျင်းပနိုင်ခဲ့တဲ့ သမိုင်းဝင်ရွေးကောက်ပွဲကြီးနဲ့ MRTV

သပြေ

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကတော့ အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီဖြစ်ပါတယ်။ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကြီးအဖြစ် ရွေးကောက်ပွဲ စောင့်ကြည့်အဖွဲ့များကရော နိုင်ငံတကာကပါ ချီးကျူးဂုဏ်ပြုမှုတွေ ထုတ်ပြန်နေကြပါတယ်။ ရွေးကောက်ပွဲကြီးအောင်မြင်ဖို့ ကဏ္ဍစုံကနေ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ကြတာပါ။

အဓိက ချီးကျူးဂုဏ်ပြုရမှာကတော့ နိုင်ငံရေးအသိရှိတဲ့၊ တာဝန်ကျေပွန်တဲ့ မြန်မာပြည်သူ/ ပြည်သားတွေပါ။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေနဲ့လည်း သက်ဆိုင်ရာကဏ္ဍကနေ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ရွေးကောက်ပွဲကြီးအောင်မြင်ဖို့ လှုံ့ဆော်ပေးတာတွေ၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး တင်ဆက်မှုတွေနဲ့ သတင်းထုတ်ပြန်တာတွေကို MRTV အနေနဲ့ ၂၀၁၉ ခုနှစ် ဇွန်လမှ စတင် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကြိုတင်ဆန္ဒမဲပေးမှု သတင်းကို MRTV မှ သတင်းထုတ်လွှင့်ခဲ့စဉ်။


**“မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟာ ပြန်ကြားပေးရန်၊ ပညာပေးရန်နဲ့ ဖျော်ဖြေပေးရန်ဆိုတဲ့ ရည်မှန်းချက် ၃ ရပ်နဲ့ ပြည်သူအတွက် ဝန်ဆောင်မှုပေးနေတဲ့ ရုပ်သံလုပ်ငန်းဖြစ်ပါတယ်။ ၅ နှစ်တစ်ကြိမ်ကျင်းပတဲ့ ရွေးကောက်ပွဲကြီး အောင်မြင်ဖို့အတွက် ဦးစားပေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ရွေးကောက်ပွဲမကျင်းပမီ အကြိုကာလ၊ ရွေးကောက်ပွဲကြီး ကျင်းပနေစဉ်ကာလနဲ့ ရွေးကောက်ပွဲကြီး ကျင်းပပြီးနောက် ကာလတွေ ခွဲခြားပြီး တိကျစွာ တာဝန်တွေ သတ်မှတ်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်”**

## တိကျသော တာဝန်များနှင့် ကြိုးစားဆောင်ရွက်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟာ ပြန်ကြားပေးရန်၊ ပညာပေးရန်နဲ့ ဖျော်ဖြေပေးရန်ဆိုတဲ့ ရည်မှန်းချက် ၃ ရပ်နဲ့ ပြည်သူအတွက် ဝန်ဆောင်မှုပေးနေတဲ့ ရုပ်သံလုပ်ငန်းဖြစ်ပါတယ်။ ၅ နှစ်တစ်ကြိမ်ကျင်းပတဲ့ ရွေးကောက်ပွဲကြီး အောင်မြင်ဖို့အတွက် ဦးစားပေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ရွေးကောက်ပွဲမကျင်းပမီ အကြိုကာလ၊ ရွေးကောက်ပွဲကြီးကျင်းပနေစဉ်ကာလနဲ့ ရွေးကောက်ပွဲကြီးကျင်းပပြီးနောက်ကာလတွေ ခွဲခြားပြီး တိကျစွာ တာဝန်တွေသတ်မှတ်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲအကြိုကာလမှာ Voter Education ဖြစ်တဲ့ “ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို တေးသီချင်းတွေ၊ ဇာတ်လမ်းတိုတွေ၊ တွေ့ဆုံမေးမြန်းခန်းတွေ၊ ဆွေးနွေးပွဲတွေနဲ့ ပညာပေးစာတမ်း၊ ဒီဇိုင်း TV Spot” တွေကို ထုတ်လွှင့်တင်ဆက်ခဲ့တာပါ။









ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပခြင်းကို ထုတ်လွှင့်ခဲ့မှု။

## ရွေးကောက်ပွဲအသိပညာပေးများ နေ့စဉ်ထုတ်လွှင့်

ဒီလိုထုတ်လွှင့်နိုင်ဖို့ ဆောင်ရွက်တဲ့အခါမှာ ကိုဗစ်- ၁၉ ကပ်ရောဂါ ဖြစ်ပွားမှု ကာလနဲ့ ကြုံကြိုက်နေတာကြောင့် ကန့်သတ်ချက်တွေ၊ စိန်ခေါ်မှုတွေကြားကပဲ နာမည်ကျော်အနုပညာရှင်တွေ၊ အတတ်ပညာရှင်တွေနဲ့ ပူးပေါင်းပြီး ကာကွယ်ရေးနည်းလမ်းတွေ လိုက်နာလုပ်ဆောင်ရပြုကာ အထူးသတိထား ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်မှုကြောင့် တေးသီချင်း ၃၆ ပုဒ်ကို ၄၀၃ ကြိမ်၊ ဇာတ်လမ်းတို ၇ ပုဒ်ကို အကြိမ် ၈၀၊ တွေ့ဆုံမေးမြန်းခန်း ၂၀ ကို အကြိမ် ၄၀၊ ဆွေးနွေးပွဲ ၂ ခုကို ၂ ကြိမ် ထုတ်လွှင့်နိုင်ခဲ့တာဖြစ်ပါတယ်။

ရွေးကောက်ပွဲအသိပညာပေး TV Spot တွေကိုတော့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ ကြေညာချက်တွေနဲ့ နိုင်ငံရေးပါတီများ ရွေးကောက်ပွဲနှင့် ဥပဒေစာအုပ်မှ ကောက်နုတ်ပြုစုပြီး ရွေးကောက်ပွဲလှုံ့ဆော်တေးတွေနဲ့အတူ နေ့စဉ်ထည့်သွင်းထုတ်လွှင့်ခဲ့တာပါ။

တွေ့ဆုံမေးမြန်းခန်း အစီအစဉ်ကိုတော့ “ရွေးကောက်ပွဲအကြောင်း သိကောင်းစရာ” ခေါင်းစဉ်နဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်ကို တွေ့ဆုံမေးမြန်းပြီး အပိုင်း ၂၀ ခွဲကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းမှာ ထုတ်လွှင့်ပြသခဲ့တာပါ။ ရွေးကောက်ပွဲ ဇာတ်လမ်းတို ၇ ပုဒ်ကို နိုင်ငံကျော်အနုပညာရှင်တွေနဲ့ ရိုက်ကူးထုတ်လုပ်ခဲ့ပြီး စက်တင်ဘာလမှစပြီး တစ်ရက်ကို ၂ ပုဒ်နှုန်းနဲ့ ထုတ်လွှင့်ပြသခဲ့ပါတယ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံပိုင် ရုပ်သံလုပ်ငန်းဖြစ်တာနဲ့အညီ နိုင်ငံရေးပါတီတွေရဲ့ ဟောပြောစည်းရုံးမှုတွေကို မျှမျှတတ ထုတ်လွှင့်ပေးဖို့လည်း စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုထုတ်လွှင့်နိုင်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ စီမံမှု၊ သတ်မှတ်ပေးမှုတွေအတိုင်း စကားပြောစင်မြင့်၊ စားပွဲ၊ ထိုင်ခုံ၊ နောက်ခံ၊ ပါတီတွေရဲ့ အလံနဲ့ Logo တံဆိပ် စသည်ဖြင့် အသေးစိတ်စီမံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။

နိုင်ငံရေးပါတီတွေ ဟောပြောစည်းရုံးမှု ရိုက်ကူးဖို့အတွက် မူလက နေပြည်တော် (တပ်ကုန်း)မှာရှိတဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တစ်နေရာတည်းမှာပဲ စက်တင်ဘာလ ၆ ရက်နေ့ကစပြီး ရိုက်ကူးဖို့ စီမံထားရှိသော်လည်း ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားမှုနဲ့ ခရီးသွားလာမှု ကန့်သတ်ချက်တွေကြောင့် ရန်ကုန်မြို့မှာရှိတဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှာလည်း ရိုက်ကူးနိုင်ဖို့ အလျင်အမြန်ပဲ စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် အကြောင်းအမျိုးမျိုးကြောင့် နေပြည်တော်နဲ့ ရန်ကုန်ကို မလာရောက်နိုင်တဲ့ နိုင်ငံရေးပါတီ

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

အချို့အတွက်လည်း ၎င်းတို့အစီအစဉ်နဲ့ ရိုက်ကူးပေးပို့တာကို ထုတ်လွှင့်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံရေးပါတီတွေရဲ့ စည်းရုံးဟောပြောမှုတွေကိုတော့ တစ်ပါတီကို ၁၅ မိနစ်စီ ရိုက်ကူး/ ထုတ်လွှင့်ပေးခဲ့တာပါ။ နိုင်ငံရေးပါတီ ၅၆ ခုရဲ့ စည်းရုံးဟောပြောမှုတွေကို ပထမအကြိမ် ထုတ်လွှင့်ပေးမှုအပြင် ဒုတိယအကြိမ်အဖြစ်လည်း နိုဝင်ဘာလ ၆ ရက်အထိ ထပ်မံထုတ်လွှင့်ပေးနိုင်ခဲ့ပါတယ်။

သတင်းထုတ်ပြန်ခြင်းအပိုင်းမှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ထုတ်ပြန်ချက်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးခဲ့တာပါ။ ဒ့ါအပြင် ကော်မရှင်အဖွဲ့ဝင်တွေ နိုင်ငံတစ်ဝန်း လှည့်လည်သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်တာတွေ၊ မဲရုံ ပြင်ဆင်မှုတွေ၊ ဆန္ဒမဲပေးမှု သရုပ်ပြလုပ်ငန်းစဉ်တွေကိုလည်း ထုတ်လွှင့်ပေးနိုင်ခဲ့ပါတယ်။

## ပြည်သူများ ဆန္ဒမဲပေးပုံကို အချိန်နှင့် တစ်ပြေးညီ တင်ဆက်ပေးခဲ့

ဆန္ဒမဲပေးမှု သတင်းထုတ်ပြန်ခြင်းအပိုင်းမှာ ပြည်တွင်းက သတင်းတွေ ရိုက်ကူး/ ထုတ်လွှင့်မှုအပြင် ပြည်ပမှာ မဲပေးမှုတွေကိုလည်း ဆက်သွယ်ပေါင်းစပ်ညှိနှိုင်းပြီး သတင်းရယူထုတ်လွှင့်ပေးခဲ့တာပါ။

ဆန္ဒမဲပေးရမည့် တစ်ရက်အလို နိုဝင်ဘာ ၇ ရက်နေ့မှာတော့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ လမ်းညွှန်ချက်နဲ့အညီ နိုင်ငံအကြီးအကဲတွေရဲ့ လှုပ်ရှားမှုတွေကစပြီး နိုင်ငံရေးပါတီတွေရဲ့ လုပ်ဆောင်မှုတွေကို ပြသခြင်းမပြုတော့ဘဲ လိုက်နာလုပ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်။ သို့သော်လည်း ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးတာနဲ့ မဲပေးဖို့ လှုံ့ဆော်တာတွေကိုတော့ အဲဒီနေ့မှာလည်း ထုတ်လွှင့်တင်ဆက်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက် ဆန္ဒမဲပေးတဲ့နေ့မှာတော့ ပြည်သူတွေ နွေးထွေးလုံခြုံစွာနဲ့ လွတ်လပ်စွာ မဲပေးနေကြပုံတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်တင်ဆက်ပေးနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ထူးခြားဖြစ်စဉ်ရှိတဲ့ဒေသကမှာရှိတဲ့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဝန်ထမ်းတွေနဲ့ ကြိုတင်စီမံထားတဲ့အတိုင်း ဆက်သွယ်ချိတ်ဆက်ပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှာ နိုင်ငံရေးပါတီပေါင်း ၈၇ ပါတီမှ ကိုယ်စားလှယ်ပေါင်း ၅၆၃၉ ဦးတို့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၁၅ နေရာ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ပေါင်း ၁၆၁ နေရာ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ပေါင်း ၆၁၂ နေရာ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်လောင်း ၂၉ နေရာအတွက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြတာပါ။ ဆန္ဒမဲပေးသူ ပြည်သူတွေအတွက် နိုင်ငံတစ်ဝန်းမှာရှိတဲ့ မြို့နယ် ၃၁၅ မြို့နယ်မှာ မဲရုံပေါင်း ၃၉၉၆၂ ရုံ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

ယနေ့အချိန်မှာ Online Media ဖွံ့ဖြိုးတိုးတက်လာတာနဲ့အတူ Mobile Phone တွေကတစ်ဆင့် သတင်းထုတ်ပြန်မှုကလည်း အလွန်အရေးပါနေပြီဖြစ်ပါတယ်။ ဒါကြောင့် MRTV ရဲ့ အစီအစဉ်တွေကို MRTV Webportal ကို တည်ထောင်ပြီး ပြည်သူတွေ Online မှတစ်ဆင့် ကြည့်ရှုနားဆင်နိုင်ဖို့ နေ့စဉ်လွှင့်တင်နေပြီဖြစ်ပါတယ်။

ဒီလိုလွှင့်တင်ရာမှာ Social Media Channel တွေအနက် ပြည်သူလူထု အများဆုံး အသုံးပြုတဲ့ Facebook Page အပြင် MRTV Live Streaming ကလည်း ထုတ်လွှင့်ပေးနေတာကြောင့် ယခုအခါမှာ Likes အရေအတွက် ပမာဏဟာ ၁၀ သန်းခန့် ရရှိနေပြီဖြစ်ပါတယ်။ ပြည်သူလူထု ကြည့်ရှုမှုများပြားတဲ့ MRTV ရဲ့ Online Media ကနေလည်း ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် သတင်းအချက်အလက်တွေ၊ အသိပညာပေးအစီအစဉ်တွေနဲ့ လှုံ့ဆော်တေးတွေကို အချိန်နဲ့တစ်ပြေးညီ လွှင့်တင်ပေးနိုင်ခဲ့ပါတယ်။

## ရွေးကောက်ပွဲရလဒ်များ နာရီစဉ်တိုင်း နေ့စဉ် ထုတ်ပြန်ပေး

ရွေးကောက်ပွဲရလဒ်တွေကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ဖို့အတွက် သီးခြားသတင်းတစ်ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး UEC မှာ တွဲဖက်တာဝန်ပေးခဲ့သလို အတည်ပြု ထုတ်ပြန်ချက်တွေကိုလည်း နိုဝင်ဘာ ၉ ရက်နေ့၊ ညနေ ၄ နာရီမှစပြီး နာရီစဉ်တိုင်း နေ့စဉ် ထုတ်ပြန်ပေးခဲ့ပါတယ်။

ဒီလိုထုတ်ပြန်ရာမှာ UEC ရဲ့ ထုတ်ပြန်ချက်မူရင်းအတိုင်း ထုတ်ပြန်ပေးမှုအပြင် ပြည်သူတွေ လွယ်ကူရှင်းလင်းစွာ သိရှိနားလည်ဖို့ ရည်ရွယ်ပြီး ဇယား၊ Graphic Design မျိုးစုံနဲ့လည်း ရေးဆွဲပြီး ကြိုးစားတင်ဆက်ခဲ့ပါတယ်။

ဒ့ါအပြင် နိုဝင်ဘာ ၁၁ ရက်၊ ညနေ ၃ နာရီမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ဦးဆောင်တဲ့ တာဝန်ရှိသူတွေနဲ့ သတင်းမီဒီယာတွေ ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ခြင်းဆိုင်ရာ တွေ့ဆုံပွဲကိုလည်း တိုက်ရိုက် ရိုက်ကူးပြီး (Live) ထုတ်လွှင့်တင်ဆက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီးလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနဲ့ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်မှု သတင်းတွေကိုလည်း သက်ဆိုင်ရာ ကော်မရှင်ရဲ့ အတည်ပြုချက်ရယူပြီး အရေးယူပုံကအစ သတင်းများ ထုတ်လွှင့်ပေးနိုင်ခဲ့တာပါ။ ဒီလိုသတင်းတွေ အချိန်နဲ့တစ်ပြေးညီထုတ်လွှင့်နိုင်ဖို့ မြန်မာနိုင်ငံတစ်ဝန်းမှာ ဖြန့်ခွဲထားတဲ့ MRTV သတင်းဗျူရိုတွေ၊ တိုင်းရင်းသားသတင်းဌာနတွေအပြင် အမြို့မြို့အနယ်နယ် တိုက်ရိုက် ရိုက်ကူးထုတ်လွှင့်ရေးယာဉ် (DSNG Van)တစ်စီးကိုပါ အသင့်ပို့ဆောင်ထားပြီး စီစဉ်ဆောင်ရွက်ခဲ့တာပါ။ ပြည်နယ်နဲ့ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်တွေရဲ့ ရွေးကောက်ပွဲရလဒ်ထုတ်ပြန်မှုတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ပေးခဲ့သလို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ နဲ့ ပတ်သက်တဲ့ တွေ့ဆုံမေးမြန်းမှုအစီအစဉ်ကိုလည်း နိုဝင်ဘာ ၁၄ ရက်၊ ညနေ ၃ နာရီမှာ ယခုလို ထုတ်လွှင့်တင်ဆက်နိုင်ခဲ့ပါတယ်။



နိုင်ငံကျော် အနုပညာရှင်များ ပါဝင် သရုပ်ဆောင်သည့် ရွေးကောက်ပွဲ ဇာတ်လမ်းတိုမှ ဇာတ်ဝင်ခန်း တစ်ခန်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC) ရဲ့တစ်ပတ်အတွင်း ဆန္ဒမဲရလဒ်များ ထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုနဲ့အတူ ထုတ်ပြန်ချက်စုစုပေါင်းကို နိုဝင်ဘာလ ၁၄ ရက်၊ နံနက် ၉ နာရီအထိ နာရီစဉ်တိုင်း တိကျခိုင်မာစွာနဲ့ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ခဲ့ပါတယ်။

## မွန်မြတ်သော ကမ္ပည်းမှတ်တိုင်စိုက်ထူနိုင်ခဲ့

နိုင်ငံတော်တည်ဆောက်ရေးမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ခက်မသုံး ဖြာ ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဖြစ်တဲ့ မဏ္ဍိုင်ကြီး (၃)ရပ်တို့ဟာ အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်ကြရတာပါ။ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေကို ရွေးကောက်ပွဲကြီးကတစ်ဆင့် ပြည်သူတွေက ရွေးချယ်ပေးခဲ့ကြပြီဖြစ်ပါတယ်။ ဒီလိုနိုင်ငံအတွက် အရေးကြီးတဲ့သမိုင်းဝင်ရွေးကောက်ပွဲကြီးကို ရွေးကောက်ပွဲ အကြိုကာလမှသည် ရွေးကောက်ပွဲကျင်းပချိန်နဲ့ ရွေးကောက်ပွဲပြီးစီးချိန်အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သတင်းအချက်အလက်များနဲ့အတူ အသိပညာပေးအစီအစဉ်တွေနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကို ပြည်သူ့အတွက် ဂုဏ်ယူစွာ တင်ဆက်ခဲ့ပြီးဖြစ်ပါတယ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) အနေဖြင့် မူလတာဝန်များက မပြီးဆုံးသေးပါ။ MRTV ရဲ့ ကောင်းမြတ်တဲ့အစဉ်အလာတွေကို ဆက်လက်ထိန်းသိမ်းရင်း ပြည်သူအတွက် အလုပ်အကျွေး ပြုနေဆဲ၊ ဝန်ဆောင်မှုပေးနေဆဲ၊ ရှေ့သို့ချီတက်ဆဲပါ။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အောင်မြင်စွာပြီးစီးခဲ့တဲ့ သမိုင်းဝင်ရွေးကောက်ပွဲကြီးနဲ့အတူ မွန်မြတ်တဲ့ ကမ္ပည်းမှတ်တိုင်တစ်ခုကို မော်ကွန်းတင်ရေးထိုး စိုက်ထူလိုက်နိုင်ပါပြီ။ ။





နိုဝင်ဘာ ၈ ရက်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ ဆန္ဒမဲပေးမှုကို အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ပြသခဲ့စဉ်။







၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှ ထွက်ပေါ်ရသော မဲရလဒ်များကို ပြည်သူများ ရှင်းလင်းလွယ်ကူစွာ သိနိုင်ရန် သတင်းထုတ်ပြန်ပေးခဲ့စဉ်။

# အမာမြို့ ခါးပြတ်ကျေးရွာနေ အိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးမှုအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်း ၁၇ မျိုး ထောက်ပံ့ပေးအပ်

**ဖျာပုံ နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ခါးပြတ်ကျေးရွာတွင် မီးလောင်မှုကြောင့်နေအိမ်ခြောက်လုံး ဆုံးရှုံးမှုအား ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေနှင့်ပစ္စည်း ၁၇ မျိုး ထောက်ပံ့ပေးအပ်ခြင်းကို နိုဝင်ဘာ ၂၁ ရက် နံနက်၁၀ နာရီက ရွှေထီးကျေးရွာ အ ထ က ခွဲကျောင်း၌ ကျင်းပသည်။

အဆိုပါ မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက အားပေးစကားပြောကြားပြီး ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမော်နိုင်ထွန်းက မီးဘေးသင့်အိမ်ထောင်စုများသို့ ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒေါ်ညိမ်းကျေးရွာအုပ်စု ခါးပြတ်ကျေးရွာတွင် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက မီးဘေးသင့်ခဲ့ကြသော အိမ်ထောင်စုခြောက်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပုံးတစ်လုံး၊ အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ်တစ်သိန်းစီနှင့် မီးဘေးသင့်အိမ်ထောင်စုခြောက်စုရှိ လူဦးရေ ၃၀ အတွက် ဆန်ရိက္ခာ၊ လူတစ်ဦးလျှင် တစ်ရက်စာ ၃၀၀ ကျပ်နှုန်း၊ ခုနစ်ရက်စာ ၂၁၀၀ ကျပ်နှုန်းဖြင့် ငွေကျပ် ၆၃၀၀၀ နှင့် မီးဘေးကြုံတင်ကာကွယ်ရင်း လူနေအိမ်အမိုးပျက်စီး နေအိမ်နှစ်လုံးအတွက် ထောက်ပံ့ငွေ တစ်အိမ်ထောင်စုလျှင် ငါးသောင်းကျပ်နှုန်းဖြင့် အိမ်ထောင်စုနှစ်စုအတွက် ကျပ်တစ်သိန်း စုစုပေါင်း ထောက်ပံ့ငွေကျပ် ၇၆၃၀၀၀ အား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေနှင့် တာဝန်ရှိသူများက ခါးပြတ်ကျေးရွာ မီးဘေးသင့်ပြည်သူများ၏ လက်ဝယ်အရောက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်သည်။ (ယာပုံ) **အောင်ဝင်းနိုင်(ပြန်/ဆက်)**



# တီးတိန်နှင့် မတူပီမြို့နယ်တို့တွင် ဖောက်လုပ်သည့် ဒေသဖွံ့ဖြိုးရေးလမ်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ချင်းပြည်နယ် တီးတိန်မြို့နယ်နှင့် မတူပီမြို့နယ်တို့တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေဖြင့် ဖောက်လုပ်သည့် ဒေသဖွံ့ဖြိုးရေးလမ်းများမှာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ချင်းပြည်နယ် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး



(ဟားခါး)မှ သိရသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(မတူပီ)မှ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေကျပ် ၃၁၁ ဒသမ ၀၂၃ သန်းဖြင့် ဆောင်ရွက်သည့် မတူပီမြို့နယ် လိုင်လင်းပီ-မာလာကြား မြေလမ်း ၁၅ မိုင်အနက် ၇ မိုင် ဖောက်လုပ်ပြီး ကျန် ၈ မိုင်အား လမ်းမျက်နှာပြင် အကျယ် ၂၆ ပေ တောင်ကမ်းပါးယံဘက်ခြမ်း ရေမြောင်း ၃ ပေ အပါအဝင် စုစုပေါင်း ၂၉ ပေ အကျယ် အပြီးသတ်ဖောက်လုပ်မှုမှာ ယခုအခါ ပြီးစီးပြီဖြစ်သဖြင့် မတူပီမြို့နယ်ရှိ ပြည်သူများအနေဖြင့် လိုင်လင်းပီမြို့နှင့် မတူပီမြို့သို့ အချိန်တိုအတွင်း အလွယ်တကူ ကူးလူးသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အလားတူ မြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(တီးတိန်)မှ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေကျပ် ၅၇၂ ဒသမ ၇၈ သန်းဖြင့် တီးတိန်မြို့နယ်ရှိ ခိုင်ကမ်း-ပိန်းပိလမ်း ၁၀ မိုင် အနက် ၂ မိုင် ကွန်ကရစ်ခင်းပြီး ကျန် ၈ မိုင်အနက် ကွန်ကရစ်လမ်း ၂ မိုင်အား ၁၂ ပေအကျယ်၊ ကျောက် ၆ လက်မထု၊ ကွန်ကရစ် ၇ လက်မထု ခင်းခြင်း လုပ်ငန်းများမှာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ကျေးရွာအုပ်စု ကိုးစု၊ ကျေးရွာ ၁၅ ရွာ၊ အိမ်ခြေ ၆၆၈ အိမ်၊ လူဦးရေ ၂၈၀၀ တို့၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယင်း ခိုင်ကမ်း-ပိန်းပိလမ်း ၁၀ မိုင်အား သတ်မှတ်ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထားပြီး ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကွန်ကရစ်လမ်း ၄ မိုင်အထိ ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း ၁ မိုင်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ဇော်ရှိန်း(ခတုံ)**

# မြိတ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ပိုးတွေ့လူနာ ကုသခံယူသူများလာသည့်အတွက် လူနာအချို့အား သံဃာ့ဆေးရုံ တိုးချဲ့ကိုဗစ်စင်တာသို့ ရွှေ့ပြောင်း

**မြိတ် နိုဝင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ပိုးတွေ့လူနာ ကုသခံယူသူများလာသည့်အတွက် ရောဂါပိုးရှိသော်လည်း ကိုဗစ်-၁၉ ရောဂါလက္ခဏာ ခံစားရမှုမရှိသည့် စိတ်ချရသောလူနာ ၂၂ ဦးအား သံဃာ့ဆေးရုံ (ဇီဝိတစက္ခုဒါနစင်တာ) တိုးချဲ့ ကိုဗစ်စင်တာသို့ နိုဝင်ဘာ ၂၀ ရက် ညနေပိုင်းက ပြောင်းရွှေ့ကာ ကျန်းမာရေးစောင့်ရှောက်ကုသမှုများ ဆက်လက်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

"အဓိကကတော့ ကိုဗစ်-၁၉ ပိုးတွေ့ရှိသူတွေ များလာတဲ့အချိန်မှာ အနံ့ပျောက် လူနာတွေလည်း များလာပါတယ်။ ရောဂါပိုးရှိတဲ့သူတွေ ထားတဲ့ သီးခြားလူနာဆောင်က ၇၄ ယောက် ဆံ့ပါတယ်။ အနံ့ပျောက်လူနာက ရှစ်ယောက် ရှိနေပါတယ်။ ရောဂါပိုးရှိတဲ့သူက ၆၀ ကျော်သွားပါတယ်။ အရင်ကတည်းက ပိုးတွေ့ လူနာများလာရင် ထပ်ချဲ့ဖို့ သံဃာ့ဆေးရုံ၊ တိုင်းရင်းဆေးရုံနဲ့ သားဖွားသင်တန်းကျောင်းတွေကို လျာထားပါတယ်။ လူနာ ၄၀ ကျော်ကတည်းက သံဃာ့ဆေးရုံ (ဇီဝိတစက္ခုဒါနစင်တာ) ကို အလှူရှင်တွေ၊ ပရဟိတအဖွဲ့တွေနဲ့ ပေါင်းပြီး အင်တိုက်အားတိုက် တိုးချဲ့ဖို့ ပြင်လိုက်တာပါ။ လူနာ ၆၀ ကျော်လာတော့ အနံ့ပျောက်သူတွေနဲ့ တော်တော်လေး ကျပ်နေပါပြီ။ ဒီတစ်ခေါက်မှာ အောက်ဆီဂျင်ရှူရတဲ့ လူနာက သုံးယောက် ရှိပါတယ်။ အချို့လူနာတွေကျတော့ လက္ခဏာပဲ ရှိတယ်။ ကိုဗစ်နဲ့ပတ်သက်တဲ့ စိုးရိမ်ရတဲ့အခြေအနေ မရှိဘူး။ လက်ရှိမှာ လူနာတွေများနေတဲ့အတွက် နောက် ထပ်ပြီးရောက်လာမယ့် လူနာတွေအတွက် ထားစရာနေရာ မရှိဘူး။ ဒါ့ကြောင့် ရောဂါပိုးတော့ရှိပြီး ကိုဗစ်လက္ခဏာ ခံစားရမှုမရှိတဲ့ စိတ်ချရတဲ့ လူနာ ၂၂ ယောက်ကို သံဃာ့ဆေးရုံစင်တာကို မနေ့က ပြောင်းရွှေ့လိုက်တာပါ"ဟု မြိတ်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ သန္တာမျိုးဝင်းက ပြောကြားသည်။

မြိတ်ပြည်သူ့ဆေးရုံ ဖျားနာကုဆေးခန်း (Fever Clinic)ကို ပြည်သူ့ဆေးရုံရှိ အထူးကုပြင်ပလူနာဌာနတွင် နေ့စဉ် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားရှိသလို မြန်မာနိုင်ငံ ဆရာဝန်အသင်း(မြိတ်)၏ ဖျားနာကုဆေးခန်းကိုလည်း သံဃာ့ဆေးရုံ၌ နေ့လယ် ၂ နာရီမှ ၄ နာရီအထိ ဖွင့်လှစ်ထားပြီး ဖျားခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်း စသည့်လူနာများနှင့် အနံ့ပျောက်သည့် လူနာများပါ အဆိုပါ ဖျားနာကုဆေးခန်းတွင် ပြသနိုင်ကြောင်း သိရသည်။

"မြိတ်မှာ လူနာတိုးတဲ့နှုန်းက နည်းနည်းများတဲ့အနေအထား ဖြစ်နေပါတယ်။ ဒီလိုတိုးနှုန်းနဲ့ တိုးနေတော့ အန္တရာယ်များပါတယ်။ သံဃာ့ဆေးရုံ (ဇီဝိတစက္ခုဒါနစင်တာ)တိုးချဲ့ စင်တာမှ ကိုဗစ်-၁၉ ပိုးတွေ့လူနာတွေကို မြိတ်ပြည်သူ့ဆေးရုံကြီးက တာဝန်ခံ ကုသပေးနေတာဖြစ်ပြီး မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)က ဝန်းရံ




ပြည်သူ့ဆေးရုံကြီးမှ လူနာအချို့အား သံဃာ့ဆေးရုံ (ဇီဝိတစက္ခုဒါနစင်တာ)သို့ ပြောင်းရွှေ့ခေါ်ဆောင်လာစဉ်။

ကူညီပေးတာ ဖြစ်ပါတယ်။ ဆေးရုံရဲ့ ကိုဗစ်စင်တာခွဲအနေနဲ့သာ ဖွင့်ထားပါတယ်။ ဒီမှာ အဓိကလှုပ်ရှားပေးမယ့် အဖွဲ့ကလည်း ပရဟိတအဖွဲ့တွေပဲ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဆရာဝန်အသင်း(မြိတ်) ဒုတိယဥက္ကဋ္ဌ ဒေါက်တာအေးအေးသိန်းက ပြောသည်။

သံဃာ့ဆေးရုံ (ဇီဝိတ စက္ခုဒါန စင်တာ)တိုးချဲ့စင်တာ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၆၅ ဦးအထိကို လက်ခံထားရှိနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)နှင့် မြိတ်ပြည်သူ့ဆေးရုံကြီးတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကာ ပရဟိတအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြသည်။

မြိတ်မြို့တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှုအနေဖြင့် နိုဝင်ဘာ ၂၁ ရက်အထိ စုစုပေါင်း ၁၆၁ ဦးရှိ၍ ဆေးရုံတက်ကုသဆဲလူနာ ၆၀ ရှိကာ သက်သာပျောက်ကင်းသည့် လူနာ ၉၉ ဦးနှင့် သေဆုံးသူနှစ်ဦးရှိကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**

# မိုးညှင်းမြို့နယ်သည် Stay at Home သတ်မှတ်ခံထားရသော်လည်း HPV ကာကွယ်ဆေးထိုးနှံပေး

**မိုးညှင်း နိုဝင်ဘာ ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်သည် Stay at Home မြို့နယ်တွင် အကျုံးဝင်သော်လည်း HPV ရောဂါ ကာကွယ်ဆေးထိုးခြင်းကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မိုးညှင်းမြို့ စိမ်းရတနာမွန်တောင်ရပ်ကွက် မိခင်နှင့် ကလေး ကျန်းမာရေးဌာနနှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများတွင် ဖွင့်လှစ်ထားသည့် ကျန်းမာရေးဌာနများတွင် ထိုးနှံပေးခဲ့ကြသည်။

အဆိုပါ HPV ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းအား အသက် ကိုးနှစ်မှ ၁၀ နှစ်အရွယ်ထိ မိန်းကလေးငယ်ဦးရေ ၅၀ ကို နေ့စဉ်ထိုးနှံပေးမည်ဖြစ်ပြီး အဆိုပါ စီမံချက်အား နိုဝင်ဘာ ၂၀ ရက်မှစ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားအချက်အရ စတင်ထိုးနှံပေးနေပြီဖြစ်ကြောင်း မိုးညှင်းခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာလာမာမီးက ပြောသည်။

မိုးညှင်းမြို့နယ်အတွင်း HPV ပိုးကြောင့် ဖြစ်ပွားသော သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို အောက်တိုဘာ ၂၁ ရက်တွင် စတင်ထိုးနှံရန် စီစဉ်ထားသော်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အောက်တိုဘာလ ၂၀ ရက်တွင် မိုးညှင်းမြို့နယ်ကို Stay at Home မြို့နယ်အဖြစ် သတ်မှတ်ခဲ့သောကြောင့် ပုံမှန်ကာကွယ်ဆေးထိုး/ဆေးတိုက်လုပ်ငန်းများနှင့်အတူ HPV ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း ရက်ရွှေ့ဆိုင်းခဲ့ကာ နိုဝင်ဘာ၂၀ ရက်မှစ၍ HPV ကာကွယ်ဆေးကို စတင်ထိုးပေးနိုင်ခြင်းဖြစ်သည်။

အဆိုပါ မိုးညှင်းမြို့နယ်တွင် HPV ကာကွယ်ဆေးထိုးမည့်အစီအစဉ်တွင် အကျုံးဝင်သည့် အသက် ကိုးနှစ်မှ ၁၀ နှစ်အရွယ် မိန်းကလေးငယ်ပေါင်း ၂၂၀၀ ကျော်ရှိပြီး အဆိုပါ မိန်းကလေးငယ်များအားလုံးကို နိုဝင်ဘာ ၂၀ ရက်မှစ၍ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများရှိ ကျန်းမာရေးဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ တစ်ရက်လျှင် ၅၀ နှုန်းဖြင့် ထိုးနှံပေးသွားမည်ဖြစ်ပြီး ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်း အစီအစဉ်များကိုလည်း ဒီဇင်ဘာ ၁ ရက်မှစ၍ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ဆေးရုံအုပ်ကြီး ဒေါ်လာမာမီးထံမှ သိရသည်။ **၀၇၈**

# ဖယ်ခုံနှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၀ ရက် ညနေ ၅ နာရီက ဖယ်ခုံမြို့နယ် လွယ်ပေါ - နားဟီး ကျေးရွာသွားကားလမ်း နားဟီး ကျေးရွာ လွယ်မိန်းခူတောင် (ဒေသအခေါ်)အနီးတွင် ကော်ပုံးထမ်းလာသည့် အမျိုးသားတစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ကော်ပုံးအားပစ်ချ၍ ပြောင်းခင်းအတွင်း ထွက်ပြေးလွတ်မြောက်သွားသဖြင့် ကော်ပုံးအား စစ်ဆေးရာ ဘိန်းစိမ်း ၁၄ ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့နံနက် ၇ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် လားရှိုး - မိုင်းယော်သွားလမ်း အေတီတံတားအနီးတွင်



အိုက်ရီနှင့် မအေးညွန့်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အိုက်ရီမောင်းနှင်ပြီး မအေးညွန့် လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့် ရှာဖွေရာ ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁,၈၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေဦးမြို့တွင် ဆိုင်ကယ်ခိုးသူနှစ်ဦးအား စစ်ဆေးချက်အရ ခိုးရာပါဆိုင်ကယ်ရှစ်စီး သိမ်းဆည်းရမိ

**ရေဦး နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့တွင် ယမန်နေ့ မွန်းလွဲပိုင်းက ဆိုင်ကယ်ခိုးသူနှစ်ဦးအား စစ်ဆေးချက်အရ ခိုးရာပါဆိုင်ကယ်ရှစ်စီး ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ကြောင်း ရေဦးမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ထိုက်လင်းစိုးထံမှ သိရသည်။

ရေဦးမြို့တွင် နိုဝင်ဘာ ၁၈ ရက် နံနက် ၆ နာရီ ၄၅ မိနစ်ခန့်က ရေဦးမြို့ မြို့မစည်ပင်သာယာဈေးရှိ ဆိုင်ကယ် အပ်နှံရာနေရာ၌ လူငယ်တစ်ဦးက ဆိုင်ကယ်တစ်စီးကို ခိုးယူရန် ကြိုးစားနေစဉ် လူမြင်သွား၍ ထွက်ပြေးသွားကြောင်း တိုင်တန်းချက်အရ ရေဦးမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ထိုက်လင်းစိုးနှင့် အဖွဲ့က လိုက်လံရှာဖွေရာ ရေဦးမြို့ အောင်မင်္ဂလာရပ်ကွက်တွင် ခင်ဦးမြို့နယ် မုံလှကျေးရွာနေသူ သိန်းထိုက်အောင်(ခ) ငထိုက်( ၂၄ နှစ်) မှာ ပုန်းနေရာမှ ထွက်ပြေးသွားပြီး နောက်ထပ် နေအိမ်တစ်အိမ်အတွင်းမှ ဆိုင်ကယ်တစ်စီးကို ခိုးယူထွက်ပြေးစဉ် ပိတ်ဆို့ဖမ်းဆီးရမိကြောင်း သိရသည်။




သိန်းထိုက်အောင်နှင့် အောင်ဇော်ဖြိုးတို့နှစ်ဦးအား သက်သေခံဆိုင်ကယ်များနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အသေးစိတ် စစ်ဆေးရာ ဆိုင်ကယ်ခိုးယူမှုများတွင် ပါဝင်ကျူးလွန်သည့် ဒီပဲယင်းမြို့နယ် ပုဂံကျေးရွာနေသူ အောင်ဇော်ဖြိုး (ခ) ငဖြိုး (၂၅နှစ်)နှင့် သိန်းထိုက်အောင်တို့ထံမှ ဒီပဲယင်း၊ တန့်ဆည်၊ရေဦး၊ ဘုတလင်မြို့နယ်များမှ ခိုးယူခဲ့သော ဆိုင်ကယ်ရှစ်စီးကို သိမ်းဆည်းရမိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ သိန်းထိုက်အောင်(ခ) ငထိုက်နှင့် အောင်ဇော်ဖြိုး(ခ) ငဖြိုးတို့ကို ရေဦးမြို့မရဲစခန်းက အမှုဖွင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

# မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာအုပ်စုရှိ ကြက်မွေးမြူရေးခြံ မီးလောင်မှုဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာအုပ်စု ရေသိုကျေးရွာရှိ အမှတ် (၄) ကြက်ခြံသည် နိုဝင်ဘာ ၂၂ ရက် နံနက် ၆ နာရီခန့်က မီးလောင်မှုဖြစ်ကြောင်း မှော်ဘီမြို့မရဲစခန်းမှ သိရသည်။

မီးလောင်ရာသို့ မှော်ဘီမြို့မရဲတပ်ဖွဲ့မှူး (ယာယီ) ရဲတပ်ဖွဲ့မှူး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေမီးသတ်စခန်း၊ တိုက်ကြီးမြို့နယ်မီးသတ်တပ်ဖွဲ့တို့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ကြရာ နံနက် ၇ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်ရသည့် အကြောင်းရင်းမှာ ကြက်ကောင်ရေတစ်ထောင်ကျော်ဆံ့ ကြက်ခြံအဆောက်အအုံနံဘေးရှိ လေအေးပေးစက် အပူလွန်ကဲ၍ မီးလောင်ရာမှ ကြက်များမရှိသော အခြားကြက်ခြံသို့ ထပ်မံကူးစက်လောင်ခြင်းဖြစ်ကြောင်းသိရပြီး မီးလောင်မှုနှင့် ပတ်သက်၍ မှော်ဘီမြို့မစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- မျိုးကြီး**



မီးလောင်မှုဖြစ်ပွားသည့် ကြက်ခြံကို တွေ့ရစဉ်။

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ဂန့်ဂေါမြို့နယ်၌ သုံးဘီးဆိုင်ကယ် တိမ်းမှောက်မှုကြောင့် သုံးဦးသေဆုံးကာ ၁၃ ဦး ဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ဂန့်ဂေါ- ကလေးကားလမ်း မိုင်တိုင်အမှတ် (၁၁/ ၆-၇)ကြား၌ နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်က သုံးဘီးယာဉ် တိမ်းမှောက်မှုကြောင့် သုံးဦးသေဆုံးကာ ၁၃ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောက်ကျေးရွာဘက်မှ မြောက်ခင်ရန်းကျေးရွာဘက်သို့ မြောက်ခင်ရန်းကျေးရွာနေ ကောင်းသန့်လင်း(ခ) သားတိုး (၁၉နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ ဦးသန်းဘို(၆၁)နှစ်နှင့် ဦးစိန်လှဖေ (၅၅)နှစ်တို့အပါအဝင် ၁၅ ဦး လိုက်ပါလာသော သုံးဘီးဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ အနက် ၁၁ ပေခန့် ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

သုံးဘီးယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ကောင်းသန့်လင်း(ခ) သားတိုးအပါအဝင် သုံးဦးမှာ ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဦးသန်းဘို အပါအဝင် ၁၃ ဦးတွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ကောင်းသန့်လင်း(ခ) သားတိုးအား ကန်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာတွင် နိုဝင်ဘာ ၂၁ ရက်က ဒုတိယရဲအုပ်အောင်စိုးသူ ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ ရေကန်အတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြစဉ်။ ရဲပြန်ကြား

## ပြွန်တန်ဆာမြို့ မအူတန်းကျေးရွာ၌ လူသတ်မှုဖြစ်ပွား၊ အမျိုးသားတစ်ဦးသေဆုံး

**ညောင်လေးပင် နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မအူတန်းကျေးရွာတွင် နိုဝင်ဘာ ၂၁ ရက် ညနေ ၆ နာရီခွဲခန့်က လူသတ်မှုဖြစ်ပွားရာ အမျိုးသားတစ်ဦး သေဆုံးသွားသည်။

နိုဝင်ဘာ ၂၁ ရက် ညနေ ၆ နာရီခွဲခန့်က ပြွန်တန်ဆာမြို့ မအူတန်းကျေးရွာနေ ဦးတင်မိုးဝင်း၏နေအိမ်တွင် လယ်စာရင်းငှားလုပ်ကိုင်သည့် ၎င်း၏ ညီဖြစ်သူ ပြွန်တန်ဆာမြို့ ချောင်းရင်းကျေးရွာနေသူ သက်နောင်ထွန်း(၃၂)နှစ်နှင့် တစ်ရွာတည်းနေ သန်းစိုး (၅၀)နှစ်တို့ အရက်သေစာသောက်စားရင်း စကားများစဉ် သန်းစိုးက ဗျက် ခြောက် လက်မ၊ အလျား ခုနစ်လက်မခန့်ရှိ ပေါက်ပြားအနှောင့်ဖြင့် သက်နောင်ထွန်း၏ ဦးခေါင်းအား ငါးချက်ခန့် ရိုက်ရာ သက်နောင်ထွန်းတွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း၊ ထို့ကြောင့် ညီဖြစ်သူအား သေဆုံးအောင်ပြုလုပ်သူ သန်းစိုးအား အရေးယူပေးပါရန် ဦးတင်မိုးဝင်းက တိုင်တန်းသဖြင့် ပြွန်တန်ဆာနယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၁ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆၂ စီး၊ သွင်းကုန် ၁၈၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၁ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၃၂၅ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် Lipo (150 ml x 50 Bottles) (25 Pkgs)ကို ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်မှု များပြားလာသဖြင့် ခရီးသွားလှုံ့ဆော်မှုကို ရပ်နားထားမည်

တိုကျို နိုဝင်ဘာ ၂၂

**ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ကူးစက်မှုများ ပြန်လည်များပြားလာသဖြင့် ထောက်ပံ့ကြေးအစီအစဉ်တစ်ခုဖြစ်သည့် ခရီးသွားကြမယ်ဟူသော အစီအစဉ်ကို ရပ်ဆိုင်းထားကြောင်း နိုဝင်ဘာ ၂၁ ရက်တွင် ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီဒဲ ဆူဂါက ပြောသည်။**

ကိုဗစ်- ၁၉ ကူးစက်မှုကာလအတွင်း စီးပွားရေးကို အလေးထားလွန်းသည်ဟုဆိုကာ ဝေဖန်မှုများနှင့်လည်း ရင်ဆိုင်နေရသည်။ ဂျပန်နိုင်ငံ၌ နေ့စဉ်ကူးစက်မှုနှုန်းမှာ ၂၅၀၀ ကျော်သို့ ရောက်ရှိလာသည့် နောက်ပိုင်းတွင် ယခုလို ဆုံးဖြတ်ချက် ချခဲ့ခြင်းဖြစ်သည်။

နေ့စဉ်ကူးစက်မှုနှုန်းမှာ လေးရက်ဆက်တိုက် များပြားလာခဲ့ပြီးနောက် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက ပြည်တွင်းခရီးသွားလုပ်ငန်းကို မြှင့်တင်ရန် ပြုလုပ်သည့် အစီအစဉ်အပေါ် ပြန်လည်သုံးသပ်သင့်သည်ဟု အဆိုပြုလာကြသည်။

တိုကျိုမြို့တွင် ကိုဗစ်- ၁၉ နေ့စဉ် ကူးစက်မှုမှာ နိုဝင်ဘာ ၂၁ ရက်တွင် ၅၃၉ ဦး ကူးစက်ခံထားရပြီး ကူးစက်သူအရေအတွက်မှာ တဖြည်းဖြည်း များပြားလာသည်ကို မြင်တွေ့နေရသည်။

ကူးစက်ခံရသူများ၏ ၆၀ ရာခိုင်နှုန်းမှာ မည်သည့်နေရာမှ ကူးစက်လာသည်ကိုမသိရပေ။ ကူးစက်မှုများမှာ တိုကျိုမြို့တစ်မြို့တည်းတွင် မြင့်မားနေခြင်းမဟုတ်ဘဲ အခြားသော မြို့ကြီးများတွင်လည်း ကူးစက်မှုမြင့်မားနေသည်။

နိုဝင်ဘာ ၂၁ ရက်တွင် တစ်နိုင်ငံလုံးအနှံ့ ကူးစက်ခံရသူပေါင်း ၂၅၉၂ ဦး ရှိပြီး စုစုပေါင်းသေဆုံးသူဦးရေမှာလည်း ၁၉၉၄ ဦး အထိရှိလာကြောင်း သိရသည်။

**ကျိုဒို**



တိုကျိုမြို့တွင် ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

# ကိုဗစ်- ၁၉ ကူးစက်မှု ပြန်လည်ဖြစ်ပွားလာသဖြင့် အီရန်နိုင်ငံတွင် ပိတ်ဆို့ကန့်သတ်မှုများ ချမှတ်

**တီဟီရန် နိုဝင်ဘာ ၂၂**

အီရန်နိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်မှုများ ပြန်လည်ဖြစ်ပွားလာသဖြင့် လူမှုဝေးကွာ ကန့်သတ်ချက်များကို ချမှတ်ခဲ့ရကြောင်း သိရသည်။

ကန့်သတ်ချက်များတွင် မြို့တော် တီဟီရန်၌ ညဘက် ကားမောင်းနှင်ခြင်းကို ပိတ်ပင်မှုပါ ပါဝင်သည်။ စက်တင်ဘာလအတွင်းမှစတင်ကာ ကူးစက်မှု များပြားလာပြီး ပြီးခဲ့သည့် ရက်ပိုင်းအတွင်း နေ့စဉ်ကူးစက်မှုနှုန်းမှာ ၁၃၀၀၀ ဝန်းကျင် ရှိနေသည်။

နိုဝင်ဘာ ၂၁ ရက်မှစတင်ကာ ယင်းကန့်သတ်ချက်များကို စတင်ကျင့်သုံးခဲ့ပြီး အစားအသောက်ဆေးဝါးနှင့် နေ့စဉ်လိုအပ်သည့်ပစ္စည်းများ ရောင်းချသည့်ဆိုင်မှတစ်ပါး အခြားသောဆိုင်များကို ပိတ်ထားရန် တီဟီရန် အာဏာပိုင်များက အမိန့်ထုတ်ထားသည်။

နှစ်ပတ်ထက်မနည်း အခြားသောဆိုင်များကို ပိတ်ထားရမည်ဖြစ်သည်။ ဘတ်စ်ကားနှင့်အခြားသော အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်မှတစ်ပါး ကားမောင်းနှင်မှုကို ည ၉နာရီမှ နံနက် ၄ နာရီအထိ ပိတ်ထားရမည်ဖြစ်သည်။

စည်းကမ်းချက် ချိုးဖောက်သူများသည် ဒဏ်ငွေ အမေရိကန် ဒေါ်လာ ၃၇ ဒေါ်လာခန့်ပေးဆောင်ရမည်ဖြစ်သည်။ ပြည်သူများ၏ ကျန်းမာရေးအတွက် ကန့်သတ်ချက်များကို လုပ်ဆောင်ရခြင်းဖြစ်ကြောင်း တီဟီရန်မြို့တွင် နေထိုင်သည့် အမျိုးသားတစ်ဦးက ပြောသည်။

သို့သော်လည်း အလုပ်မလုပ်ရသောကြောင့် နေ့စဉ်ဝင်ငွေလည်း မရသဖြင့် ယခု ကန့်သတ်ချက်များသည် လူများ၏ နေထိုင်မှုဘဝကို ထိခိုက်စေမည်ဟု ပြောသည်။ အထည်ချုပ် စက်ရုံတွင် အလုပ်လုပ်ကိုင်သူတစ်ဦးကလည်း ဆိုင်များ ပိတ်ထားရ၍ လုပ်ငန်းရပ်နားထားရကြောင်း ပြောသည်။

အီရန်နိုင်ငံ၏ စီးပွားရေးသည် အမေရိကန်၏ ပိတ်ဆို့မှုများကြောင့် ယိုင်နဲ့လျက်ရှိရာ အသစ်ချမှတ်လိုက်သည့် ကန့်သတ်ချက်အသစ်များကြောင့် အခြေအနေများဆိုးရွားလာမည်ကို စိုးရိမ်နေကြသည်။

**အင်န်အိတ်ချ်ကေ**



တီဟီရန်မြို့ တက်ဂျ် ရစ်ဈေးအတွင်း သွားလာနေကြသူများကို တွေ့ရစဉ်။

## ကိုဗစ်- ၁၉ သက်ရောက်မှုများကို တုံ့ပြန်ကြရန် ဂျော်ဒန်ဘုရင် ပြောကြား

**အမန် နိုဝင်ဘာ ၂၂**

ကိုဗစ်- ၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးဆိုင်ရာ ရိုက်ခတ်မှုများနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုကိစ္စများကို တုံ့ပြန်ကြရန် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ ၂ က ပြောကြားခဲ့သည်။

အထူးသဖြင့် အစားအသောက် ဖူလုံရေး၊ ဆင်းရဲမွဲတေမှု၊ ပညာရေးနှင့် အလုပ်လက်မဲ့ ပြဿနာတို့တွင် တုံ့ပြန်သွားရန် အလေးအနက်ထားပြောကြားခဲ့သည်။ (၁၅) ကြိမ်မြောက် ဂျီ-၂၀ ထိပ်သီး အစည်းအဝေးတွင် ဧည့်သည်နိုင်ငံအဖြစ် ပါဝင်စဉ် ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။

ကာကွယ်ဆေးဖြန့်ချိရာတွင် လုံလောက်မှုရှိစေရေး၊ သာတူညီမျှမှုရှိစေရေးတို့အတွက်လည်း ပြောကြားခဲ့သည်။ ဂျော်ဒန်နိုင်ငံ၏ ဆေးဝါးလုပ်ငန်းများတွင် ပမာဏအမြောက်အမြား ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးပေးနိုင်သည်ဟု ဂျော်ဒန်ဘုရင်က ပြောကြားခဲ့သည်။

ကမ္ဘာအနှံ့မှ ဒုက္ခသည်များ၊ ဆင်းရဲသည့် မိသားစုများနှင့် ထိခိုက်ခံစားရသည့် မိသားစုများကို ကိုဗစ်- ၁၉ အန္တရာယ်မှ အကာအကွယ်ပေးရန် လိုအပ်သည်ဟု အလေးအနက်ထား ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ကဘူးလ်မြို့တိုက်ခိုက်ခံရမှုကို ကုလသမဂ္ဂ အကြီးအကဲ ရှုတ်ချ

**ဂျီနီဗာ နိုဝင်ဘာ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရမှုကြောင့် အရပ်သားများ သေဆုံးဒဏ်ရာရကြသဖြင့် ယင်းလုပ်ရပ်ကို ရှုတ်ချကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က နိုဝင်ဘာ ၂၁ ရက်တွင် ပြောသည်။

ဒုံးကျည်ကျရောက်မှုကြောင့် အသက်ဆုံးရှုံးသွားရသည့် မိသားစုဝင်များအတွက် ဝမ်းနည်းကြေကွဲကြောင်းနှင့် ဒဏ်ရာရရှိသူများ လျင်မြန်စွာပျောက်ကင်းရန် ဆုမွန်ကောင်း တောင်းပေးကြောင်းကိုလည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖန်း ဒူဂျာရစ်က သတင်းထုတ်ပြန်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို လျင်မြန်စွာ ဆောင်ရွက်နိုင်ပြီး အကြမ်းဖက်တိုက်ခိုက်မှုများကို အရှိန်လျှော့ချနိုင်ရန် မျှော်လင့်သည်ဟုလည်း ထုတ်ပြန်ကြေညာခဲ့သည်။

နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ပြုလုပ်မည့် အာဖဂန်ညီလာခံတွင် အာဖဂန်နစ္စတန်၊ ဖင်လန်နိုင်ငံနှင့် အမေရိကန် နိုင်ငံတို့က ပူးတွဲကျင်းပပေးမည်ဖြစ်ပြီး တိုင်းပြည်၏ အနာဂတ် ကြွယ်ဝချမ်းသာမှုနှင့် ငြိမ်းချမ်းရေးတိုးတက်မှုဖြစ်စဉ်တို့အတွက်လည်း အခွင့်အလမ်းကောင်းပင်ဖြစ်သည်ဟု ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

နိုဝင်ဘာ ၂၁ ရက်က ကဘူးလ်မြို့သို့ မတူညီသည့်နေရာများမှ ဒုံးကျည် ၁၄ စင်းဖြင့် ပစ်ခတ်ခဲ့ပြီး မြို့အတွင်းသို့ ဒုံးကျည်နှစ်စင်းကျရောက်ခဲ့သည်။

ယင်းသို့ဒုံးကျည်ကျရောက်မှုကြောင့် လူ ခြောက်ဦးထက်မနည်း သေဆုံးခဲ့ကာ ၂၅ ဦးကျော်ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**

# ကနေဒါနိုင်ငံ တိုရွန်တိုမြို့ကိုလည်း အသွားအလာပိတ်ဆို့ကန့်သတ်တော့မည်

**တိုရွန်တို နိုဝင်ဘာ ၂၂**

ကနေဒါနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်မှုများမှာ များပြားလျက်ရှိသည်။ ထို့ကြောင့် နိုဝင်ဘာ ၂၃ ရက်မှစတင်ကာ အကြီးဆုံးမြို့တော်ဖြစ်သည့် တိုရွန်တိုမြို့တွင် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုကို စတင်တော့မည်ဖြစ်သည်။

ဂွန်ဟော့ကင်းတက္ကသိုလ်၏ ပြောကြားချက်အရ ကနေဒါနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် အောက်တိုဘာလအတွင်း ကိုဗစ်- ၁၉ ကူးစက်မှုများ သိသိသာသာ များပြားခဲ့ပြီး နေ့စဉ်ကူးစက်မှုနှုန်းမှာ မကြာသေးမီ ရက်ပိုင်းအတွင်း ၅၀၀၀ ဝန်းကျင် ဖြစ်လာခဲ့သည်။

တိုင်းပြည်အတွင်း ကိုဗစ်- ၁၉ ကူးစက်မှုများမှာ အန္တရာယ်ရှိသည့် အနေအထားဖြစ်နေပြီး ဆေးရုံများတွင်လည်း လူနာများနှင့် ပြည့်နှက်နေသည်ဟု ကနေဒါ ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုက နိုဝင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

ကနေဒါပြည်သူများအနေဖြင့် အုပ်စုဖွဲ့ပါတီလုပ်ခြင်း၊ ညစာစားခြင်းတို့ကို ဖျက်သိမ်းကာ နေအိမ်၌သာနေကြရန် ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။

တိုရွန်တိုမြို့တွင် ချမှတ်မည့်ပိတ်ဆို့မှု စည်းကမ်းချက်အရ နေ့စဉ်မရှိမဖြစ် လိုအပ်သည့် ပစ္စည်းများ ရောင်းချသည့်ဆိုင်မှတစ်ပါး အခြားဆိုင်အားလုံးကို ပိတ်ထားရမည် ဖြစ်သည်။

စားသောက်ဆိုင်များနှင့် ဘားများသည်လည်း ပါဆယ်စနစ်ဖြင့်သာ ရောင်းချခွင့်ပြုမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ကနေဒါ ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုကို တွေ့ရစဉ်။

# ကယ်လီဖိုးနီးယား၌ ရောဂါကူးစက်ခံရမှု အရှိန်မြင့်လာသည့်အတွက် ညမထွက်ရအမိန့်ထုတ်ပြန်

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၂၂**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှု အရှိန်မြင့်လာလျက်ရှိရာ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန်ကြိုးပမ်းသည့်အနေဖြင့် ညအချိန်အပြင်မထွက်ရ အမိန့်ထုတ်ပြန်ချက် နိုဝင်ဘာ ၂၁ ရက်တွင် စတင်အသက်ဝင်ခဲ့ကြောင်း သိရသည်။

နိုင်ငံအနောက်ပိုင်း ကယ်လီဖိုးနီးယားပြည်နယ်တွင် ပြီးခဲ့သည့် ဩဂုတ်လအတွင်း ရောဂါကူးစက်မှု အမြင့်ဆုံးဖြစ်ပွားခဲ့ရာ ယခုတစ်ကြိမ်ရောဂါကူးစက်ဖြစ်ပွားသည့် အရေအတွက်မှာ ယင်းအချိန်ကထက်ပင် ပိုမိုဆိုးရွားလျက်ရှိကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာလည်း ပြီးခဲ့သည့် မေလမှ စတင်ကာ ပထမဆုံးအကြိမ်အဖြစ် တစ်နေ့တည်းတွင် သေဆုံးသူ ၂၀၀၀ ကျော်ခဲ့ကြောင်း သိရသည်။ တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားသူ ၁၂ သန်းကျော်အထိ ရှိလာခဲ့သည့်အပြင် သေဆုံးသူအရေအတွက် စုစုပေါင်း ၂၅၅၀၀၀ ကျော်အထိရှိကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြသည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင် ပြီးခဲ့သည့် ရက်သတ္တပတ်က ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် စုစုပေါင်း တစ်သန်းရှိခဲ့သည်။ အသစ်ထုတ်ပြန်လိုက်သည့် အမိန့်အရ ပြည်နယ်အတွင်း နိုဝင်ဘာ ၂၁ ရက်မှ စတင်ကာ ဒီဇင်ဘာ ၂၁ ရက်အထိ ညအချိန်အပြင်ထွက်ခွင့် ပိတ်ပင်ထားပြီး လိုအပ်လာလျှင် အချိန်ထပ်တိုးမည်ဖြစ်ကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဆေးရုံတစ်ရုံတွင် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ လူနာကို ကုသမှုဆောင်ရွက်နေစဉ်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

# သမ္မတထရမ့်က ၎င်း၏ ကိုဗစ်-၁၉ တိုက်ဖျက်ရေး ကြိုးပမ်းမှုနှင့် စီးပွားရေးနာလန်ထူရန် လုပ်ဆောင်ခဲ့မှုအပေါ် အမွှမ်းတင်

**ဝါရှင်တန် နိုဝင်ဘာ ၂၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် အမေရိကန်၏ စီးပွားရေးကို ပြန်လည်ထူထောင်နိုင်ရန် ကြိုးပမ်းခဲ့မှုနှင့် ကိုဗစ်-၁၉ ကူးစက်မှုကို တိုက်ဖျက်ရန် ၎င်း၏ အစိုးရအဖွဲ့က လှုပ်ရှားဆောင်ရွက်ခဲ့မှုကို အမွှမ်းတင်ခဲ့ကြောင်း သိရသည်။

### ကောင်းစွာစီမံထိန်းချုပ်ခဲ့

နိုဝင်ဘာ ၂၁ ရက်က ဂျီ-၂၀ ခေါင်းဆောင်များ အွန်လိုင်းထိပ်သီးအစည်းအဝေး ကျင်းပခဲ့မှုအတွင်း ထရမ့်က ထိုသို့ပြောကြားလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ထိပ်သီးအစည်းအဝေးဖွင့်ပွဲနေ့တွင် သမ္မတထရမ့် မိန့်ခွန်းပြောကြားခဲ့ပြီးနောက် အိမ်ဖြူတော်က ဖော်ပြချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်တွင် သမ္မတထရမ့်က အမေရိကန်ပြည်ထောင်စုသည် ကပ်ရောဂါအကျပ်အတည်းကို တုံ့ပြန်ဆောင်ရွက်ရန်နှင့် နိုင်ငံ့စီးပွားပြန်လည်ထူထောင်ရန် လိုအပ်သည့် အရင်းအမြစ်မှန်သမျှကို ကောင်းစွာ စီမံထိန်းချုပ်ဆောင်ရွက်ခဲ့မှုကို ထရမ့်က အလေးပေးဖော်ပြခဲ့ကြောင်း သိရသည်။

### အားသွန်ခွန်စိုက် ကြိုးပမ်း

ထို့ပြင် ကိုဗစ်-၁၉ အတွက် ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးနှင့် ရောဂါကုသနိုင်မည့် နည်းလမ်းများကို အကောင်အထည်ဖော်ရန် စံချိန်တင်လောက်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ကြောင်းကိုလည်း ထရမ့်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ကာကွယ်ဆေးကို စောစောရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် နီပေါနိုင်ငံက ကာကွယ်ဆေးထုတ်လုပ်သည့်နိုင်ငံများသို့ မေတ္တာရပ်ခံ

**ခတ္တမန္ဒူ နိုဝင်ဘာ ၂၂**

ကိုဗစ်-၁၉ ကာကွယ်ဆေးကို အတတ်နိုင်ဆုံး စောစီးစွာ ရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် ကာကွယ်ဆေးထုတ်လုပ်နေသည့် နိုင်ငံအမြောက်အမြားသို့ နီပေါနိုင်ငံက မေတ္တာရပ်ခံချက် ပေးပို့လိုက်ကြောင်း နီပေါအာဏာပိုင်များက ပြောကြားခဲ့သည်။

ကာကွယ်ဆေးထုတ်လုပ်သည့် နိုင်ငံများအနေဖြင့် ကာကွယ်ဆေးအမှန်တကယ် ထိရောက်မှုရှိကြောင်း အတည်ပြုနိုင်သည်နှင့် တစ်ပြိုင်နက် လူထုအတွင်း စောစောဖြန့်ဖြူးပေးနိုင်ရေး ကြိုးစားဆောင်ရွက်ပေးကြရန် နီပေါအစိုးရက မေတ္တာရပ်ခံ တိုက်တွန်းထားကြောင်း သိရသည်။

တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ ဗြိတိန်၊ ရုရှားနှင့် ဩစတြေးလျနိုင်ငံများသို့ ကာကွယ်ဆေးမြန်မြန်ရရှိရေး မေတ္တာရပ်ခံစာများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း နီပေါကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျာဂက်ရှ်ဝါ ဂွါတမ်က နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားခဲ့သည် ။

**ဆင်ဟွာ**

# ချီလီကမ်းလွန်၌ ပြင်းအား ၆ ဒသမ ၂ အဆင့်ရှိ ငလျင်တစ်ခုလှုပ်

**ဆန်တီယာဂို နိုဝင်ဘာ ၂၂**

ချီလီနိုင်ငံ ကွန်စတီကျူးစီယံမြို့ အနောက်မြောက်ဘက် ၉၈ ကီလိုမီတာအကွာခန့်တွင် ပြင်းအား ၆ ဒသမ ၂ ရစ်ချ်တာစကေးရှိသည့် ငလျင်တစ်ခု နိုဝင်ဘာ ၂၁ ရက်က လှုပ်သွားခဲ့ကြောင်း ချီလီမြေငလျင်ဖြစ်ပွားမှုဆိုင်ရာ ဝန်ဆောင်မှုတက္ကသိုလ်က ပြောကြားခဲ့သည်။

ချီလီနိုင်ငံ အလယ်ပိုင်းရှိ ကွန်စတီကျူးစီယံ ကမ်းခြေမြို့အနီးကမ်းလွန်ပင်လယ်တွင် ငလျင်လှုပ်ခဲ့ခြင်းဖြစ်ပြီး ငလျင်အနက် ၂၀ ဒသမ ၁၄ ကီလိုမီတာ ရှိကြောင်း သိရသည်။ ဥရောပ-မြေထဲပင်လယ် ငလျင်စင်တာက တွစ်တာ၌ ဖော်ပြထားချက်အရ မြို့တော်ဆန်တီယာဂိုတွင် နေထိုင်ကြသူများ အပါအဝင် ငလျင်ကြောင့် တုန်ခါမှုကို ပြည်သူ ၁၀ သန်းအထိ ခံစားခဲ့ရကြောင်း သိရသည်။

လတ်တလောတွင် ငလျင်ကြောင့် နောက်ဆက်တွဲ ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးဒဏ်ရာရမှုများ ရှိမရှိ မသိရသေးပေ။ သို့ရာတွင် ငလျင်ကြောင့် ဆူနာမီဖြစ်ပွားနိုင်သည့် အန္တရာယ်မရှိကြောင်း ချီလီရေအရင်းအမြစ်ဌာနက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဂွါတီမာလာ၌ ဆန္ဒပြသူများက လွှတ်တော်အဆောက်အအုံကို မီးရှို့

**ဂွါတီမာလာစီးတီး နိုဝင်ဘာ ၂၂**

ဂွါတီမာလာနိုင်ငံမြို့တော် ဂွါတီမာလာစီးတီး၌ အစိုးရ၏ ၂၀၂၁ အသုံးစရိတ်ဥပဒေ အတည်ပြုပြဋ္ဌာန်းမှုကို ဆန့်ကျင်သည့် ဆန္ဒပြပြည်သူများက နိုဝင်ဘာ ၂၁ ရက်တွင် လွှတ်တော်အဆောက်အအုံကို မီးရှို့ခဲ့ကြကြောင်း သိရသည်။

ဆန္ဒပြသူအချို့က ဥပဒေပြုလွှတ်တော် အဆောက်အအုံရုံးသို့ ချဉ်းကပ်လာခဲ့ကာ အဆောက်အအုံကို မီးရှို့ထားသည့် အရာများဖြင့် ပစ်ခတ်ခဲ့ကြသည်။ မီးတောက်များ ငြိမ်းစေရန် ဂွါတီမာလာရှိ စေတနာ့ဝန်ထမ်းများနှင့် စည်ပင်မီးသတ်တပ်ဖွဲ့ဝင်များက ကြားဖြတ်ဟန့်တားခဲ့ရသည်။ မီးသတ်တပ်ဖွဲ့က ဖော်ပြခဲ့သည့် မှတ်တမ်းပုံများတွင် လွှတ်တော်အဆောက်အအုံရုံးအချို့၏ ပရိဘောဂပစ္စည်းများ မီးလောင်နေသည်ကို တွေ့ရသည်။



ဂွါတီမာလာ၌ လွှတ်တော်အဆောက်အအုံကို မီးရှို့ရန်ကြိုးပမ်းခဲ့သည့် ဆန္ဒပြသူအချို့ကို တွေ့ရစဉ်။

ဂွါတီမာလာ သမ္မတ အလီဂျန်ဒရိုဂီယာမက်တီက ၎င်း၏တွစ်တာ အကောင့်မှတစ်ဆင့် ဆန္ဒပြသူများ၏ အကြမ်းဖက်လုပ်ရပ်အပေါ် ပြင်းပြင်းထန်ထန်ဝေဖန်ရှုတ်ချခဲ့သည်။

ဥပဒေနှင့်အညီ ဆန္ဒဖော်ထုတ်ခွင့်ရှိသည်ကို မပြောလိုသော်လည်း ယင်းကဲ့သို့ အများပြည်သူဆိုင်ရာ အဆောက်အအုံများကို ဖျက်လိုဖျက်ဆီးလုပ်ဆောင်သည့် စည်းကမ်းမဲ့လုပ်ရပ်မျိုးကို လက်မခံနိုင်ကြောင်း၊ လွှတ်တော်အဆောက်အအုံကို မီးရှို့ရန်ကြိုးပမ်းရာတွင် ပါဝင်ခဲ့သူမှန်သမျှကို ဥပဒေအတိုင်း ပြစ်ဒဏ်ပေးအရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဂွါတီမာလာ၌ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဆိုင်ရာ အသုံးစရိတ်ကို လျှော့ချလိုက်သည့် ၂၀၂၁ ခုနှစ် အသုံးစရိတ်ဥပဒေကို အတည်ပြုလိုက်သည့်အတွက် နိုင်ငံရေးဆိုင်ရာ တင်းမာမှုများ မြင့်တက်လျက်ရှိသည်။

**အေအက်ဖ်ပီ**

နိုင်ငံတကာ သတင်းတိုထွာ

## အီသီယိုပီးယားနိုင်ငံတွင် အရေးပေါ် လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်နေသည့် ကလေးငယ် ၂ ဒသမ ၃ သန်း ကျော်ရှိကြောင်း ကုလသမဂ္ဂပြော

**ဂျီနီဗာ နိုဝင်ဘာ ၂၂**

အီသီယိုပီးယားနိုင်ငံ မြောက်ပိုင်းဒေသတွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် မျိုးနွယ်စုစစ်သွေးကြွများအကြား ပဋိပက္ခတိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ နိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်နေသည့် ကလေးငယ်ပေါင်း ၂ ဒသမ ၃ သန်းကျော်အထိရှိကြောင်း ကုလသမဂ္ဂကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့က ပြောကြားခဲ့သည်။

**အစိုးရစစ်စခန်းတစ်ခုကို တိုက်ခိုက်မှု**

သူပုန်များသည် နိုဝင်ဘာ ၄ ရက်က အစိုးရစစ်စခန်းတစ်ခုကို တိုက်ခိုက်မှု လုပ်ဆောင်ခဲ့ရာ အီသီယိုပီးယားဝန်ကြီးချုပ် အဘီ အာမက်က တုံ့ပြန်တိုက်ခိုက်မှုပြုလုပ်ရန် ညွှန်ကြားခဲ့သည်။

**နိုင်ငံအတွင်းမှ ထွက်ပြေးနိုင်**

လာမည့် ရက်သတ္တပတ်များအတွင်း ပြည်သူ ၂၀၀၀၀၀ ကျော် နိုင်ငံအတွင်းမှ ထွက်ပြေးနိုင်ကြောင်း ယူနီဆက်ဖ် အမှုဆောင်ဒါရိုက်တာ ဟာရီရက်တာဖိုးက ပြောသည်။

အင်န်အိတ်ချ်ကေ

## အာဂျင်တီးနား၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ အရေအတွက် ၃၇၀၀၀ နီးပါးရှိလာ

**ဗျူနိုအေရိစ် နိုဝင်ဘာ ၂၂**

အာဂျင်တီးနားနိုင်ငံ၌ နိုဝင်ဘာ ၂၀ ရက်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၁၂ ဦး ထပ်မံပေါ်ထွက်ခဲ့ရာ တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက် စုစုပေါင်း ၃၆၉၀၂ ဦး ရှိပြီဖြစ်ကြောင်း အာဂျင်တီးနား ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

နိုင်ငံအတွင်း ရောဂါထပ်မံကူးစက်ခံရသူ ၇၁၄၀ ရှိရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူအရေအတွက်စုစုပေါင်း ၁၃၆၆၁၈၂ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။ ရောဂါပျောက်ကင်းသွားသူ အရေအတွက်စုစုပေါင်းမှာ ၁၁၈၇၀၅၃ ဦး ဖြစ်သည်။

ဗျူနိုအေရိစ်ပြည်နယ်၌ ရောဂါကူးစက်ခံရသူ အရေအတွက်စုစုပေါင်း ၆၀၄၀၁၆ ဦး ရှိရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားမှု၏ ၄၄ ဒသမ ၂၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ တိုးတက်မှုအခြေအနေများ

## ထွန်းသစ်စ

**ကမ္ဘာပေါ်မှာ ကိုဗစ်-၁၉ ဒုတိယအကျော့ မပြီးသေးခင်အချိန်မှာ နောက်ထပ် တတိယအကျော့ပေါ်ပေါက်လာမှာကို စိုးရိမ်လျက်ရှိကြပါတယ်။ ဒါကြောင့်ပဲ ကမ္ဘာ့နိုင်ငံအသီးသီးက အစိုးရတွေအနေနဲ့ ကိုဗစ်-၁၉ တားဆီးထိန်းချုပ်ဆောင်ရွက်မှုတွေ အရှိန်အဟုန်မြှင့် လုပ်ဆောင်နေကြပါတယ်။ အခုဆိုရင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူဦးရေဟာ ၅၈ သန်းကျော်လွန်လာခဲ့ပြီဖြစ်သလို သေဆုံးသူဦးရေဟာလည်း ၁ ဒသမ ၃ သန်းကျော်လွန်လာပြီဖြစ်ပါတယ်။**



ကိုဗစ်-၁၉ တိုက်ဖျက်မှုကို ဟန်ပါပါသရုပ်ဖော်ထားသည့် ပုံတစ်ပုံကို တွေ့ရစဉ်။

**အရေးမကြီးတဲ့ စီးပွားရေးလုပ်ငန်းတွေ ပိတ်ထားတဲ့ အီရန်**

ဒီအချိန်မှာ အီရန်ဟာ သူ့နိုင်ငံရဲ့ မြို့ထက်ဝက်ကျော်ကျော်မှာရှိတဲ့ အရေးမကြီးတဲ့ စီးပွားရေးလုပ်ငန်းတွေကို သီတင်းပတ်နှစ်ပတ်ကြာတဲ့အထိ ပိတ်ထားလိုက်ပြီး ကိုဗစ်-၁၉ ကို ထိန်းချုပ်ဟန့်တားဖို့အတွက် သွားလာလှုပ်ရှားမှုတွေနဲ့ဆိုင်တဲ့ တားမြစ်ကန့်သတ်ချက်တွေကို စတင်ကျင့်သုံးလိုက်ပါတယ်။

သို့သော်လည်း အီရန်နိုင်ငံဟာ ကိုဗစ်-၁၉ စတင်ဖြစ်ပွားခဲ့တဲ့ ဖေဖော်ဝါရီလကစပြီး တစ်နိုင်ငံလုံးအတိုင်းအတာအထိ တားမြစ်ကန့်သတ်ချက်တွေ မကျင့်သုံးခဲ့ပါဘူး။ သမ္မတဟာဆန်ရူဟာနီကတော့ အရေးယူပိတ်ဆို့မှုတွေခံထားရတဲ့ နိုင်ငံရဲ့ စီးပွားရေး အခြေအနေအရ နောက်ထပ်ထပ်မံပိတ်ဆို့ဖို့ မဖြစ်နိုင်တော့ဘူးလို့ ပြောပါတယ်။

**ကာကွယ်ဆေးထိုးနှံမှုတွေလုပ်ဖို့ အီတလီစီစဉ်**

ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံးခံစားခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အီတလီနိုင်ငံဟာ လာမယ့် ဇန်နဝါရီလမှာ အကြီးအကျယ် ကာကွယ်ဆေးထိုး လှုပ်ရှားမှုတွေလုပ်ဖို့ စီစဉ်ထားပါတယ်။

ပထမဆုံး ကာကွယ်ဆေးရမယ့်အချိန်မှာ ကာကွယ်ဆေးထိုးလှုပ်ရှားဆောင်ရွက်မှုတွေကို ဇန်နဝါရီလကုန်မှာ လုပ်သွားဖို့ မျှော်လင့်ထားပါတယ်လို့ ကျန်းမာရေးဝန်ကြီး ရောဘာတိုစပီရန်ဆာက ပြောပါတယ်။

**ဒိန်းမတ်လယ်သမားတွေဆန္ဒပြ**

ဒိန်းမတ်လယ်သမားများနဲ့ သားမွေးရမြွေပါမွေးမြူသူများဟာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးဖို့ အစိုးရရဲ့ မြွေပါတွေ သုတ်သင်သတ်ဖြတ်မယ့် ဆုံးဖြတ်ချက်ကို ဆန့်ကျင်တဲ့အနေနဲ့ ထွန်စက်တွေနဲ့ ဆန္ဒပြခဲ့ကြပါတယ်။

**ဂျီ-၂၀ နိုင်ငံများ ကိုဗစ်ကာကွယ်ဆေးကို တစ်ကမ္ဘာလုံးရရှိဖို့ ဆွေးနွေး**

ဂျီ-၂၀ နိုင်ငံတွေဟာ ဆော်ဒီလက်ခံကျင်းပတဲ့ ဆယ်စုနှစ်များအတွင်း ကမ္ဘာ့အဆိုးရွားဆုံး စီးပွားရေးကျဆင်းမှုနဲ့ ကပ်ရောဂါစီမံခန့်ခွဲရေး အွန်လိုင်းအစည်းအဝေးမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို တစ်ကမ္ဘာလုံး ရရှိဖို့ ဆွေးနွေးခဲ့ကြပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေး စမ်းသပ်ပြီး စိတ်ချရတဲ့အနေအထားရောက်ရင် အဲဒီဆေးကို နိုင်ငံတကာနဲ့ပူးပေါင်းပြီး ပမာဏများများထုတ်လုပ်နိုင်ရေး အရှိန်မြှင့်တင်လုပ်ဆောင်နေတဲ့အချိန်မှာ ဂျီ-၂၀ ခေါင်းဆောင်တွေကလည်း နှစ်ရက်ကြာ အွန်လိုင်းအစည်းအဝေးမှာ ကိုဗစ်-၁၉ ရန်ပုံငွေထည့်ဝင်ရေး ခေါင်းချင်းရိုက် ဆွေးနွေးခဲ့ကြပါတယ်။

**ရုရှား ကိုဗစ်ကူးစက်သေဆုံးမှု စံချိန်တင်**

ရုရှားနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ နှစ်သန်းကျော်လွန်လာပြီး နှစ်ရက်အကြာမှာတော့ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှုဟာ စံချိန်တင်များပြားလာခဲ့ပါတယ်။

ကျန်းမာရေးအာဏာပိုင်တွေက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၄၈၂၂ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ သေဆုံးသူလည်း ၄၇၆ ဦးတိုးလာကြောင်းဖော်ပြလိုက်ပါတယ်။ အခုဆိုရင် ရုရှားနိုင်ငံမှာ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၀၆၄၇၄၈ ဦးရှိလာပြီး သေဆုံးသူပေါင်းဟာလည်း ၃၅၇၇၈ ဦးရှိလာခဲ့ပါတယ်။

အဲဒီကိုဗစ်-၁၉ ကြောင့် သေဆုံးမှု ကိန်းဂဏန်းဖော်ပြချက်ဟာ တခြားကမ္ဘာ့နေရာတွေက ကိုဗစ်-၁၉ သေဆုံးမှုကိန်းဂဏန်းဖော်ပြချက်တွေနဲ့ နှိုင်းယှဉ်လိုက်ရင်တော့ ပမာဏနည်းသေးတယ်လို့ ဆိုရမလိုဖြစ်နေသော်လည်း ရုရှားနိုင်ငံအနေနဲ့ကတော့ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းအများဆုံးပါပဲလို့ ကျန်းမာရေး အာဏာပိုင်တွေက ပြောကြားထားပါတယ်။

> **အမေရိကန်ပြည်ထောင်စုမှာ ဖိုက်ဇာနဲ့ ဘိုင်အိုအင်န်တက်ခ် ဆေးဝါးကုမ္ပဏီတွေကလည်း သူတို့ရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးကို စောနိုင်သမျှ အစောဆုံး ထုတ်လုပ်နိုင်ဖို့ ခွင့်ပြုချက် လျှောက်ထားနေကြပါပြီ။**

**ခရီးသွားလာမှုတွေမလုပ်ဖို့ ပိုလန်ဝန်ကြီးချုပ် သတိပေး**

ပိုလန်ဝန်ကြီးချုပ် မာတက်ဇ် မိုရာဝစ်ကီက ခရစ္စမတ်ကာလမှာ ခရီးသွားလာမှုတွေ မလုပ်ကြဖို့ သူ့ရဲ့နိုင်ငံသားတွေကို သတိပေးထားပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ကိုဗစ်-၁၉ တားမြစ်ကန့်သတ်ချက်တွေ ကာလကိုလည်း ထပ်မံတိုးမြှင့်ထားလိုက်ပါသေးတယ်။ သို့သော်လည်း ဈေးဆိုင်တွေကိုတော့ ပြန်လည်ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

ပြဇာတ်ရုံတွေ၊ ဘားတွေနဲ့ စားသောက်ဆိုင်တွေကိုတော့ ခရစ္စမတ်ကာလပြီးတဲ့ အချိန်အထိ ဆက်လက်ပိတ်ထားရမှာ ဖြစ်ပါတယ်။ ထို့အတူ ကျောင်းတွေအနေနဲ့လည်း အဝေးသင်စနစ်နဲ့သာ ဆက်လက်လေ့လာသင်ယူရမှာဖြစ်ပါတယ်။

သို့သော်လည်း ဈေးဝယ်ကုန်တိုက်တွေကိုတော့ နိုဝင်ဘာ ၂၈ ရက်ကစပြီး ပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက်ပြီ ဖြစ်ပါတယ်။

**ကိုဗစ်-၁၉ ကြောင့် လူပေါင်း ၁ ဒသမ ၃ သန်းကျော်သေဆုံး**

လွန်ခဲ့တဲ့နှစ် ဒီဇင်ဘာလမှာ တရုတ်နိုင်ငံက စတင်ဖြစ်ပွားလာတဲ့ ကိုဗစ်-၁၉ ကြောင့် အခုဆိုရင် ကမ္ဘာတစ်ဝန်းသေဆုံးသူပေါင်းဟာလည်း ၁ ဒသမ ၃ သန်းကျော်လွန်လာပြီဖြစ်ပါတယ်။ အလားတူပဲ ကမ္ဘာတစ်ဝန်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်းဟာလည်း ဝေါ်ဒိုမီတာရဲ့ ဖော်ပြချက်အရ ၅၈ သန်းကျော်လွန်လာပြီ ဖြစ်ပါတယ်။ အဲဒီထဲကမှ ၃၆ သန်းကျော် ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာပြီလို့လည်း ဖော်ပြထားပါတယ်။

အမေရိကန်ပြည်ထောင်စုကတော့ ကိုဗစ်-၁၉ ခံစားရမှုအပိုင်းမှာ အဆိုးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီးတော့ ကိုဗစ်-၁၉ ကူးစက်ခံစားနေရသူ ၁၁၉၁၃၉၄၅ ဦးမှာ သေဆုံးသူ ၂၅၄၂၄ ဦးဖြစ်ပါတယ်။ ဘရာဇီးကတော့ ကိုဗစ်-၁၉ သေဆုံးစာရင်းမှာ အမေရိကန်ကို မမီသော်လည်း ဒုတိယနေရာက ဆက်လက်ရပ်တည်လျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံကတော့ ကမ္ဘာ့တတိယသေဆုံးမှု အများဆုံးနိုင်ငံတစ်နိုင်ငံအနေနဲ့ ရပ်တည်လျက်ရှိပါတယ်။ သူ့ရဲ့နောက်မှာတော့ မက္ကဆီကိုနဲ့ အင်္ဂလန်တို့ရှိပါတယ်။

**စတိုးဆိုင်တွေ ပြန်ဖွင့်တော့မယ်**

ပြင်သစ်နိုင်ငံကတော့ အဆိုးဆုံး ကိုဗစ်-၁၉ ကူးစက်မှု ဒုတိယအကျော့ကို ကျော်လွှားလာပြီလို့ အချက်အလက်သစ်တွေမှာ ဖော်ပြမှုနဲ့အတူ အရေးကြီးတဲ့ ခရစ္စမတ်ဈေးဝယ်ရာသီမှာ စတိုးဆိုင်တွေကိုပြန်ဖွင့်ဖို့ ပြင်ဆင်နေကြပါပြီ။

ညမထွက်ရအမိန့်နဲ့ တစ်စိတ်တစ်ပိုင်း အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို ကျင့်သုံးခဲ့တာကြောင့် လွန်ခဲ့တဲ့သီတင်းပတ်မှာ ကိုဗစ်-၁၉ ကူးစက်မှုပမာဏ ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ရောက်ရတဲ့ ပမာဏလည်း ၁၃ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ပါတယ်။ အလားတူ အထူးကြပ်မတ်ကုသဆောင်မှာ ကုသနေတဲ့ လူနာအရေအတွက်ကလည်း ကိုးရာခိုင်နှုန်းအထိ ကျဆင်းခဲ့တယ်လို့ ကျန်းမာရေးဌာနက ဖော်ပြထားပါတယ်။

**ကာကွယ်ဆေးထုတ်လုပ်ဖို့ ခွင့်ပြုချက် လျှောက်ထား**

အမေရိကန်ပြည်ထောင်စုမှာ ဖိုက်ဇာနဲ့ ဘိုင်အိုအင်န်တက်ခ်ဆေးဝါးကုမ္ပဏီတွေကလည်း သူတို့ရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးကို စောနိုင်သမျှအစောဆုံး ထုတ်လုပ်နိုင်ဖို့ ခွင့်ပြုချက် လျှောက်ထားနေကြပါပြီ။ ဒါဟာ အခြေအနေယိမ်းယိုင်နေတဲ့ နိုင်ငံတွေနဲ့ ကမ္ဘာ့စီးပွားရေးကျဆင်းနေမှုကို ပုံမှန်အနေအထားအတိုင်း ပြန်လည်ရောက်ရှိအောင် လုပ်ဆောင်နိုင်မယ့် ပထမဆုံးခြေလှမ်းသစ်တစ်ရပ်လည်းဖြစ်ပါတယ်။

ကမ္ဘာကြီးဟာ ကိုဗစ်-၁၉ ကပ်ရောဂါကနေ ကယ်တင်မယ့် သိပ္ပံပညာရှင်တွေကို စောင့်မျှော်လျက်ရှိပါတယ်။ အမေရိကန် အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာနကတော့ သူ့ရဲ့ကာကွယ်ဆေးကော်မတီဟာ ဒီဆေးတွေကို အရေးပေါ်သုံးစွဲခွင့်ပြုရေးအတွက် ဒီဇင်ဘာ ၁၀ ရက်နေ့မှာ ဆွေးနွေးသွားမယ်လို့ ဆိုထားပါတယ်။

ကိုးကား - အေအက်ဖ်ပီ

## ရေရှည်စီးပွားရေးလုပ်ငန်းတွေအတွက်လည်း စီစဉ်ထား



ရေရှည်စီးပွားရေးလုပ်ငန်းတွေအတွက်လည်း ကျွန်မတို့ စီစဉ်ထားပြီးတာကတော့ အမှန်ပြောရရင် ၂ လပိုင်းကတည်းက ကိုဗစ်ရောဂါကို စပြီး ရင်ဆိုင်ရတော့မယ်ဆိုပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ ကပ်ရောဂါကြီးလို့ မကြေညာခင်ကတည်းက စီးပွားရေးနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့အနေနဲ့ ပြည်သူတွေကို မထိခိုက်အောင် ဘယ်လို စီစဉ်ရမလဲဆိုတာ စပြီးတော့ ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီအစီအစဉ်တွေကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် လိုအပ်သလို ကျွန်မတို့ အကောင်အထည်ဖော်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ စိုးရိမ်မလွန်ပါနဲ့၊ သတိကတော့ရှိပါ။ ပြည်သူတွေအနေနဲ့ ကိုယ့်ကျန်းမာရေးကိုပဲ သတိပြုပြီးတော့ ဂရုစိုက်စေချင်ပါတယ်။ ပြည်သူတွေဟာ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်မယ်။ ကိုယ့်ကို မကူးအောင်လုပ်မယ်။ ကိုယ်ကနေ တခြားလူတွေကို မကူးအောင်လုပ်မယ်ဆိုရင် နိုင်ငံတော်ရဲ့ဝန်က ထက်ဝက်မက ပေါ့သွားမှာပါ။ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စ၊ ဒါတွေကတော့ နိုင်ငံတော်အစိုးရရဲ့ တာဝန်ဖြစ်တဲ့အလျောက် ကျွန်မတို့အနေနဲ့ အတတ်နိုင်ဆုံး လုပ်သွားပါမယ်။ ဘာတွေလုပ်မယ်၊ ဘယ်လိုအစီအစဉ်တွေ ရှိတယ်ဆိုတာကိုလည်း ပြည်သူတွေနားလည်အောင်၊ ရှင်းရှင်းလင်းလင်းသိရအောင် ကျွန်မတို့ တစ်ပတ်နှစ်ခါပြောနေတဲ့ ဗီဒီယိုမိန့်ခွန်းတွေထဲမှာ ထည့်ပြောသွားပါမယ်။ ရုပ်မြင်သံကြားကပဲဖြစ်ဖြစ်၊ ဌာနဆိုင်ရာရဲ့ အွန်လိုင်းကပဲဖြစ်ဖြစ်၊ သတင်းစာတွေထဲကဖြစ်ဖြစ်၊ နိုင်ငံပိုင်သတင်းစာထဲက ဖြစ်ဖြစ် ပြည်သူတွေကို အမြန်ဆုံးအသိပေးမှာ ဖြစ်ပါတယ်။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၁၆–၁၁–၂၀၂၀ ရက်နေ့တွင် ပြည်သူများသို့ အစီရင်ခံတင်ပြသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်းသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## မိုးကောင်းမြို့နယ်အတွင်းရှိ တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ရန် စစ်ဆေးမှုများဆောင်ရွက်

**မိုးကောင်း နိုဝင်ဘာ ၂၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်းရှိ တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရန် ယနေ့နံနက်ပိုင်းက မြို့နယ် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ကိုဗစ်–၁၉ ကူးစက်ရောဂါကြောင့် ပါဆယ်စနစ်ဖြင့်သာ ရောင်းချခွင့်ပြုထားသည့် စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် တည်းခိုခန်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရန် မိုးကောင်းမြို့နယ် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီမှစတင်၍ အဖွဲ့နှစ်ဖွဲ့ခွဲကာ လိုက်လံကြည့်ရှုစစ်ဆေးကြပြီး နိုဝင်ဘာလကုန်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**ဖွင့်လှစ်ခွင့်ရရှိမည်**

ထိုကဲ့သို့စစ်ဆေးရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် (A) အဆင့်ရရှိမှသာ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိမည်ဖြစ်ပြီး ဆိုင်ပိုင်ရှင်၊ ဆိုင်ဝန်ထမ်းများနှင့် စားသုံးသူများပါမကျန် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ကာ စည်းကမ်းဖောက်ဖျက်သည်ကို စစ်ဆေးတွေ့ရှိပါက ရက်အကန့်အသတ်နှင့် ဆိုင်ပိတ်ခြင်း၊ ဒဏ်ငွေရိုက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး ဝမ်းတွင်းမြို့နယ်၌ နှာခေါင်းစည်းများဝေငှ

**နေပြည်တော် နိုဝင်ဘာ ၂၂**



မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့မရဲစခန်းမှ ရဲအုပ်လှဝေ ဦးစီးသော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၈နာရီက ဝမ်းတွင်းမြို့ အမှတ်(၂)ရပ်ကွက် ဝမ်းတွင်းဈေးတွင် ဈေးရောင်း/ဈေးဝယ် ပြည်သူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ခြင်း စည်းကမ်းချက်များနှင့်အညီ နှာခေါင်းစည်းများ ဝေငှခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**

◆ *ကျောဖုံးမှ*

ဦးပြည့်စုံ ဦးဆောင်သည့် ပူးပေါင်းအဖွဲ့က စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် ပြင်ဆင်ထားရှိရမည့်အချက်များ၊ စားသောက်ဆိုင်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများလိုက်နာရမည့်အချက်များ၊ စားသုံးသူများ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အထူးဂရုပြုဆောင်ရွက်ရမည့် သန့်ရှင်းရေးလုပ်ငန်းများ စသည့်အချက်များကို ဆိုင်ပိုင်ရှင်များအား အသိပေး ရှင်းလင်းပြောကြားပြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးကြောင်း သိရသည်။

**မကြာမီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်**

ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များအနေဖြင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ သတ်မှတ်ချက်များအား စနစ်တကျ လိုက်နာဆောင်ရွက်မှု ရှိ/ မရှိကို ထပ်မံစစ်ဆေးသွားမည်ဖြစ်ပြီး သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီမှုရှိပါက မကြာမီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှိုင်ဝင်းဟန်က ပြောသည်။

**နန်းထိုက် (ပြန်/ဆက်)**

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀)ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၂-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂၁-၁၁-၂၀၂၀) ရက်နေ့အတွက် ခာတ်ခွဲအတည်ပြုလူနာ (၁,၄၃၄)ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | ၉၀ |
| | | မရမ်းကုန်း | ၆၆ |
| | | ရွှေပြည်သာ | ၅၆ |
| | | မင်္ဂလာဒုံ | ၅၄ |
| | | အင်းစိန် | ၄၆ |
| | | တောင်ဥက္ကလာပ | ၄၄ |
| | | တာမွေ | ၄၃ |
| | | မှော်ဘီ | ၃၆ |
| | | မြောက်ဥက္ကလာပ | ၃၄ |
| | | သာကေတ | ၂၉ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၉ |
| | | သန်လျင် | ၂၈ |
| | | သဃ်န်းကျွန်း | ၂၈ |
| | | တွံတေး | ၂၇ |
| | | စမ်းချောင်း | ၂၅ |
| | | ထန်းတပင် | ၂၄ |
| | | ကျောက်တန်း | ၂၂ |
| | | လှိုင် | ၂၁ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၁ |
| | | ဒလ | ၂၀ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၆ |
| | | ဆိပ်ကြီးခနောင်တို | ၁၆ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၅ |
| | | တိုက်ကြီး | ၁၅ |
| | | ရန်ကင်း | ၁၃ |
| | | အလုံ | ၁၃ |
| | | ကမာရွတ် | ၁၀ |
| | | လှည်းကူး | ၉ |
| | | ကျောက်တံတား | ၈ |
| | | မင်္ဂလာတောင်ညွန့် | ၇ |
| | | ကြည့်မြင်တိုင် | ၇ |
| | | လမ်းမတော် | ၆ |
| | | ပုဇွန်တောင် | ၅ |
| | | ဗဟန်း | ၄ |
| | | ဒေါပုံ | ၄ |
| | | ကွမ်းခြံကုန်း | ၄ |
| | | ကော့မှူး | ၄ |
| | | သုံးခွ | ၄ |
| | | ဒဂုံ | ၃ |
| | | လသာ | ၃ |
| | | ဗိုလ်တထောင် | ၁ |
| | | ခရမ်း | ၁ |
| | | ပန်းဘဲတန်း | ၁ |
| | | စုစုပေါင်း | ၉၁၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၃၈ |
| | | ပုသိမ်ကြီး | ၂၇ |
| | | ချမ်းမြသာစည် | ၂၆ |
| | | အောင်မြေသာစံ | ၂၄ |
| | | အမရပူရ | ၂၄ |
| | | မဟာအောင်မြေ | ၂၀ |
| | | ပြည်ကြီးတံခွန် | ၁၁ |
| | | ကျောက်ပန်းတောင်း | ၆ |
| | | မတ္တရာ | ၆ |
| | | ကျောက်ဆည် | ၃ |
| | | ဝမ်းတွင်း | ၂ |
| | | မလှိုင် | ၁ |
| | | မိတ္ထီလာ | ၁ |
| | | မြင်းခြံ | ၁ |
| | | စဉ့်ကိုင် | ၁ |
| | | တောင်သာ | ၁ |
| | | သာစည် | ၁ |
| | | ရမည်းသင်း | ၁ |
| | | စုစုပေါင်း | ၁၉၄ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၆၀ |
| | | နတ်တလင်း | ၄ |
| | | တောင်ငူ | ၄ |
| | | ဝေါ | ၄ |
| | | ဖြူး | ၃ |
| | | အုတ်ဖို | ၂ |
| | | ရွှေတောင် | ၂ |
| | | ထန်းတပင် | ၁ |
| | | ကျောက်တံခါး | ၁ |
| | | ကဝ | ၁ |
| | | သနပ်ပင် | ၁ |
| | | စုစုပေါင်း | ၈၃ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | မအူပင် | ၁၄ |
| | | ဒေးဒရဲ | ၁၀ |
| | | ရေကြည် | ၈ |
| | | ကျိုက်လတ် | ၅ |
| | | ကျောင်းကုန်း | ၄ |
| | | အိမ်မဲ | ၄ |
| | | ပုသိမ် | ၄ |
| | | ဝါးခယ်မ | ၃ |
| | | ပန်းတနော် | ၂ |
| | | ညောင်တုန်း | ၂ |
| | | မော်လမြိုင်ကျွန်း | ၁ |
| | | မြောင်းမြ | ၁ |
| | | စုစုပေါင်း | ၅၈ |
| ၅။ | မကွေးတိုင်းဒေသကြီး | စလင်း | ၉ |
| | | ချောက် | ၈ |
| | | နတ်မောက် | ၇ |
| | | မြိုင် | ၆ |
| | | ရေနံချောင်း | ၆ |
| | | မြို့သစ် | ၄ |
| | | မင်းဘူး | ၃ |
| | | တောင်တွင်းကြီး | ၂ |
| | | အောင်လံ | ၂ |
| | | ဂန့်ဂေါ | ၁ |
| | | ကံမ | ၁ |
| | | ပခုက္ကူ | ၁ |
| | | ပွင့်ဖြူ | ၁ |
| | | ဆင်ပေါင်ဝဲ | ၁ |
| | | ရေစကြို | ၁ |
| | | စုစုပေါင်း | ၅၃ |
| ၆။ | ရခိုင်ပြည်နယ် | ရသေ့တောင် | ၁၀ |
| | | မင်းပြား | ၉ |
| | | စစ်တွေ | ၈ |
| | | အမ်း | ၈ |
| | | ကျောက်ဖြူ | ၆ |
| | | တောင်ကုတ် | ၂ |
| | | ဘူးသီးတောင် | ၁ |
| | | ကျောက်တော် | ၁ |
| | | မောင်တော | ၁ |
| | | မာန်အောင် | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၄၈ |
| ၇။ | မွန်ပြည်နယ် | ကျိုက်ထို | ၁၁ |
| | | သထုံ | ၁၁ |
| | | မော်လမြိုင် | ၈ |
| | | ဘီးလင်း | ၄ |
| | | ကျိုက်မရော | ၁ |
| | | သံဖြူဇရပ် | ၁ |
| | | စုစုပေါင်း | ၃၆ |
| ၈။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၁၅ |
| | | မြဝတီ | ၃ |
| | | စုစုပေါင်း | ၁၈ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၆ |
| | | စစ်ကိုင်း | ၂ |
| | | ယင်းမာပင် | ၂ |
| | | ဆားလင်းကြီး | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၀။ | နေပြည်တော် | လယ်ဝေး | ၃ |
| | | ဥတ္တရသီရိ | ၂ |
| | | ပုဗ္ဗသီရိ | ၂ |
| | | ဇမ္ဗူသီရိ | ၂ |
| | | တပ်ကုန်း | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၁၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၂ |
| | | မိုးကောင်း | ၁ |
| | | ရွှေကူ | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၂။ | ရှမ်းပြည်နယ် | လားရှိုး | ၁ |
| | | နမ့်စမ် | ၁ |
| | | မိုင်းပန် | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | ပုလော | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၄။ | ချင်းပြည်နယ် | မင်းတပ် | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၅။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| (၂၁-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၄၃၄) ဦး |

မှတ်ချက်။ (၂၁-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၃၄) ဦးတွင် အနံ့မရရှိသူ (၄၀၄) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ် တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်


- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေး ပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိ ပါသည်။

ရောဂါကူးစက်ပြန့်ပွားမှု ကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကိုပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



## ၂၂-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၂၄၅၃၀၄၇ | ၇၄၀၄၄၂၀ | ၂၆၁၈၂၂ |
| ၂။ | အိန္ဒိယ | ၉၁၀၃၃၃၂ | ၈၅၂၇၉၆၇ | ၁၃၃၃၅၄ |
| ၃။ | ဘရာဇီး | ၆၀၅၂၇၈၆ | ၅၄၂၉၁၅၈ | ၁၆၉၀၁၆ |
| ၄။ | ပြင်သစ် | ၂၁၂၇၀၅၁ | ၁၄၉၅၂၁ | ၄၈၅၁၈ |
| ၅။ | ရုရှား | ၂၀၈၉၃၂၉ | ၁၅၉၅၄၄၃ | ၃၆၁၇၉ |
| ၆။ | စပိန် | ၁၅၈၉၂၁၉ | စိစစ်ဆဲ | ၄၂၆၁၉ |
| ၇။ | ဗြိတိန် | ၁၄၉၃၃၈၃ | စိစစ်ဆဲ | ၅၄၆၂၆ |
| ၈။ | အီတလီ | ၁၃၈၀၅၃၁ | ၅၃၉၅၂၄ | ၄၉၂၆၁ |
| ၉။ | အာဂျင်တီးနား | ၁၃၆၆၁၈၂ | ၁၁၈၇၀၅၃ | ၃၆၉၀၂ |
| ၁၀။ | ကိုလံဘီယာ | ၁၂၄၀၄၉၃ | ၁၁၄၄၉၂၃ | ၃၅၁၀၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၂- ၁၁ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၉၇၆၆၈ | ၄၁၈၁၈၈ | ၁၅၈၈၄ |
| ဖိလစ်ပိုင် | ၄၁၈၈၁၈ | ၃၈၆၄၈၆ | ၈၁၂၃ |
| မြန်မာ | ၇၉၂၄၆ | ၅၈၇၅၈ | ၁၇၃၉ |
| စင်ကာပူ | ၅၈၁၆၀ | ၅၈၀၆၄ | ၂၈ |
| မလေးရှား | ၅၄၇၇၅ | ၄၁၅၉၇ | ၃၃၅ |
| ထိုင်း | ၃၉၁၃ | ၃၇၆၁ | ၆၀ |
| ဗီယက်နမ် | ၁၃၀၇ | ၁၁၄၂ | ၃၅ |
| ကမ္ဘောဒီးယား | ၃၀၆ | ၂၉၅ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| လာအို | ၂၅ | ၂၃ | ၀ |

● *ကျောဖုံးမှ*

### မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ


### (၂၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၄,၈၈၁) ဦး | (၁,၀၁၉,၂၃၈) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၃၉၈) ဦး | (၇၉,၂၄၆) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၇၉) ဦး | (၅၈,၇၅၈) ဦး |
| သေဆုံးလူနာ | (၁၇) ဦး | (၁,၇၃၉) ဦး |

- ယနေ့ **သေဆုံးသူ (၁၇) ဦး** အနက် ရောဂါအခံရှိသူ (၁၄)ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၀၇၉) ဦးတွင်-
  - o ပြည်သူ့ဆေးရုံများ – (၃၄၅) ဦး
  - o COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၇၃၄) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ် ထားရှိသူ စုစုပေါင်း (၁,၄၁၉) ဦးတွင်-
  - o Hotel Quarantine – (၁၅၈) ဦး
  - o Facility Quarantine – (၂၉၂) ဦး
  - o Community Based Facility Quarantine – (၇၁၈) ဦး
  - o Anosmia Center – (၂၅၁) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၂၂

ပင်လောင်းမြို့၊ ဟဲဟိုးမြို့၊ မိုင်းယန်းမြို့နှင့် ဟားခါးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့၊ လွိုင်လင်မြို့နှင့် မင်းတပ်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ ဒသမ ၀၆ လက်မ၊ ထားဝယ်မြို့တွင် ၀ ဒသမ ၂၈ လက်မ၊ ကော့သောင်းမြို့နှင့် လောင်းလုံးမြို့တို့တွင် ၀ ဒသမ ၁၅ လက်မစီနှင့် ရေးမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။ မိုး/ဇလ



## သီပေါ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အရှိန်အဟုန်မပြတ်ဆောင်ရွက် မော်တော်ယာဉ်မောင်းများအား နှာခေါင်းစည်းနှင့် ဆိုင်ကယ်ဦးထုပ်ဖြန့်ဝေ

**သီပေါ နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကြီးမှူး၍ အရှိန်အဟုန်မပြတ် ကာကွယ်တားဆီးရေး လုပ်ငန်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ **(ဓာတ်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် ယနေ့နံနက် ၈ နာရီက မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီးနှင့် မိုင်းပွန်လမ်းဆုံ၌ နှာခေါင်းစည်းအခု ၃၀၀၀ ကျော်အား လမ်းအသုံးပြုသူများ၊ မော်တော်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ ဆိုင်ကယ်စီးနင်း မောင်းနှင်သူများအား အခမဲ့ဝေငှခြင်းကို ကျောက်မဲခရိုင်ယာဉ်ထိန်းရဲ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဝေလင်းနိုင်နှင့် သီပေါမြို့နယ်ယာဉ်ထိန်းတာဝန်ခံ တပ်ကြပ်ကြီးဝင်းဇော်လတ်နှင့် အဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကလေး၊ လူကြီးဆိုင်ကယ်စီးဦးထုပ် ၁၇၀ နှင့် ယာဉ်/လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးပြီး ဆိုင်ကယ်စီးနင်းရာတွင် ဆိုင်ကယ်စီး ဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပို၍ မစီးရန်၊ လက်ကိုင်ဖုန်း အသုံးပြုလျက် ယာဉ်မောင်းနှင်ခြင်းအား မပြုရန်၊ အသက်ကယ် ထိုင်ခုံခါးပတ် ပတ်ရန်နှင့် ဆိုင်ကယ်ရှေ့မီးကြီး အနိမ့်အား နေ့ရောညပါ ဖွင့်မောင်းနှင်ကြရန် စသည်တို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# (၅) ကြိမ်မြောက် ကျင်းပမည့် Myanmar Script Fund အစီအစဉ် အွန်လိုင်းမှ ပြုလုပ်မည်

ရန်ကုန် နိုဝင်ဘာ ၂၂

(၅) ကြိမ်မြောက် Myanmar Script Fund (MSF) အစီအစဉ်ကို နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် MEMORY ပွဲတော်အနေဖြင့် ကျန်းမာရေး အကျပ်အတည်းများကြောင့် MEMORY နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကထွာ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သော လူအများစုဝေး၍ ရုပ်ရှင်များပြသခြင်းကို ကျင်းပပြုလုပ်နိုင်တော့မည် မဟုတ်ဘဲ အခြေအနေပေါ် မူတည်၍ ၂၀၂၁ ခုနှစ်တွင်သာ ပြန်လည်ပြုလုပ်နိုင်ရန် စီစဉ်ထားသည်။ သို့သော် MEMORY ပွဲတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သော နိုင်ငံတကာရုပ်ရှင်ပွဲတော်များကို နမူနာယူ၍ ဂုဏ်သရေအရှိဆုံးသော နိုင်ငံတကာရုပ်ရှင်ပွဲတော်များမှ ပညာရှင်များကိုဖိတ်ခေါ်ပြီး နှစ်စဉ်နှစ်တိုင်း ပိုမိုအင်အားကောင်းလာသော Myanmar Script Fund (MSF) ကို အစဉ်အလာမပြတ် ဆက်လက်ပံ့ပိုး ကျင်းပသွားမည်ဖြစ်သည်။




“MSF ကို (၄)ကြိမ်မြောက် ကျင်းပပြီးတဲ့အခါမှာတော့ MSF ဟာ တော်တော်လေး တိုးတက်လာတယ်ဆိုတာကို မြန်မာရုပ်ရှင် Project တွေ နိုင်ငံတကာဈေးကွက်နဲ့ ပွဲတော်တွေမှာ ဆုတွေ အများကြီးရပြီး ရွေးချယ်ခံရတာကိုကြည့်ရင် သိသာပါတယ်။ အခုလို မြန်မာ့ရုပ်ရှင်လုပ်ငန်း အပေါ်မှာ အကျိုးသက်ရောက်မှုရှိတဲ့ အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းဖို့အတွက် ဒီလိုကောင်းမွန်စွာနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ MSF အစီအစဉ်ကို မရပ်တန့်သွားစေဖို့ အင်မတန်မှ အရေးကြီးပါတယ်” ဟု ရုပ်ရှင်မင်းသမီး၊ ထုတ်လုပ်သူနှင့် MEMORY ပွဲတော်ကို စဉ်ဆက်မပြတ် အဓိက ကူညီပံ့ပိုးပေးသူ ဒေါ်ဆွေဇင်ထိုက်က ပြောသည်။

အဆိုပါ (၅)ကြိမ်မြောက် ကျင်းပမည့် Myanmar Script Fund (MSF) Online အစီအစဉ်ကို ရုပ်ရှင်လုပ်ငန်း၏ အဓိကကျသော နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသည့် Cannes Festival Cinefondation (ပြင်သစ်), Locarno Festival Open Doors (ဆွစ်ဇာလန်), Rotterdam Festival Hubert Bals Fund (နယ်သာလန်), Cannes Festival Semaine de la Critique (ပြင်သစ်),Torino Film Lab (အီတလီ), Ties That Bind (ဥရောပလုပ်ငန်းစု), CNC French Film Commission (ပြင်သစ်), Autumn Meetings (ဗီယက်နမ်), Busan Festival Asian Project Market (ကိုရီးယား), LIM Groupe Ouest (ပြင်သစ်), La Fabrique Cinema (ပြင်သစ်) အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ကူညီကြမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# မိတ္ထီလာမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး၊ စည်းကမ်းပျက်ယာဉ်များအား အရေးယူမည်

မိတ္ထီလာ နိုဝင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုအနေဖြင့် ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လုပ်ငန်းများနှင့် စည်းကမ်းပျက်ယာဉ်များအား ဖမ်းဆီးအရေးယူခြင်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်-မန္တလေးကားလမ်း ရွှေမြင်တင်စေတီတော်အနီးတွင် ဆောင်ရွက်ကြသည်။ **(ယာပုံ)**

အမှတ်(၉၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မိတ္ထီလာ)အနေဖြင့် မြို့နယ်အတွင်း ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ရပ်ကွက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် စည်းကမ်းပျက်ယာဉ်များအား ဖမ်းဆီးအရေးယူခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့သည့်အတွက် ၎င်းလုပ်ငန်းများကို ယာယီရပ်နားထားလျက်ရှိသည်။ ထိုသို့ ယာယီရပ်နားထားချိန်တွင် ယာဉ်တိုက်မှုများ များပြားလာသည့်အတွက် ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းလာစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် စည်းကမ်းပျက်ယာဉ်များအား ဖမ်းဆီးအရေးယူမှုလုပ်ငန်းများကို နိုဝင်ဘာ ၉ ရက်မှစတင်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လူစည်ကားရာ နေရာ များတွင် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဒေသခံ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်သူများ ၂၀၂၀ ပြည့်နှစ် မော်တော်ယာဉ် စီမံခန့်ခွဲမှု ဥပဒေ များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် လမ်းဆုံလမ်းခွနေရာများ၊ မီးပွိုင့် နေရာများတွင် အသံချဲ့စက်ဖြင့် နေ့ည ဖွင့်လှစ်၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ စည်းကမ်းပျက်ယာဉ်များအား အရေးယူရာတွင် ကိုဗစ်-၁၉ ရောဂါဖြစ်နေသည့်ကာလ၌ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှာ ဖွင့်လှစ်နိုင်ခြင်းမရှိသည့်အတွက် ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းလွန်များကို ဖြေလျှော့ထားကြောင်း အမှတ်(၉၆)ယာဉ်ထိန်း ရဲတပ်ဖွဲ့စု



(မိတ္ထီလာ)ဒုရဲမှူး ရန်နိုင်ထံမှ သိရသည်။

မိတ္ထီလာမြို့နယ်တွင် အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် စည်းကမ်းပျက်ယာဉ်များအား ဖမ်းဆီးအရေးယူမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ယနေ့အထိ အသိပညာပေးခြင်းလုပ်ငန်း အကြိမ် ၃၀ ဆောင်ရွက်နိုင်ခဲ့ပြီး စည်းကမ်းပျက်ယာဉ် ၃၄၆ စီးကို တရားစွဲတင် ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း၊ လိုင်စင်မဲ့ယာဉ် ၁၆ စီးကို ဖမ်းဆီးတရားစွဲတင်ပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ကြောင်း အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ASEAN CARE အစီအစဉ်ဖြင့် တောင်ကြီးမြို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခံရလွယ်သူများနှင့် အကူအညီလိုအပ်နေသူများအတွက် အခြေခံစားသောက်ကုန်များထောက်ပံ့

တောင်ကြီး နိုဝင်ဘာ ၂၂

ASEAN CARE အစီအစဉ်ဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် တောင်ကြီး၊ ကလော၊ ရွာငံ၊ ရပ်စောက်၊ မိုင်းပွန်စသည့်မြို့နယ်များမှ ရပ်ကွက်များနှင့် ကျေးရွာများရှိ အခြေခံလူတန်းစားများအား ထောက်ပံ့ဆောင်ရွက်ခြင်းကို ရှမ်းပြည်နယ်တောင်ပိုင်း ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးအသင်း အတွင်းရေးမှူး ဒေါ်ရီသိန်း ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ချမ်းမြသာစည်နှင့် ရွှေတောင်ရပ်ကွက်များရှိ အခြေခံလူတန်းစားများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆေး၊ လက်ဆေးဆပ်ပြာရည်၊ လက်သန့်ဆေးရည်များကို နှစ်ရပ်ကွက်ပေါင်း အိမ်ထောင်စု ၃၆ စုတို့ကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(ယာပုံ)**

Community Chest of Korea, United Way Worldwide and ASEAN Foundation အဖွဲ့တို့၏ ထောက်ပံ့မှုဖြင့် နမ့်ခုံး အင်စတီကျူနှင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် Nam Khone Alumni Network, Multi–Ethnic Women Organization, Catholic Youth Network, Holding Hand from Cherry Land and Local Authority အဖွဲ့တို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခံရလွယ်သူများနှင့် အကူအညီလိုအပ်နေသူများအတွက် အခြေခံ စားသောက်ကုန်များ ထောက်ပံ့ပေးသော စီမံကိန်း “ASEAN CARE” က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ASEAN CARE သည် မြန်မာ၊ မလေးရှားနှင့် ထိုင်းနိုင်ငံရှိ အားနည်းချက်ရှိသော လူများ၊ ကလေးသူငယ်ရှိသော မိသားစုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများဦးဆောင်သော အိမ်ထောင်စုများ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်သည်များအား အခြေခံစားသောက်ကုန်နှင့် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများအား ထောက်ပံ့ရန် ရည်ရွယ်ထားပြီး Community Chest of Korea မှ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၅၀၀၀ ကို မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးသော လူဦးရေ ၁၅၀၀ ကျော်အား ထောက်ပံ့ရန် ကတိပြုခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ကွန်ဟိန်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ဆိုင်များ ဆိုင်ထိုင်ရောင်းချခွင့်ပြုနိုင်ရေး စစ်ဆေး

ကွန်ဟိန်း နိုဝင်ဘာ ၂၂

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့၌ ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များထဲမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်- ၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားသည့်ဆိုင်များကို ဆိုင်ထိုင်ရောင်းချခွင့်ပြုပေးမည်ဖြစ်ရာ အဆိုပါဆိုင်များ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားမှု ရှိ/မရှိကို တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီခန့်ကစ၍ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကွန်ဟိန်းမြို့ပေါ်ရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ငါးကန်များအား ကွင်းဆင်းစစ်ဆေးပြီး ဆိုင်ရှင်များနှင့် ဆိုင်တာဝန်ခံများအား စားသောက်ဆိုင်များတွင် ပြင်ဆင်ထားရမည့်အချက်များ၊ စားသောက်ဆိုင်တာဝန်ရှိသူများနှင့် ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် အထူးဂရုပြုဆောင်ရွက်ရမည့် သန့်ရှင်းရေးလုပ်ငန်းများ အစရှိသည့်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် လိုက်နာရမည့်အချက်များကို အသိပညာပေးခြင်းများ ဆောင်ရွက်သည်။

ကိုဗစ်-၁၉ ကာလအတွင်း ဆိုင်ထိုင်ရောင်းချခြင်းကို ခွင့်မပြုဘဲ ပါဆယ်စနစ်ဖြင့်သာ ရောင်းချစေခဲ့ရာမှ ယခုအခါ ယင်းဆိုင်များကို ဆိုင်ထိုင် ရောင်းချခွင့်ပြုရန်အတွက် ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားသည့်ဆိုင်များကို ဒီဇင်ဘာလတွင် ပြန်လည်ရောင်းချခွင့်ပြုပေးမည်ဖြစ်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထွန်း၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများမှ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ (အင်ဒိုနီးရှား)က ကြီးမှူး၍ SME Webinar ကို ဒီဇင်ဘာလတွင် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံ အသေးစားနှင့်အလတ်စား (SME) ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ် တိုးတက်လာစေရေးအတွက် ရည်ရွယ်သော SME Webinar Series in the Response to COVID-19: “The Benefits of Digital Payments for SMEs in Myanmar during COVID-19 နှင့် စပ်လျဉ်း၍ ယမန်နေ့ က US-ASEAN Business Council နှင့် အသင်းချုပ် တာဝန်ရှိသူများ Vitural Meeting ဖြင့် တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ Webinar ကို US-ASEAN Business Council (Indonesia) က ကြီးမှူး၍ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပရန်စီစဉ်လျက်ရှိကြောင်း သိရပြီး မြန်မာနိုင်ငံရှိ SME ကဏ္ဍနှင့် လုပ်ငန်းရှင်များအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

USABC Regional Managing Director & Senior Vice President Ambassador Michael Michalak နှင့် US-ASEAN Business Council (Indonesia) က Ms. Nugraheni Widia Utami တို့က ကုန်သည်စက်မှု အသင်းချုပ် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အသင်းချုပ်တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးအေးထွန်း၊ အမှုဆောင်အရာရှိချုပ် ဦးတင့်ဆွေတို့နှင့် အဆိုပါ SME Webinar ကျင်းပနိုင်ရေး ဆွေးနွေးကြကြောင်း သိရသည်။

**ကျော်ဆန်းမြင့် (မြန်/ဆက်)**

## ကျောက်ထုမြို့နယ် ကျေးရွာ ၂၈ ရွာ၌ ဓာတ်အားရရှိသုံးစွဲနေ

**ကျောက်ထု နိုဝင်ဘာ ၂၂**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့ဒေသရှိ ကျေးရွာ ၃၀ တို့တွင် ကျေးရွာမီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၂၈ ရွာတွင် လျှပ်စစ်ဓာတ်အားရရှိ သုံးစွဲနေပြီဖြစ်ကြောင်း ကျောက်ထုမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းမှ ယမန်နေ့က သိရသည်။

ကျောက်ထုမြို့ဒေသ၌ ကျေးရွာမီးလင်းရေးလုပ်ငန်းကို ၂၀၁၉ ခုနှစ်တွင် စတင်ဆောင်ရွက်ရာ အဆိုပါနှစ်၌ ကျေးရွာ ခြောက်ရွာတွင် လျှပ်စစ်ဓာတ်အား ရောက်ရှိနိုင်သည်ဟု သိရသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာ ၂၂ ရွာတွင် ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်းဖြစ်၍ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEP Phase-1) အစီအစဉ်ဖြင့် ကျေးရွာ ရှစ်ရွာတွင် ကျေးရွာမီးလင်းရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကျန်ရှိကျေးရွာ နှစ်ရွာမှာ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် ဆောင်ရွက်သည့် လေးကျေးရွာနှင့် ကျောက်ပျဉ်းကျေးရွာတို့ ဖြစ်ကာ အဆိုပါကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ဆက်လက် ဆောင်ရွက်ဆဲဖြစ်ကြောင်း ကျောက်ထုမြို့ လျှပ်စစ်မှူး ဦးဗိုင်နော်ရိန်းက ပြောသည်။ **၁၄၄**

## ကျောက်ဆည်မြို့နယ်၌ ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ အသစ်တစ်လုံး တိုးချဲ့ဆောက်လုပ်ပြီးစီး

**ကျောက်ဆည် နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ခရိုင်လျှပ်စစ်မန်နေဂျာရုံး ကြီးကြပ်မှုဖြင့် ဟံမြင့်မိုရ်ကျေးရွာအနီး မင်းစု-ဟံမြင့်မိုရ် ကျေးရွာချင်းဆက်လမ်းဘေးတွင် ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအသစ်တစ်လုံး တိုးချဲ့ဆောက်လုပ်သဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကျောက်ဆည် မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် ကြက်မင်းတွန် ရပ်ကွက်ရှိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံနှင့် ၄က္ကတောင်ရပ်ကွက်ရှိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံနှစ်ရုံမှ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိရာ မြို့နှင့်အလှမ်းဝေးသည့် ကျေးရွာများ၌ လျှပ်စစ်မီးသုံးစွဲရာတွင် ဗို့အားပြည့်ဝစွာ မသုံးစွဲနိုင်ခြင်း၊ ဓာတ်အား ပြတ်တောက်ခြင်းများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ မြို့နှင့် အလှမ်းကွာဝေးသည့် ကျေးရွာများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ခရိုင်လျှပ်စစ်မန်နေဂျာရုံး၏ ကြီးကြပ်မှုဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ကျပ် ၉၀၆ သန်းကျော် အကုန်အကျခံပြီး ဟံမြင့်မိုရ်ကျေးရွာ အနီးတွင် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂ မိုင်၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ၊ ၁၁ ကေဗွီ လိုင်း(၁)မိုင် အသစ်တစ်ခု ဆောက်လုပ်ပြီး ဓာတ်အားများ စတင်ဖြန့်ဖြူးလိုက်ခြင်း ဖြစ်သည်။

ကျောက်ဆည်ခရိုင်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူ အိမ်ထောင်စုပေါင်းတစ်သိန်းနှစ်သောင်းကျော်ရှိပြီး ကျောက်ဆည်မြို့နယ်တွင် ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၇ အုပ်စု၊ ကျေးရွာပေါင်း ၂၂၃ ရွာ ရှိရာ လျှပ်စစ်ဓာတ်အား သုံးစွဲသူ အိမ်ထောင်စုပေါင်း ၄၂၅၅၇ စု ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၁၁ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၄၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၇၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၇၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၀/၅၁၅ | ကျပ် | ၅၄၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၀/၅၇၀ | ကျပ် | ၅၆၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၅/၅၁၅ | ကျပ် | ၅၃၅/၅၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၅/၆၃၀ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၀၇ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၂ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၃ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၅ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၀ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၃ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၉ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၆၅၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၇ . ၁၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၅၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၁၈၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၅၈၈ | ၅၈၃၀၀၀၀ |
| MTSH | ၃၇၀၀ | ၃၇၅၀ | ၆၁၂၁ | ၂၂၆၅၃၇၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၃၁ | ၂၆၀၄၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁၅ | ၃၃၇၅၀၀ |
| TMH | ၂၇၀၀ | ၀ | ၀ | ၀ |
| EFR | ၄၀၀၀ | ၄၀၀၀ | ၁၆၄ | ၆၅၆၀၀၀ |

ခင်ရတနာ - စုစည်းသည်


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm



# မြန်မာစာနှင့် ပါဠိ(၁၄)

## မောင်ခင်မင် (ဓနုဖြူ)

“မြန်မာစာနဲ့ပါဠိ ဘာသာစကားဆက်သွယ်ပုံ အကြောင်း တော်တော်များများ ပြောဆိုပြီးကြပြီဆို တော့ အရင်အပတ်က စကားစထားတဲ့အတိုင်း မြန်မာစာနဲ့ပါဠိစာပေ ဆက်သွယ်ပုံအကြောင်း ပြောကြတာပေါ့”

“ဟုတ်ကဲ့ပါ ဆရာ။ ပါဠိစာပေဆိုတော့ ပိဋကတ်စာပေပဲပေါ့နော် ဆရာ”

“အေးပေါ့။ ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုတဲ့ ပိဋကတ်သုံးပုံကို ဆိုလိုတာ မင်းသိပါတယ်။ အစပိုင်းတုန်းက တို့ဆွေးနွေးဖူးပါတယ်။ ဘုရားဟော ပါဠိတော်က စပြီး အဋ္ဌကထာ၊ ဋီကာစတဲ့ အဖွင့်ကျမ်းတွေ၊ ဂန္ထန္တရကျမ်းတွေ အားလုံးပါတာပေါ့။ ပါဠိဘာသာ နဲ့ ရေးထားတာမို့ ပါဠိစာပေလို့ ခေါ်လို့ရပါတယ်။ ဗုဒ္ဓစာပေလို့လဲ ခေါ်နိုင်တာပေါ့”

“ဟုတ်ပါတယ် ဆရာ”

“အဲဒီ ပါဠိပိဋကတ်စာပေတွေ ပုဂံခေတ်မှာ မြန်မာစာအရေးအသား မပေါ်ခင်ကတည်းက ပုဂံကို ရောက်နေပြီဆိုတာလဲ ကျောက်စာ၊ မင်စာ အထောက်အထားတွေအရ သိနိုင်တာပေါ့။ ပိဋကတ်တော်တွေ လှူဒါန်းတဲ့အကြောင်း၊ ပေပေါ်မှာ ရေးကူးတဲ့အကြောင်းတွေပါသလို ကျမ်းနာမည်တွေလဲပါတာမို့ ပုဂံခေတ်မှာ ပါဠိပိဋကတ်စာပေတွေကို မြန်မာတွေ လေ့လာနေပြီဆိုတာ ထင်ရှားတဲ့အချက်ပါ”

“ဟုတ်ပါတယ် ဆရာ”

“မြန်မာစာပေနဲ့ ဆက်စပ်ပြောရရင်တော့ ဆက်သွယ်မှုအရှိဆုံးလို့ဆိုရမဲ့ စာပေတွေက ဇာတကရယ်၊ ဗုဒ္ဓဝင်ရယ်၊ ဓမ္မပဒရယ် အဲဒီစာပေတွေကို ပဓာနထားပြီး ပြောရမှာပဲလေ”

“မှန်ပါတယ် ဆရာ။ မြန်မာစာပေထဲမှာ အပျံ့နှံ့ဆုံး ပါဠိစာပေတွေပါ”

“ပိဋကတ်တော်ထဲက တခြားစာပေတွေလဲ မြန်မာစာပေနဲ့ ဆက်သွယ်မှုရှိပါတယ်။ အခုပြောတဲ့ စာပေတွေကတော့ အထင်ရှားဆုံးလို့ ဆိုနိုင်တာပေါ့”

“ဟုတ်ကဲ့ပါ”

“ကဲ...ဒီတော့ ဇာတက စာပေက စရအောင်”

“ငါးရာ့ငါးဆယ် ဇာတ်ကြီးဆယ်ဘွဲ့ပေါ့ ဆရာ”

“အေး၊ ဇာတက စာပေဆိုတာက ဂေါတမ ဘုရားရှင် အလောင်းတော်ဘဝက ဖြစ်တော်စဉ်တွေ မဟုတ်လား။ အားလုံး ၅၄၇ ဇာတ်ရှိတယ်။ မှတ်ရလွယ်အောင် ၃ တိုးပြီး ၅၅၀ လို့ခေါ်ကြတယ် မဟုတ်လား”

“ဟုတ်ပါတယ် ဆရာ။ ဇာတ်ကြီးဆယ်ဘွဲ့ကလဲ ငါးရာ့ငါးဆယ်ထဲမှာပါတယ်ဆိုတာ တချို့က ကွဲကွဲပြားပြား မသိကြဘူးထင်ပါတယ်။ ကျွန်တော်တို့လဲ ငယ်ငယ်တုန်းကဆိုရင် ငါးရာ့ငါးဆယ်က သတ်သတ်၊ ဇာတ်ကြီးဆယ်ဘွဲ့ကသတ်သတ်လို့ ထင်ခဲ့ကြတာပါ”

“ဟုတ်တယ်လေ။ အဲဒီလို ထင်ကြတာတွေ ကြားကြားနေရတာပေါ့။ တကယ်တော့ ဇာတ်တော် ၅၄၇ ဇာတ်ထဲက နောက်ဆုံးဆယ်ဇာတ်ကို ဇာတ်ကြီးဆယ်ဘွဲ့လို့ ခေါ်ကြတာ မဟုတ်လား”

“ဟုတ်ပါတယ် ဆရာ”

“ဒီဇာတ်တော်တွေက ဇာတ်လမ်းဇာတ်အိမ် ပိုပြီးကျယ်ဝန်းတယ်။ ပိုပြီးရှည်တယ်။ ငါးရာ့ငါးဆယ်ဇာတ်တွေကို ပါဝင်တဲ့ဂါထာအရေအတွက်လိုက်ပြီး တစ်ဂါထာပါတဲ့ဇာတ်တွေကို ဧကနိပါတ်၊ ၂ ဂါထာပါတဲ့ ဇာတ်တွေကို ဒုကနိပါတ် စသည်ဖြင့် စုစည်းထားတာ။ ဂါထာ ၈၀ ပါတဲ့ ဇာတ်တွေကို အသီတိနိပါတ်လို့ခေါ်တယ်။ ရှေ့က ၅၃၇ ဇာတ်မှာ အသီတိနိပါတ်ဟာ ဂါထာအများဆုံးပဲ။ နောက်ဆုံးဆယ်ဇာတ်ကတော့ ဂါထာ ၂၀၀ လောက်ကနေပြီး တစ်ထောင်အထိပါတဲ့ ဇာတ်တော်ကြီးတွေလေ။ အဲဒီဇာတ်တွေကိုတော့ မဟာနိပါတ်လို့ခေါ်တယ် မဟုတ်လား။ တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ ဆိုတဲ့ ဇာတ်တော်တွေပေါ့”

“ဟုတ်ပါတယ် ဆရာ၊ နောက်ဆုံးဝေဿန္တရာ ဇာတ်တော်ကြီးက ဂါထာတစ်ထောင်ပါတယ်လို့ မှတ်သားရပါတယ်”

“အဲဒီဂါထာတွေက ဇာတ်လမ်းမှာ ပဓာနကျတဲ့ အကြောင်းအရာတွေပဲပါတာ။ ဇာတ်လမ်း အပြည့်အစုံမဟုတ်ဘူး။ ဆိုကြပါစို့။ မဟာဇနက ဇာတ်တော်ဆိုရင် သင်္ဘောပျက်လို့ပင်လယ်ထဲမှာ ကူးခပ်နေတဲ့ ဇနကမင်းသားကို မဏိမေခလာ နတ်သမီးက မေးမြန်းတဲ့ဂါထာနဲ့ အစချီတာလေ။ ‘သမုဒ္ဒရာအလယ်မှာ ကူးခပ်နေသူဟာ ဘယ်သူလဲ’ ဆိုတဲ့ အဓိပ္ပာယ်ပေါ့”

“ဇာတကပါဠိတော်တွေက အဲဒီလို တစ်ဂါထာကစပြီး ဂါထာတစ်ထောင်အထိ ပါတယ်။ ဇာတ်လမ်းအပြည့်အစုံ မဟုတ်သေးဘူး။ ဇာတ်လမ်းအပြည့်အစုံက အဋ္ဌကထာဆရာတွေ ထပ်ပြီး ဖွင့်ဆိုရေးသားတော့မှ ပေါ်လာတာလေ။ ဒါကြောင့် ဇာတကပါဠိတော်ရော၊ ဇာတကအဋ္ဌကထာရော ဆက်စပ်လေ့လာဖို့လိုတာပေါ့”

“ဟုတ်ကဲ့ပါ ဆရာ။ ဆရာပြောပြလို့ ပိုရှင်းသွားပါပြီ”

> **“ပါဠိဇာတကစာပေကို အခြေခံပြီး မြန်မာဇာတက စာပေ ပေါ်ပေါက်တာဟာ မြန်မာစာ အရေးအသားပေါ်ပေါက်တဲ့ ခပ်စောစောပိုင်းကာလကတည်းက ပေါ်ပေါက်တာလို့ ဆိုရမှာပေါ့။ ပုဂံသား မြန်မာတွေဟာ အဲဒီအချိန်ကတည်းက ပါဠိဇာတကစာပေနဲ့ ထိတွေ့ရင်းနှီးခဲ့ကြတာပေါ့ကွယ်”**

“အဲဒီဇာတကအဋ္ဌကထာတွေ ပါဠိဘာသာနဲ့ ရေးထားတာကို ပုဂံခေတ်ကတည်းက တို့မြန်မာတွေ လေ့လာပြီး မြန်မာစာပေတွေ ရေးဖွဲ့ခဲ့ကြတာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ ဆရာ။ ဩော် ဒါထက်၊ ပုဂံခေတ်တုန်းက ဇာတ်တော်အရေအတွက် ၅၅၀ အပြည့်ရှိတယ်လို့ ကြားဖူးပါတယ် ဆရာ။ သေသေချာချာ သိချင်ပါတယ်”

“အေး ဒါလဲသိကောင်းစရာပေါ့။ ပုဂံခေတ် ဘုရားတွေမှာ စဥ့်ကွင်းလို့ခေါ်တဲ့ စဥ့်ရည်သုတ်ထားတဲ့ ရုပ်ကြွပုံတွေကို ဘုရားတွေမှာ ပူဇော်ကြတယ်။ ပြီးတော့ ဇာတ်တော်နာမည်တွေကို ပါဠိဘာသာနဲ့ဖြစ်ဖြစ်၊ မွန်ဘာသာနဲ့ဖြစ်ဖြစ် ရေးထားတာလေ။ ပုဂံ ဖက်လိပ်ဘုရား ၂ ဆူမှာရှိတဲ့ အဲဒီစဥ့်ကွင်းတွေမှာ ဇာတ်တော် ၅၅၀ အပြည့်ရှိတယ်။ စဥ့်ကွင်းတွေပေါ့၊ ၅၄၇ ဇာတ်အပြင် ဝေလာမဇာတ်ရယ်၊ မဟာဂေါဝိန္ဒဇာတ်ရယ်၊ သုမေဓပဏ္ဍိတဇာတ်ရယ် အဲဒီ ၃ ဇာတ်ထည့်ထားတော့ ၅၅၀ အပြည့်ပေါ့”

“ဩော်... ဟုတ်ကဲ့ပါ”

“ဒီတော့ ပုဂံခေတ်တုန်းက ဇာတ်ကမ္ပ ၂ မျိုးရှိတယ်လို့ ဆိုနိုင်တာပေါ့။ ၅၄၇ ဇာတ်ရှိတဲ့မူကတော့ ဧကနိပါတ် အပဏ္ဏကဇာတ်ကနေ မဟာနိပါတ် ဝေဿန္တရာဇာတ်အထိပေါ့။ ဒီမူက ခုခေတ်အထိ တွင်ကျယ်ပါတယ်။ အဲ...ဇာတ် ၅၅၀ ရှိတဲ့မူကတော့ နောက်ပိုင်းခေတ်တွေမှာ မတွင်ကျယ်တော့ဘူးလို့ ဆိုရမှာပေါ့”

“ဟုတ်ကဲ့ပါ”

“စဥ့်ကွင်းတွေအပြင် ဂူဘုရားတွေရဲ့ အတွင်းနံရံတွေမှာလဲ ဇာတကသရုပ်ဖော်ပန်းချီပုံတွေ ရေးဆွဲသရုပ်ဖော်ပြီး အောက်မှာပုံအညွှန်းစာတွေ မင်နဲ့ရေးထားတယ်။ ခုခေတ်ဘုရားစောင်းတန်းတွေမှာ တွေ့ရတဲ့ ပန်းချီကားတွေလိုပေါ့ကွယ်”

“ဟုတ်ကဲ့ပါ”

“ပုဂံက လောကထိပ်ပန်ဆိုတဲ့ ဂူဘုရားအတွင်း နံရံတွေမှာ ရေးဆွဲထားတဲ့ ဇာတ်တော်ကြီးဆယ်ဘွဲ့ ပန်းချီပုံတွေနဲ့ ပုံအညွှန်းစာတွေကို ဆရာတို့ ခုခေတ်အထိ လေ့လာနေရတယ်”

“ဟုတ်ကဲ့ပါ၊ ကျွန်တော်လဲ နည်းနည်းပါးပါး လေ့လာဖူးပါတယ်”

“သမိုင်းပညာရှင် ဆရာဗိုလ်မှူးဘရှင်က အဲဒီပုံအညွှန်းစာတွေကို အသေးစိတ်သုတေသနပြုပြီး ၁၉၆၂ ခုနှစ်မှာ စာအုပ်တစ်အုပ်ပြုစု ထုတ်ဝေထားတယ်။ စာအုပ်က အင်္ဂလိပ်လိုရေးတာ၊ The Lokahteikpan ဆိုတဲ့ ခေါင်းစဉ်နဲ့လေ”

“ဟုတ်ကဲ့”

“ဗိုလ်မှူးဘရှင်က လောကထိပ်ပန်ဘုရား အကြောင်း အချက်အလက်အပြည့်အစုံ ရေးထားတယ်။ ပြီးတော့ ပန်းချီပုံတွေအောက်မှာ မင်နဲ့ရေးထားတဲ့ ပုံအညွှန်းမင်စာတွေကို အတိအကျပြန်ကူးထားတယ်။ မြန်မာဘာသာနဲ့ ရေးထားတာလေ။ တေမိယဇာတ်ကနေ ဝေဿန္တရာဇာတ်အထိ ဇာတ်တော်အားလုံးပါတယ်။ ပုံအညွှန်းစာမို့ အကျယ်မချဲ့ဘဲ တိုတိုကျဉ်းကျဉ်း ရေးထားတာလေ။ အဲဒီမင်စာထဲက အသိခက်တဲ့စကားလုံးတွေရဲ့ အဓိပ္ပာယ်ကိုလဲ ရှင်းပြထားတယ်။ ပြီးတော့ မင်စာ စာလုံးပေါင်းပုံ၊ စကားသုံးပုံစတဲ့ အရေးအသားကိုလဲ စိစစ်ပြထားတယ်။ မင်စာမူရင်းကို ရောမအက္ခရာဖလှယ်ထားတာ၊ အင်္ဂလိပ်ဘာသာပြန်ထားတာတွေလဲ ပါတယ်။ အင်မတန်ကောင်းတဲ့ စာအုပ်ပေါ့ကွယ်”

“ကျွန်တော်သေသေချာချာ လေ့လာကြည့်ချင်ပါတယ်ဆရာ”

“၁၉၆၂ ခုနှစ်က ထုတ်တဲ့ စာအုပ်ကတော့ တော်တော်ရှားသွားပြီး အခုစိတ်ကူးချိုချိုစာပေက ပြန်ထုတ်ထားတာရှိတယ်။ ရှာပြီးလေ့လာကြည့်ပေါ့ကွယ်”

“ဟုတ်ကဲ့ပါ”

“အဲဒီလောကထိပ်ပန် မင်စာကို အစောဆုံး မြန်မာစာအရေးအသားဖြစ်တဲ့ မြစေတီ ရာဇကုမာရ်ကျောက်စာနဲ့ မတိမ်းမယိမ်းမှာ ရေးထိုးတာလို့ ခန့်မှန်းရတာမို့ တော်တော်ရှေးကျတယ်လို့ ဆိုနိုင်တာပေါ့။ ဒီတော့ မြန်မာလိုရေးတဲ့ အစောဆုံးဇာတ်ကြီးဆယ်ဘွဲ့ အရေးအသားလို့ဆိုနိုင်ကြောင်း ဆရာဗိုလ်မှူးဘရှင်က သုံးသပ်ထားတယ်”

“ဟုတ်ကဲ့ပါ”

“ဒီတော့ ပြန်ကောက်ရရင် ပါဠိဇာတကစာပေကို အခြေခံပြီး မြန်မာဇာတက စာပေပေါ်ပေါက်တာဟာ မြန်မာစာ အရေးအသားပေါ်ပေါက်တဲ့ ခပ်စောစောပိုင်း ကာလကတည်းက ပေါ်ပေါက်တာလို့ ဆိုရမှာပေါ့။ ပုဂံသား မြန်မာတွေဟာ အဲဒီအချိန်ကတည်းက ပါဠိဇာတကစာပေနဲ့ထိတွေ့ရင်းနှီးခဲ့ကြတာပေါ့ကွယ်”။ ။

---

## လည်ပြန်အကြည့်တစ်ချက် လွမ်းလျက်ပါ တက္ကသိုလ်

- ကျောင်းတော်မဟာ ပညာဆီမီး
ထိန်ညီးတောက်ပ လင်းလက်နေ
အမိတက္ကသိုလ်မြေ၊
ဘွဲ့နှင်းခန်းမ အလှကျက်သရေ
နုပျိုနေဆဲခုချိန်ထိ၊
ဖြတ်သန်းလာ ‘နှစ်တစ်ရာ’ပုံရိပ်
အတိတ်လည်ပြန်ကြည့်။
- အဓိပတိလမ်းနဲ့ သစ်ပုပ်ပင်
ဂျပ်ဆင်ကိုလည်း လွမ်းနေမိ၊
သီရိ၊ မာလာအလှထင်ရှား
အင်းလျားလည်းအသိ။
- ညဥ့်နက်အထိ အဆောင်တစ်ဝိုက်
ဂစ်တာအိုပိုက် တေးအလှဆင်
တီးခတ်ဒေါင်ဒင်၊
စိုင်းထီးဆိုင်နဲ့ ထူးအိမ်သင်
စိုးလွင်လွင် ခိုင်ထူး၊
အောင်နိုင် မွန်းအောင်မကျန်ရ
တေးအလှသီကျူး။
- ‘ပန်းမခူးရ’စာတန်းချိတ်လို့
တိတ်တိတ်လေးသူ့ကိုမျှော်
ညမီးရောင် အဆောင်ပြတင်းတံခါး
ဖွင့်ထားရင်ပျော်၊
ဂျပ်ဆင်ရှေ့လမ်းမပေါ်
ဖျော်ဖြေခဲ့ ညတိုင်း၊
အဆောင်သူ အလွမ်းပြေဖို့
တို့ဂစ်တာဝိုင်း။
- ရင်လှိုင်းခတ်သံ တိုးတိုးတိတ်
လွမ်းတဲ့စိတ် ဖြေလည်းမပြေ၊
တက္ကသိုလ်မြေ ကံ့ကော်တန်း
ချစ်ပန်းတွေဝေ၊
နှစ်ကိုယ်စံမြန်း ခုံတန်းရှည်
တစ်ခါတလေ ‘ဦးချစ်’၊
‘ပေါ့ကျတစ်ခွက်’ ‘ဂျိုးသိန်းတစ်လိပ်’
အတိတ်တို့ရဲ့ခေတ်။
- နှစ်သုံးဆယ်ကျော် ဝေးကွာခဲ့
တေးကဗျာဖွဲ့ အလွမ်းဖြေ
စိန်ပန်းသက်သေ၊
ရာသီလှည့်ပြောင်း မိုး၊ ဆောင်း၊ နွေ
သူလည်းလေအသိ၊
နှစ်ကိုယ်တူ အချစ်ဇာတ်လမ်း
လွမ်းမြဲ ခုထိ။
- ‘ရာပြည့်ချိန်’တက္ကသိုလ်အလှနဲ့
ဘွဲ့နှင်းခန်းမ ဘဝရင်ခွင်
တွေးမိပြန်မြင်၊
အမေ့မျက်နှာပြုံးပျော်ရွှင်
သူဖြစ်စေချင်တဲ့ ပညာတတ်၊
အဖေသာရှိရင်ဆိုတဲ့အသိ
တမ်းမိဖြစ်ရပ်။
- အတတ်ပညာ ဂုဏ်လွှာနှင်းအပ်
ဘွဲ့လက်မှတ်ကြည့် ပီတိဖြာ၊
တိုင်းပြည်နဲ့ အမေ့အရေး
အလုပ်အကျွေးပြုမှာ၊
ပါရမီဖြည့်ဖက် ဘဝဖူးစာ
နှစ်ကိုယ်သစ္စာ မပျက်သုဉ်း၊
လွမ်းရက်ရှည်
ပန်းသက်သေ နှစ်ကိုယ်အသိနဲ့
လည်ပြန်ကြည့် အတိတ်တစ်ခေါက်မှာဖြင့်
ပန်းကောက်အတူ
လွမ်းလောက်သူ ရွှေရင်ဖိုလျက်ကယ်နှင့်
(ဖျန်းပက်စို)
တက္ကသိုလ်မှာ ရွာတဲ့အချစ်မိုး
တစ်-ကိုး-ရှစ်-သုံး။ ။

**အောင်မြင့်စိုး(ရေစကြို)**

# မြန်မာ့လက်ရွေးစင်အသင်း နိုင်ငံတကာခြေစမ်းပွဲများကစားခွင့်ရရန် ကြိုးပမ်းနေ



မြန်မာ့လက်ရွေးစင်အသင်းနှင့် နီပေါလက်ရွေးစင်အသင်းတို့ ၂၀၁၉ ခုနှစ်က ခြေစမ်းပွဲကစားနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် နိုဝင်ဘာ ၂၂

လာမည့်နှစ်တွင် နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ကစားရမည့် မြန်မာ့လက်ရွေးစင်အသင်းသည် နိုင်ငံတကာခြေစမ်းပွဲများ ကစားခွင့်ရရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၁ ခုနှစ်မတ်လမှ ဇွန်လအထိ နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နှစ်စဉ် နိုင်ငံတကာ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားသော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် ခြေစမ်းပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများလည်း ယှဉ်ပြိုင်ကစားနိုင်ခြင်း မရှိသေးပေ။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၁ ခုနှစ်မတ်လမှစတင်ကာ နိုင်ငံတကာပြိုင်ပွဲများ စတင်ကစားရမည်ဖြစ်သောကြောင့် နိုင်ငံတကာခြေစမ်းပွဲများကစားခွင့်ရရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ တင်ပြထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကစားခွင့်ရရန် ကြိုးပမ်းလျက်ရှိပြီး လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် အခက်အခဲများ ရှိနေသော်လည်း ကစားခွင့်ရရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ဂျော်ဒန်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားခွင့်ရရန် သဘောတူညီမှုရခဲ့သော်လည်း ကပ်ရောဂါအခြေအနေကြောင့် ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လနောက်ဆုံးပတ်နှင့် ဇွန်လ ဒုတိယပတ်တွင် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲများ၊ ဧပြီ ၁၁ ရက်မှ မေ ၈ ရက်အထိ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မတ်လတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲ၊ ဇွန်လတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲတစ်ပွဲ ပါဝင်နေသည်။ မြန်မာအသင်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာတွင် နိုင်ငံတကာ ခြေစမ်းပွဲတစ်ပွဲနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ နှစ်ပွဲကစားပြီးနောက်ပိုင်း တစ်နှစ်ကျော်ကြာ နိုင်ငံတကာပွဲများ ကစားရခြင်းမရှိတော့ပေ။ မြန်မာ့လက်ရွေးစင်အသင်းသည် နောက်ဆုံး နိုင်ငံတကာခြေစမ်းပွဲအဖြစ် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၇ ရက်က နီပေါလက်ရွေးစင်အသင်းနှင့် မန္တလေးသီရိကွင်း၌ ခြေစမ်းကစားခဲ့ရာ သုံးဂိုးပြတ် အနိုင်ရရှိထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲကစားခွင့်ရရန် အာရှဒေသတွင်းမှ လက်ရွေးစင်အသင်းများကို ဖိတ်ကြားမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြန်မာအားကစားအဖွဲ့ ယှဉ်ပြိုင်မည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့်ရက် အတည်ပြု

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၁ ခုနှစ် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ကျင်းပမည့်ရက် ထုတ်ပြန်လိုက်ပြီဖြစ်သည်။ ယင်းပြိုင်ပွဲကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အားကစားနည်းပေါင်း ၄၀ ထည့်သွင်းကျင်းပမည် ဖြစ်သည်။

နိုဝင်ဘာ ၂၀ ရက်ကပြုလုပ်သည့် ဆီးဂိမ်းအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများကို အတည်ပြုခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံများ တောင်းဆိုထားသည့် အားကစားနည်းအချို့နှင့်ပတ်သက်၍ ဆီးဂိမ်းအဖွဲ့ချုပ်နှင့် ပြိုင်ပွဲကျင်းပရေး ကော်မတီတို့ တွေ့ဆုံရာတွင် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်အိုလံပစ်ကော်မတီသည် ဇူလိုင်တွင် အားကစားနည်း ၃၆ မျိုးစာရင်းအား စတင်ထုတ်ပြန်ခဲ့ပြီး အောက်တိုဘာတွင် အားကစားနည်း လေးမျိုး ထပ်တိုးခဲ့ခြင်းဖြစ်သည်။ ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတွင် ပြေးခုန်ပစ်၊ ရေကူး၊ မြားပစ်၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ဘိလိယက်၊ ကာယဗလ၊ လက်ဝှေ့၊ ကနူး/ကယက်၊ စစ်တုရင်၊ စက်ဘီး၊ Dance-sport ၊ ဒိုင်ဗင်၊ ဓားရေး၊ ဘောလုံး၊ ဂေါ့ဖ်၊ ကျွမ်းဘား၊ Handball၊ ကရာတေး၊ ကစ်ဘောက်ဆင်၊ Kurash၊ ဂျူဒို၊ မွေထိုင်း၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ အပြည်ပြည်ဆိုင်ရာ လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ဘော်လီဘော၊ ဗိုဗီနမ်၊ အလေးမ၊ နပန်း၊ ဝူရှူး၊ esport၊ ဂျူဂျစ်ဆု၊ ဘိုးလင်းနှင့် သုံးမျိုးစုံ (Triathlon) အားကစားနည်းများ ပါဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲတွင် ရိုးရာလှေ၊ ခြင်းလုံးနှင့် ဟော်ကီအားကစားနည်းများ ထပ်တိုးပေးရန် တောင်းဆိုခဲ့သော်လည်း ဗီယက်နမ်နိုင်ငံက အားသာခြင်း မရှိသောကြောင့် ထည့်သွင်းကျင်းပခြင်း မရှိကြောင်း သိရသည်။ ပြိုင်ပွဲကို ဟနွိုင်းမြို့တွင် အဓိက ကျင်းပမည်ဖြစ်ပြီး ဟနွိုင်းနှင့် အနီးတစ်ဝိုက်မြို့များတွင်လည်း ကျင်းပရန် စီစဉ်ထားသည်။

မြန်မာအားကစား အဖွဲ့များအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် စခန်းဝင်လေ့ကျင့်နိုင်ခြင်းမရှိသေးဘဲ အစောဆုံးနှစ်ကုန်ပိုင်းဝန်းကျင်မှသာ စတင်လေ့ကျင့်နိုင်ဖွယ်ရှိနေသည်။

မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများကို လာမည့်နှစ်မှသာ ရွေးချယ်ဖွယ် ရှိနေသည်။

**ရှိုင်းထက်ဇော်**



၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# ပရီမီယာလိဂ်ပွဲစဉ်(၉) အဲဗာတန်တို့ ဖူလ်ဟမ်ကို အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၉)မှ နိုဝင်ဘာ ၂၂ ရက် အစောဆုံးပွဲစဉ်အဖြစ် ဖူလ်ဟမ်နှင့် အဲဗာတန်ပွဲတွင် အဝေးကွင်း၌ အဲဗာတန်အသင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ယနေ့ပွဲတွင် အိမ်ရှင်ဖူလ်ဟမ်အသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ဘော့ဘီရိှုက်ကို အထောင်တိုက်စစ်တွင် အသုံးပြုခဲ့ပြီး ဧည့်သည်အဲဗာတန်အသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်တွင် ရစ်ချာလီဆန်၊ လီဝင်နှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ ပွဲထွက်လာသည်။ ပထမပိုင်း ပွဲစစချင်း တစ်မိနစ်မပြည့်မီ တိုက်စစ်မှူး လီဝင်က အဲဗာတန်အတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ယင်းဂိုးသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် အမြန်ဆုံးသွင်းဂိုးအဖြစ် သတ်မှတ်ရပေမည်။ ပွဲချိန် ၁၅ မိနစ်တွင် ဘော့ဘီရှိုက်က ဖူလ်ဟမ်အတွက် ချေပဂိုးပြန်လည်သွင်းယူပေးခဲ့ရာ ပြိုင်ဆိုင်မှုပြင်းထန်လာပြီး ပွဲချိန် ၂၉ မိနစ်တွင် လီဝင်က အဲဗာတန်အတွက် ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့ကာ ၃၅ မိနစ်တွင် ဒိုအူကော့က အဲဗာတန်အတွက် တတိယမြောက်ဂိုးကို သွင်းယူပေးခဲ့သည်။

ပထမပိုင်းပြီးချိန်တွင် အဲဗာတန်အသင်း သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် အဲဗာတန်အသင်းသည် တိုက်စစ်အားလျှော့ချခဲ့ရာ ဖူလ်ဟမ်အသင်း တိုက်စစ်ဆင်မှုကို ခံခဲ့ရပြီး ပွဲချိန် ၆၈ မိနစ်တွင် အိမ်ရှင်ဖူလ်ဟမ်အသင်း ပယ်နယ်တီအခွင့်အရေးရခဲ့ရာ ကာဗယ်လိုင်ရို ကန်သွင်းခဲ့သော်လည်း ခြေချော်ခဲ့၍ အခွင့်အရေးဆုံးရှုံးခဲ့ရသည်။ ဖူလ်ဟမ်အတွက် ဒုတိယမြောက် ချေပဂိုးကို မိနစ် ၇၀ တွင် လော့ဖ်တပ်ချိခ်က သွင်းယူခဲ့သည်။

သုံးပွဲဆက် ရှုံးနိမ့်ခဲ့သည့် အဲဗာတန်အသင်းသည် ယနေ့ပွဲအနိုင်ရရှိသည့်အတွက် ရမှတ် ၁၆ မှတ် ရရှိခဲ့ပြီး ဖူလ်ဟမ်က ရမှတ် ၄ မှတ်သာရရှိထားသည်။ ပရီမီယာလိဂ်ပွဲစဉ်(၉) အခြားပွဲစဉ် ရလဒ်များအဖြစ် စနေနေ့ညတွင် ချယ်လ်ဆီးက နယူးကာဆယ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဘရိုက်တန်က ဗီလာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ စပါးနှင့် မန်စီးတီးပွဲတွင် အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် စပါးအသင်းအနိုင်ရရှိခဲ့ပြီး မန်ယူက အိမ်ကွင်းတွင် ဝက်စ်ဘရွန်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**သီဟ**



○ *ကျောဖုံးမှ*

ဘန်လေအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင် ဝက်စ်ဘရွန်းနှင့် ဘရိုက်တန်အသင်းတို့ကို သရေကျထားပြီး နယူးကာဆယ်၊ စပါးနှင့် ချယ်ဆီးအသင်းတို့ကို ရှုံးနိမ့်ထားသည်။ ပဲလေ့စ်အသင်းက နောက်ဆုံး ငါးပွဲတွင် ဖူလ်ဟမ်နှင့် လိဒ်စ်အသင်းတို့ကို နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ပြီး ဘရိုက်တန်အသင်းနှင့် သရေကျထားကာ ချယ်ဆီးနှင့် ဝုဖ်အသင်းတို့ကို ရှုံးနိမ့်ထားသည်။

ဘန်လေနှင့် ပဲလေ့စ်အသင်းတို့ ယမန်နှစ်က ထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်တွင် ဘန်လေအိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် ပဲလေ့စ်အသင်းက အနိုင်ရရှိထားပြီး ပဲလေ့စ်အိမ်ကွင်းတွင် ဘန်လေအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ ထို့ကြောင့် ဘန်လေအသင်းသည် ယခု ပဲလေ့စ်အသင်းနှင့်ပွဲစဉ်ကို အနိုင်ယူပြီး ယခုနှစ်ရာသီ ပထမဆုံးနိုင်ပွဲကို ရယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

ဝုဖ်အသင်းနှင့် ဆောက်သမ်တန်ပွဲတွင် ဝုဖ်သည် ပရီမီယာလိဂ် ရှစ်ပွဲကစားပြီးချိန်တွင် ရမှတ် ၁၃ မှတ်အထိ စုဆောင်းထားနိုင်သည့် အသင်းဖြစ်သည်။ ဆောက်သမ်တန်အသင်းက ရမှတ် ၁၆ မှတ်အထိ စုဆောင်းထားနိုင်သည်။ ဝုဖ်အသင်း နောက်ဆုံးငါးပွဲတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ဆောက်သမ်တန်အသင်းက တစ်ပွဲသာ သရေကျထားပြီး ကျန်လေးပွဲစလုံး အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သည်ကို တွေ့ရသည်။ ယမန်နှစ်က ထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်တွင် ဝုဖ်အိမ်ကွင်း၌ တစ်ဖက်တစ်ဂိုးစီ သရေကျထားပြီး ဆောက်သမ်တန်အိမ်ကွင်းတွင် သုံးဂိုး-နှစ်ဂိုးဖြင့် ဝုဖ်အသင်းက အနိုင်ရရှိထားသည်။

**အောင်ဇော်**

# ကျွန်တော်နဲ့ လူမှုစီးပွားလုပ်ငန်းအဖွဲ့အစည်းများ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်



**ကျွန်တော်အားကျပြီး နမူနာထားတဲ့ပုဂ္ဂိုလ်က ပါမောက္ခ ယူနစ်ဖြစ်ပါတယ်။ သူဟာ တက္ကသိုလ်ပါမောက္ခတစ်ဦးဖြစ်ပြီး ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် တစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့ အောင်မြင်မှုဟာ သူ့အနေနဲ့ တက္ကသိုလ်မှာ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို စာသင်ခန်းထဲမှာ သင်ကြားနေပေမယ့် သူ့ပတ်ဝန်းကျင်မှာ ဆင်းရဲနွမ်းပါးမှုတွေ ဖြစ်ပေါ်နေတာ သတိထားမိတယ်။ စာသင်ခန်းမှာ ပို့ချတဲ့သီအိုရီနဲ့ လက်တွေ့ဘဝမှာ ကွာဟနေတာကို သတိပြုမိတယ်။ ဒါကြောင့် ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်နိုင်မယ့် နည်းလမ်းကို ရှာဖွေပြီး ဖော်ထုတ်ခဲ့ပါတယ်။**

**ဆင်းရဲသားများရဲ့ ပကတိအခြေအနေ သိအောင်ကြိုးစား**

ဆင်းရဲသူတွေဟာ ငွေကြေးအခက်အခဲရှိတဲ့အခါ ဘဏ်တွေမှာ ငွေချေးနိုင်စွမ်းမရှိတာကို သတိထားမိတယ်။ ဘဏ်တွေအနေနဲ့ ချေးငွေထုတ်ပေးရာမှာ အပေါင်ခံပစ္စည်းပိုင်ဆိုင်မှုကို တောင်းဆိုကြတယ်။ ဒါပေမယ့် ဆင်းရဲတဲ့သူတွေမှာ အပေါင်ခံ၊ အာမခံနိုင်တဲ့ ပိုင်ဆိုင်မှုတွေ မရှိကြတာ တွေ့ရတယ်။ ဒါကြောင့်လည်း "ဂျာအေး သူ့အမေရိုက်" တဲ့ ဆင်းရဲသံသရာထဲ နစ်မြုပ်နေပါတယ်။ အခုလို အာမခံဖို့ ပိုင်ဆိုင်မှု အရင်းအနှီးတွေမရှိတာကြောင့် ဆင်းရဲသူတွေဟာ ဘဏ်နဲ့ကင်းကွာနေကြတယ်။ တစ်ဖက်မှာလည်း ပညာတတ်သူတွေ မဟုတ်တာကြောင့်လည်း ဘဏ်တွေနဲ့ဆက်ဆံရာမှာ လက်မှတ်ထိုးတာတွေ၊ ဘဏ်ရဲ့ စည်းမျဉ်းစည်းကမ်းတွေ နားလည်ဖို့ ခက်ခဲမှုနဲ့ ရင်ဆိုင်ရပါတယ်။ ဒါကြောင့် ပါမောက္ခယူနစ်အနေနဲ့ ဆင်းရဲသားများရဲ့ ပကတိအခြေအနေတွေသိအောင် သူကျွမ်းကျင်တဲ့ စီးပွားရေးဘာသာကို အခြေခံပြီး သုတေသနတွေ လုပ်ခဲ့တယ်။ ဆင်းရဲသားတွေ နေထိုင်တဲ့ ကျေးရွာဆင်ခြေဖုံးရပ်ကွက်တွေမှာ လူတွေ့မေးမြန်းမှု၊ ဆွေးနွေးမှု၊ တွေ့ဆုံမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ သူ့ရဲ့ သုတေသနတွေ့ရှိချက်တွေအပေါ် အခြေခံပြီး GRAMEEN ဘဏ်ကို တည်ထောင်ခဲ့ပါတယ်။ ဘဏ်ရဲ့ စီးပွားရေးပုံစံဟာ သမားရိုးကျလုပ်ရှားဆောင်ရွက်နေတဲ့ ဘဏ်ပုံစံကို အခြေခံက ပြောင်းလဲခဲ့ပါတယ်။

> **"အစိုးရအဖွဲ့အစည်းတွေလိုအပ်သလို ပုဂ္ဂလိကကုမ္ပဏီများဟာလည်း အရေးပါလှတယ်။ ပရဟိတလုပ်ငန်းတွေ ဆောင်ရွက်တဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေလည်း အရေးပါလှပါတယ်။ တစ်မူထူးခြားပြီး စီးပွားရေးပုံစံအသစ်တစ်ခုဖြစ်တဲ့ လူမှုစီးပွားအဖွဲ့အစည်းတွေကို လည်း ကြိုဆိုရမှာဖြစ်ပါတယ်။ မြန်မာပြည်မှာ လူငယ်တွေရဲ့ ဦးဆောင်မှုနဲ့ ဒီအဖွဲ့အစည်းတွေ ဖော်ဆောင်လျက်ရှိကြောင်း တွေ့ရတဲ့အတွက် ပီတိဖြစ်မိပါတယ်။ လူမှုအဖွဲ့အစည်းရဲ့ အရေးပါမှုကို နိုင်ငံတကာမှာ အသိအမှတ်ပြုနေတာကို တွေ့ရပါတယ်"**

**ဘဏ်ရဲ့ထူးခြားချက်လေးရပ်**

သူ့ဘဏ်ရဲ့ ထူးခြားချက် လေးရပ်ရှိတာ တွေ့ရှိရပါတယ်။ ပထမအချက်အနေနဲ့ ငွေကိုချေးရာမှာ အမျိုးသမီးတွေကို ဦးစားပေးချေးခဲ့ပါတယ်။ အိမ်ရှင်မမိခင်များဟာ ဘဏ်မှငွေချေးပြီး အိမ်တွင်းမှုလုပ်ငန်းတွေ တည်ထောင်ကြတယ်။ မိသားစုစားဝတ်နေရေး ဖူလုံစေမယ့် လုပ်ငန်းတွေကို တည်ထောင်ကြတယ်။ ဒုတိယထူးခြားချက်က ငွေချေးတဲ့သူတွေအနေနဲ့ အာမခံအပေါင်ပစ္စည်းတွေ မတောင်းခံဘဲ ဝိုင်းကြီးချုပ်စနစ်နဲ့ အမျိုးသမီး ၁၀ ဦးကို ငွေချေးပြီး ချေးငွေတွေ ပြန်လည်မဆပ်နိုင်ရင် ကျန်တဲ့သူတွေကို တာဝန်ယူစေပါတယ်။ ဆရာကြီးရဲ့ အမြင်က ဆင်းရဲသားများမှာ ငွေအရင်းအနှီး ပိုင်ဆိုင်မှုမရှိပေမယ့် ငွေထက်တန်ဖိုးရှိတဲ့ လူမှုရေး အရင်းအနှီးရှိတာကို လက်ခံထားတယ်။ တစ်ဦးတစ်ယောက်က မဆပ်နိုင်ရင် ကျန်တဲ့သူတွေက တာဝန်ယူကြတာ ဖြစ်တယ်။ တတိယထူးခြားချက်အနေနဲ့ အကြွေးမဆပ်ခြင်းဟာ မဆပ်ချင်လို့ မဆပ်တာ မဟုတ်ဘဲ မဆပ်နိုင်လို့မဆပ်တဲ့အတွက် သူ့ရဲ့ဘဏ်မှာ အတိုးပြန်ဆပ်တဲ့ စည်းကမ်းကို နားလည်မှုပေးပြီး ဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ နောက်ဆုံးထူးခြားချက်က ငွေချေးတဲ့ အိမ်ရှင်မ မိခင်တွေအနေနဲ့ မိမိရဲ့သားသမီးတွေကို ပညာသင်ပေးဖို့ အာမခံရပြီး တစ်ဖက်မှာလည်း ယင်လုံအိမ်သာဆောက်ပြီး အသုံးပြုဖို့ သတိပြုရပါတယ်။ အမှန်တော့ ဆရာကြီးဟာ မိသားစုတစ်စုနဲ့ ပတ်သက်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ပြဿနာတွေကို တစ်ပြိုင်နက် တစ်ပေါင်းတစ်စည်း လွှမ်းခြုံပြီး အဖြေပေးခဲ့တာဖြစ်တယ်။ သူ့ရဲ့ဘဏ်က စတင်ရာမှာ အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာနဲ့စခဲ့တာဖြစ်တယ်။ အခုချိန်မှာ GRAMEEN ဘဏ်ရဲ့ ပိုင်ဆိုင်မှုဟာ ဒေါ်လာသန်းပေါင်းများစွာ ဖြစ်ပါတယ်။ ဘဏ်လုပ်ငန်းမှတစ်ဆင့် တခြားလူမှုစီးပွားရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့တယ်။ ပါမောက္ခယူနစ်ရဲ့ ဘဏ်ပုံစံကို မြန်မာပြည်အပါအဝင် နိုင်ငံတကာမှာ ကျင့်သုံးနေတာ တွေ့မြင်ရပါတယ်။ အသေးစားချေးငွေလုပ်ငန်း လုပ်ရှားမှုကို စတင်ခဲ့သူဖြစ်ပါတယ်။

**အမြတ်အစွန်းနဲ့ လူမှုရေးနှစ်ခုလုံးကို ရအောင်ယူနိုင်ခဲ့**

လူ့အဖွဲ့အစည်းမှာ စီးပွားရေးလုပ်ငန်းတွေ ဦးစီးဆောင်ရွက်တဲ့ ပုဂ္ဂလိကကဏ္ဍရှိသလို လူမှုရေးလုပ်ငန်းတွေကို ဆောင်ရွက်ကြတဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းများ ရှိပါတယ်။ ပုဂ္ဂလိကကဏ္ဍက အမြတ်ကိုဦးတည်ချက်ရှိပြီး အရပ်ဘက် လူ့အဖွဲ့အစည်းများက လူမှုရေးဦးတည်ချက်တွေ ရှိပါတယ်။ ပါမောက္ခယူနစ် ဖော်ထုတ်ခဲ့တဲ့ လူမှုစီးပွားရေး အဖွဲ့အစည်းများက လူမှုရေးလုပ်ငန်းတွေကို ဆောင်ရွက်ပြီး ပရဟိတလုပ်ငန်းများအတွက် အမြတ်အစွန်းကို ယူကြတယ်။ ရည်မှန်းချက်နှစ်ရပ်ကို တစ်ပြိုင်တည်းရနိုင်အောင် ကြိုးစားအားထုတ်ကြတယ်။ အမြတ်အစွန်းနဲ့ လူမှုရေးဦးတည်ချက် နှစ်ရပ်ကို အစားထိုးတာ မဟုတ်ဘဲ တစ်ကြိမ်တည်းမှာ နှစ်ခုကို ရယူနိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

လူမှုစီးပွားရေးလုပ်ငန်းတွေဟာ မကြာမီက ပေါ်ပေါက်လာခဲ့တယ်လို့ ယူဆရပေမယ့် အမှန်တော့ မြန်မာနိုင်ငံမှာ ၁၉၀၅ ခုနှစ်က စတင်တည်ထောင်ဖွဲ့စည်းခဲ့တာဖြစ်တယ်။ ကိုလိုနီအစိုးရအနေနဲ့ တောင်သူလယ်သမားများရဲ့ ကြွေးမြီပြဿနာကို အဖြေရှာဖို့ ဖွဲ့စည်းခဲ့တာဖြစ်တယ်။ မဖွဲ့စည်းမီ သင့်တော်တဲ့သမဝါယမပုံစံရွေးချယ်ရာ၌ ထိုစဉ်က ဂျာမနီနိုင်ငံရှိ သမဝါယမပုံစံနဲ့ အီတလီနိုင်ငံ သမဝါယမပုံစံများကို လေ့လာခဲ့ပြီး ဂျာမနီပုံစံကို ရွေးချယ်ခဲ့ပါတယ်။ စတင်ဖွဲ့စည်းချိန်မှ ကမ္ဘာ့စီးပွားရေးကပ်ကြီးဆိုက်တဲ့ ၁၉၃၀ ပြည့်နှစ်အထိ သမဝါယမလှုပ်ရှားမှုဟာ အောင်မြင်တိုးတက်ခဲ့တယ်။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံနဲ့ကိုက်ညီတဲ့၊ အတ္တ ပရမ္မတမှုကို အခြေခံတဲ့ သမဝါယမလှုပ်ရှားမှုဟာ ရှင်သန်ခဲ့တယ်။ ကမ္ဘာ့စီးပွားရေးကပ်ဆိုက်မှုကြောင့် မြန်မာနိုင်ငံရဲ့ ဆန်စပါးဈေးကွက်ပျက်စီးခဲ့တယ်။ ဆရာစံရဲ့ တောင်သူလယ်သမားတော်လှန်မှုဟာ စီးပွားရေးအခြေခံတွေကြောင့် ဖြစ်ပါတယ်။ ၁၉၃၅ ခုနှစ်မှာ သမဝါယမလှုပ်ရှားမှုနဲ့ ပတ်သက်ပြီး ပြုပြင်မှုတွေ ဆောင်ရွက်ခဲ့တယ်။ စစ်ပြီးကာလ လွတ်လပ်ရေးရပြီးချိန်မှာ သမဝါယမလှုပ်ရှားမှုတွေ ဆက်လက်ဆောင်ရွက်နိုင်ခဲ့တယ်။ ထင်ရှားလှတဲ့ သမဝါယမအသင်းတစ်ခုက တက္ကသိုလ်သမဝါယမ အသင်းဖြစ်ပါတယ်။ လူသိများလှတဲ့ အသင်းကြီးဖြစ်တယ်။

၁၉၆၂ တော်လှန်ရေးကောင်စီ အစိုးရလက်ထက်မှာ သမဝါယမစနစ်ကို ဒုတိယမဏ္ဍိုင်အဖြစ် သတ်မှတ်ခဲ့ပြီး ပြုပြင်လာခဲ့တယ်၊ အားပေးခဲ့တယ်။ ဆိုရှယ်လစ်စီးပွားရေးကို အထောက်အပံ့ဖြစ်စေတဲ့ လှုပ်ရှားမှုတစ်ရပ်အနေဖြင့် သတ်မှတ်ခဲ့တယ်။ ကျေးရွာ၊ ရပ်ကွက်သမဝါယမအသင်းများ၊ မြို့နယ်သမဝါယမ အသင်းများ၊ တိုင်းနဲ့ ပြည်နယ်သမဝါယမအသင်းများနဲ့ ဗဟိုသမဝါယမအသင်းကို တည်ထောင်ခဲ့တယ်။ မန္တလေးတိုင်းသမဝါယမအသင်းဟာ ထင်ရှားကျော်ကြားလှတဲ့ အသင်းတစ်သင်းဖြစ်ခဲ့တယ်။ အခုလို ကျေးရွာ၊ ရပ်ကွက်မှ ဗဟိုအဆင့်အထိ တည်ထောင်ခဲ့တဲ့ သမဝါယမအသင်းများကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ကေဒါများက ဦးစီးလာခဲ့တယ်။ ထင်ရှားတဲ့ ဥပမာတစ်ခုက မြို့နယ်သမဝါယမအသင်းတိုင်းလိုလို ဖွင့်လှစ်တည်ထောင်ခဲ့တဲ့ မြို့နယ်သမဝါယမဆေးခန်းတွေဖြစ်တယ်။ သမဝါယမပုံစံအတိုင်း ဖွင့်လှစ်ပါက ဒီဆေးခန်းတွေမှာ တာဝန်ယူကြတဲ့ ဆရာဝန်၊ သူနာပြု ကျွမ်းကျင်ဝန်ထမ်းတွေ စုစည်းပြီး တည်ထောင်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ပါတီရဲ့ဦးဆောင်မှုနဲ့ ဆောင်ရွက်တာမို့ မြို့နယ်ပါတီယူနစ်က တာဝန်ယူပြီး ဆရာဝန်၊ သူနာပြုနဲ့ အခြားဝန်ထမ်းတွေကို လခစားအဖြစ် ခန့်ထားပြီး လုပ်ရှားခဲ့တာဖြစ်ပါတယ်။

**သမဝါယမအသင်း၌ ပါဝင်ခဲ့မှု**

ကျွန်တော်ဟာ ၁၉၇၈ ခုနှစ်ကစပြီး သမဝါယမလှုပ်ရှားမှုမှာ တက်တက်ကြွကြွပါဝင်ခဲ့တယ်။ သမဝါယမဝန်ကြီးဌာနကို ဦးဆောင်တဲ့ဝန်ကြီး ဗိုလ်မှူးကြီးစိန်ထွန်းဟာ စီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားတဲ့သူဖြစ်တယ်။ သမဝါယမစနစ်ကို ယုံကြည်မှုအပြည့်ရှိတယ်။ သူ့ကြောင့် ကျွန်တော်ဟာ ဗဟိုသမဝါယမအသင်းမှာ နှစ်စဉ်ကျင်းပတဲ့ သမဝါယမညီလာခံတွေမှာ သုတေသနစာတမ်းတွေ ဖတ်ခွင့်ရခဲ့တယ်။ ဗဟိုသမဝါယမအသင်းမှာ အကြံပေးအဖြစ် တာဝန်ယူခဲ့တယ်။ ဖောင်ကြီးမှာ ဖွင့်လှစ်တဲ့ ဗဟိုသမဝါယမသင်တန်းကျောင်း စတင်ဖွင့်လှစ်ချိန်မှာ ပါဝင်ပတ်သက်ခဲ့တယ်။ ယခင်က သမဝါယမသင်တန်းကျောင်းကို အင်းလျားကန်အနီးရှိတဲ့ ယခုကန်သာယာဆေးရုံဖွင့်လှစ်ထားတဲ့နေရာမှာ ဖွင့်လှစ်ခဲ့တယ်။ ထူးခြားချက်များအနေနဲ့ ဖြူးမြို့မှာ ဖွင့်လှစ်ထားတဲ့ လူငယ့်အားမန် သမဝါယမအသင်းမှာ လှုပ်ရှားခဲ့တယ်။ ဒီအသင်းမှာ စိုက်ပျိုးရေးဘွဲ့ရ ကျောင်းသူ ကျောင်းသားတွေ ဦးစီးထားတာဖြစ်တယ်။ တနင်္သာရီတိုင်း လောင်းလုံးမြို့နယ်မှာရှိတဲ့ ငှက်သိုက်သမဝါယမ အသင်းမှာလည်း သုတေသနတွေ ဆောင်ရွက်နိုင်ခဲ့တယ်။

၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ သမဝါယမလှုပ်ရှားမှုအပေါ် နိုင်ငံတော်အစိုးရရဲ့ အားပေးမှုဟာ လျော့နည်းလာခဲ့တယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ထုတ်ရာမှာ သမဝါယမလှုပ်ရှားမှုသည် ဆီလျော်မှုမရှိကြောင်း ယူဆခဲ့တယ်။ အမှန်တော့ ဒီအယူအဆဟာ လုံးဝလွဲမှားတဲ့ အမြင်ဖြစ်တယ်။ အရင်းရှင်စီးပွားရေးစနစ် ရှင်သန်နေတဲ့ အနောက်နိုင်ငံများမှာ သမဝါယမလှုပ်ရှားမှုဟာ ရှင်သန်နေတာဖြစ်တယ်။ ဂျာမနီနိုင်ငံမှာရှိတဲ့ ဘဏ်တွေအနက် ထင်ရှားတဲ့ ဘဏ်တွေဟာ သမဝါယမဘဏ်တွေ ဖြစ်တယ်။ ဆွစ်ဇာလန်နိုင်ငံမှာရှိတဲ့ ထင်ရှားတဲ့လက်လီဆိုင်တွေဟာ သမဝါယမအသင်းတွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာရှိနေတဲ့ သမဝါယမအသင်းများကို စစ်မှန်တဲ့ပုံစံအဖြစ် အသွင်ပြောင်းလဲစေချင်ပါတယ်။ နိုင်ငံတကာမှာ သမဝါယမအသင်းတွေကို လူမှုစီးပွားရေးအဖွဲ့များအဖြစ် အမည်နာမ ပြောင်းလဲခဲ့တာ တွေ့ရပါတယ်။

**အတ္တနဲ့ ပရမ္မတသော လူမှုစီးပွားရေးလုပ်ငန်းများ ရှင်သန်စေလို**

သမဝါယမ အပေါ်သံယောဇဉ်ကြောင့် ကျွန်တော်ဟာ လူမှုစီးပွားရေးလုပ်ငန်းတွေအပေါ် စိတ်ဝင်စားခဲ့တယ်။ BRITISH COUNCIL မှာ တာဝန်ယူနေတဲ့ မီမီမျိုးဝင်း အကူအညီနဲ့ လူမှုစီးပွားရေးလုပ်ငန်းများနဲ့ ပတ်သက်တဲ့ သင်တန်းများကို ဖွင့်လှစ်နိုင်ခဲ့တယ်။ တစ်ဖက်မှာလည်း မြန်မာနိုင်ငံမှာ လူမှုစီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်မှုကို ပြုစုအားပေးလျက်ရှိပါတယ်။ ယခင်အပတ်က လူငယ်တစ်စုဖွဲ့စည်းထားတဲ့ လူမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှု အစီအစဉ်မှာ ပါဝင်ပတ်သက်ခဲ့တယ်။ လူ့အဖွဲ့အစည်းတစ်ခုမှာ လုပ်ငန်းအဖွဲ့အစည်းတွေကို ပုံစံအမျိုးမျိုးနဲ့ ဖော်ဆောင်ဖို့ လိုအပ်ပါတယ်။ အစိုးရအဖွဲ့အစည်းတွေလိုအပ်သလို ပုဂ္ဂလိကကုမ္ပဏီများဟာလည်း အရေးပါလှတယ်။ ပရဟိတလုပ်ငန်းတွေ ဆောင်ရွက်တဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေလည်း အရေးပါလှပါတယ်။ တစ်မူထူးခြားပြီး စီးပွားရေးပုံစံအသစ်တစ်ခုဖြစ်တဲ့ လူမှုစီးပွား အဖွဲ့အစည်းတွေကိုလည်း ကြိုဆိုရမှာဖြစ်ပါတယ်။ မြန်မာပြည်မှာ လူငယ်တွေရဲ့ ဦးဆောင်မှုနဲ့ ဒီအဖွဲ့အစည်းတွေ ဖော်ဆောင်လျက်ရှိကြောင်း တွေ့ရတဲ့အတွက် ပီတိဖြစ်မိပါတယ်။ လူမှုအဖွဲ့အစည်းရဲ့ အရေးပါမှုကို နိုင်ငံတကာမှာ အသိအမှတ်ပြုနေတာကို တွေ့ရပါတယ်။

ထိုင်းနိုင်ငံမှာ ဝန်ကြီးချုပ်ရုံးမှာ လူမှုအဖွဲ့အစည်းဌာနကို သီးခြားတည်ထောင်ခဲ့ပြီး လှုပ်ရှားမှုတစ်ရပ်အနေနဲ့ ဆောင်ရွက်နေတာဖြစ်တယ်။ လူမှုစီးပွားရေးလုပ်ငန်းများနဲ့ပတ်သက်ပြီး အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုမဏ္ဍိုင်နဲ့တရားရေးမဏ္ဍိုင်တို့အနေနဲ့ သိနားလည်ဖို့ လိုအပ်ပါတယ်။ အားပေးဖို့လည်း လိုမှာဖြစ်တယ်။ အထူးသဖြင့် လူငယ်များရဲ့ အင်အားတွေကို စုစည်းနိုင်စွမ်းရှိတဲ့ အဖွဲ့အစည်းများဖြစ်တာကြောင့် ပိုပြီးအရေးပါလှပါတယ်။ အတ္တ၊ ပရမ္မတပြီး စစ်မှန်တဲ့ ပုံစံနဲ့တည်ထောင်ထားတဲ့ လူမှုစီးပွားရေးလုပ်ငန်းတွေ ရှင်သန်ဖို့အရေးကြီးလှပါတယ်။

ကျွန်တော်ဟာ ပါမောက္ခယူနစ်ကို မြန်မာပြည်ကို နှစ်ကြိမ် ဖိတ်ကြားခဲ့ပါတယ်။ ရန်ကုန်နဲ့ နေပြည်တော်မှာ ဆရာကြီးက ဟောပြောပွဲတွေ ကျင်းပခဲ့တယ်။ တာဝန်ရှိသူတွေနဲ့ ဆွေးနွေးတိုင်ပင်ခဲ့ပါတယ်။ ဆရာကြီးဟာ သူ့ရဲ့ ထူးခြားတဲ့ လူမှုစီးပွားရေးပုံစံကို တစ်ကမ္ဘာလုံးကို ပျံ့နှံ့အောင် ဆောင်ရွက်နိုင်ခဲ့တယ်။ ကျွန်တော့်ရဲ့ ဆန္ဒကတော့ မြန်မာပြည်မှာ လူမှုစီးပွားရေးလုပ်ငန်းတွေ ကြီးပွားစေချင်လှပါတယ်။ ။

---

## ပင်းတယမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြေသားလမ်းလုပ်ငန်း စတင်ဆောင်ရွက်

ပင်းတယ နိုဝင်ဘာ ၂၂

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် မဲနယ်တောင်-ကုန်းဆုံ-မြေပြို ကျေးရွာချင်းဆက် မြေသားလမ်း (၃/၂)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂၇ ဒသမ ၃၇၄ သန်းဖြင့် လုပ်ငန်းစတင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြေသားလမ်းဆောင်ရွက်ပြီးစီးပါက ပင်းတယမြို့နယ် မဲနယ်တောင်ကျေးရွာ၊ ကုန်းဆုံကျေးရွာနှင့် မြေပြိုကျေးရွာများရှိ အိမ်ခြေ ၅၂၈ အိမ်၊ လူဦးရေ ၂၀၂၂ ဦးအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်လာပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

သီဟစည်သူ

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### Wonder Woman 1984 ရုပ်ရှင်ကား ခရစ္စမတ်နေ့တွင် ရုံတင်ပြသမည်

Wonder Woman 1984 ဇာတ်ကားကို အမေရိကန်မှာတော့ ခရစ္စမတ်နေ့မှာပဲ အွန်လိုင်းနဲ့ ရုပ်ရှင်ရုံတို့မှာတစ်ပြိုင်နက် ပြသသွားမယ်လို့ ဝါနားဘရားသားကုမ္ပဏီက အတည်ပြုပြောကြားခဲ့ပါတယ်။

ဒီရုပ်ရှင်ကားအပြည်ပြည်ဆိုင်ရာမှာ ပြသမယ့်ရက်ကို ဒီဇင်ဘာ ၁၆ ရက်လို့ သတ်မှတ်ထားပေမယ့် ဗြိတိန်မှာတော့ ဘယ်အချိန်မှာ ပြသမယ်ဆိုတာ မသိရသေးပါဘူး။ ကိုဗစ်-၁၉ ကြောင့် ရုပ်ရှင်ရုံအများစု ပိတ်ထားရပြီး ရုပ်ရှင်ရုံတွေအတွက် စမ်းသပ်ဆဲကာလမှာ ရုံတင်ပြသဖို့ ဖြစ်လာတာပါ။

ဗြိတိန်နဲ့ အမေရိကန်တို့မှာ ရုပ်ရှင်ရုံတွေ အများစုဖွင့်ထားတဲ့ စင်းဝေါလ်ကတော့ ကိုဗစ်- ၁၉ ကာလအတွင်းမှာ ရုပ်ရှင်ရုံတွေ ပိတ်ထားရတဲ့အတွက် လူပေါင်း ၄၅၀၀၀ ကို အင်အားလျှော့ချခဲ့ရပါတယ်။

ကိုဗစ်-၁၉ ကာလမှာ လူတွေဟာ ရုပ်ရှင်ရုံကို လာရမှာကြောက်ရွံ့နေကြပြီး ရုပ်ရှင်စတူဒီယိုတွေအနေနဲ့လည်း ရိုက်ထားပြီးသားကားတွေကို ပြသသင့် မသင့် ဆုံးဖြတ်ရခက်တဲ့ ကာလဖြစ်နေပါတယ်။ Wonder Woman 1984 ရုပ်ရှင်ကား ပြသမယ့်ရက်ကလည်း ကိုဗစ်- ၁၉ ကြောင့် အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရပါတယ်။ ဒီဇင်ဘာ ၂၅ ရက်မှာတော့ အွန်လိုင်းကနေလည်း ကြည့်ရှုခွင့်ရမှာဖြစ်တဲ့အတွက် ရုပ်ရှင်ရုံအထိ သွားစရာမလိုတော့ပါဘူး။ **စကိုင်းနယူး**



Wonder Woman မှ သရုပ်ဆောင် ဂဲ ဂါဒေါ့ သရုပ်ဆောင်စဉ်။

### အမ်မာဝပ်ဆင်နှင့် ချစ်သူ လီယိုရော်ဘင်တန်တို့ ပထမဆုံးအကြိမ်အဖြစ် လူမြင်ကွင်းသို့ ပြန်ရောက်လာ

ဟယ်ရီပေါ်တာ မင်းသမီး အမ်မာဝပ်ဆင်ဟာ သူ့ရဲ့အချစ်ရေးနဲ့ ပတ်သက်ပြီး အများပြည်သူသိအောင် ထုတ်ဖော်ပြောကြားလေ့မရှိဘဲ သိုသိုသိပ်သိပ်ပဲနေတဲ့ မင်းသမီးတစ်လက်ပါ။

ယခုသီတင်းပတ်အတွင်းမှာတော့ အမ်မာဝပ်ဆင်ဟာ သူ့ရဲ့ချစ်သူ ကယ်လီဖိုးနီးယားက စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ လီယိုရော်ဘင်တန်နှင့်အတူ လူမြင်ကွင်းမှာ ပြန်လည်ထွက်ပေါ်လာခဲ့ပါတယ်။ နိုဝင်ဘာ ၁၈ ရက်မှာတော့ အမ်မာဝပ်ဆင်တို့စုံတွဲကို လန်ဒန်က ပရင်းရို့စ် တောင်ကုန်းမှာ ကော်ဖီဘူးတွေကိုင်ပြီးထွက်လာတာကို တွေ့မြင်လိုက်ရပါတယ်။ သူတို့စုံတွဲကို ၂၀၁၉ ခုနှစ် အောက်တိုဘာလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် လူမြင်ကွင်းမှာ ပြန်တွေ့ရတာပါ။

၂၀၁၉ ခုနှစ် အောက်တိုဘာလမှ အမ်မာဝပ်ဆင်နဲ့ လီယိုတို့ တွဲနေကြပြီဆိုပြီး သတင်းထွက်ခဲ့ပေမယ့် အမ်မာဝပ်ဆင်က အင်တာဗျူးမှာ ငြင်းဆိုခဲ့ပါတယ်။ တစ်ယောက်တည်းနေရတာကို ပိုပြီးသဘောကျတယ်လို့ ဖြေခဲ့ပါတယ်။ ဧပြီလရောက်တဲ့အခါမှာတော့ သူတို့တွဲနေတယ်ဆိုတဲ့သတင်းဟာ ပိုပြီးတိကျလာပါတယ်။

လီယို ရော်ဘင်တန်ဟာ အမ်မာဝပ်ဆင်ရဲ့ မိဘတွေနဲ့ တွေ့ဆုံပြီးပြီလို့ ဒေးလီးမေးလ်ရဲ့ သတင်းအရင်းအမြစ်တစ်ခုက ပြောပါတယ်။ အမ်မာဝပ်ဆင်ကိုယ်တိုင် သူ့ချစ်သူကို မိဘတွေနဲ့ မိတ်ဆက်ပေးခဲ့တာပါလို့ အဆိုပါသတင်းအရင်းအမြစ်က ပြောပါတယ်။ **စကိုင်းနယူး**



အမ်မာဝပ်ဆင်နှင့် ချစ်သူ လီယိုရော်ဘင်တန်။

## ဥပဒေအတွေးရေးပါရစေ အပိုင်း(၂၄၃)

# တရားစီရင်ရေး၏ အင်အား



**ဦးဟန်ညွန့် (ဥပဒေ)**

**မောင်ပျင်းရိ၏မေးခွန်း**

"ကိုဗစ်-၁၉ ကာလမှာ တရားရုံးတွေလည်း ထင်သလောက် အလုပ် သိပ်မလုပ်နိုင်ကြဘူး။ ကျွန်တော်တို့ရှေ့နေတွေလည်း အမှုသိပ်မစစ်နိုင်ကြဘူး။ အမှုရင်ဆိုင်ကြရတဲ့ အမှုသည်တွေလည်း ကျန်းမာရေးကိစ္စကြောင့် ရုံးသွင်း၊ ရုံးထုတ်ကအစ သတိဝီရိယနဲ့ ဆောင်ရွက်နေကြရတယ်။ တရားစီရင်ရေးရဲ့ အင်အားချည့်နဲ့မသွားရအောင် ဝိုင်းပြီးအကြံပေးပါဦးခင်ဗျာ" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ဆွေးနွေးမေးမြန်းလာပါသည်။ ထို့ကြောင့် ဤစာကိုရေးပါသည်။

**တရားစီရင်သော မှုခင်းကိစ္စ**

တရားစီရင်သောမှုခင်းကိစ္စ (Judicial Proceeding) ဆိုသည့် စကားရပ်တွင် သက်သေတို့အား ကျမ်းသစ္စာပြုစေပြီး သက်သေခံချက်များကို ဥပဒေနှင့် အညီ ရယူသည့် သို့မဟုတ် ရယူနိုင်သည့် မည်သည့်မှုခင်းကိစ္စမဆို ပါဝင်သည်။ **(ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ၄(၃))**

ယနေ့ တရားစီရင်ရေးကိစ္စများအပေါ် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြပါသည်။ ထိုသို့ ဆောင်ရွက်နေသည့်ကြားက အခက်အခဲများလည်း ကြုံတွေ့နေရကြောင်း ငြင်းဆိုဖွယ် မရှိပါ။ အခက်အခဲများကို မည်သို့ ကျော်လွှားမည်နည်း။ စုပေါင်းညှိနှိုင်း၊ အဖြေရှာလျက် တရားစီရင်ရေး၏ အင်အားတိုးပွားစေရပေမည်။

**တရားစီရင်ရေးမူများ**

အောက်ပါတို့ကို တရားစီရင်ရေးမူများအဖြစ် သတ်မှတ်သည်-

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊

(ခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊

(ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံခွင့်ရရှိရေး။

**(ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ၁၉)**

**ပြစ်မှုမမြောက်**

တရားစီရင်ရေးဆောင်ရွက်ရာ၌ တရားသူကြီး၏ ပြုလုပ်မှုဆိုသည်မှာ တရားစီရင်မှု ဆောင်ရွက်ရာ၌ တရားသူကြီး တစ်ဦးသည် ဥပဒေအရ မိမိရရှိသော အာဏာကို၊ သို့တည်းမဟုတ် ဥပဒေအရ မိမိရရှိသည်ဟု သဘောရိုးနှင့် ယုံကြည်သည့် အာဏာကို သုံးစွဲဆောင်ရွက်လျှင်၊ ထိုသို့ ဆောင်ရွက်ခြင်းသည် ပြစ်မှုမမြောက်။

**(ရာဇသတ်ကြီး၊ ၇၇)**

**တရားရုံးများ၏အဓိကဝတ္တရား**

အပြစ်ရှိသူကို ထိုက်သင့်သော အပြစ်ပေးရန်နှင့် အပြစ်မရှိသောသူကို ဥပဒေအရ ကာကွယ်ပေးရန်မှာ တရားရုံးများ အဓိကဝတ္တရား ဖြစ်လေသည်။ ယင်းသို့ အကာအကွယ်ပေးရာတွင် ပြည်သူ့ဝန်ထမ်းကိုတစ်မျိုး၊ အခြားလုပ်သားပြည်သူကို တစ်ဖုံ၊ ကွဲပြားခြားနားလျက် စဉ်းစားခြင်း မပြုနိုင်။ ညီတူညီမျှ အကျိုးခံစားခွင့်ပေးရမည် ဖြစ်သည်။ ထိုအတိုင်းပင်လည်း တရားရုံးချုပ်အမှုးရှိသည့် တရားရုံးများသည် လိုက်နာကျင့်သုံးလျက်ရှိသည်။

**(မောင်ဘိုးခွေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ) (၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး) (ရုံးချုပ်) စာ ၆၈၄**

**နည်းသုံးနည်း**

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ (၁) တွင် ရာဇဝတ် တရားသူကြီးသည် ပြစ်မှုတစ်ခုကို အရေးယူနိုင်သည့် နည်းသုံးနည်းကို ပြဋ္ဌာန်းသတ်မှတ်ထားသည်။

အချို့သော ပြစ်မှုဆိုင်ရာအမှုများကို မည်သူက တရားစွဲဆိုရမည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် ကန့်သတ်ပြဋ္ဌာန်းထားသည်။ ထို့ပြင် သက်ဆိုင်ရာ၏ တရားစွဲဆိုရန် ခွင့်ပြုမိန့်မရှိဘဲ တရားစွဲဆိုခြင်း မပြုရဟု တားမြစ်ထားသည့် ပြစ်မှုများလည်းရှိသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ ပါ ပြဋ္ဌာန်းချက်များကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅၊ ၁၉၆-က၊ ၁၉၇၊ ၁၉၈ နှင့် ၁၉၉ တို့ဖြင့် ကန့်သတ်ထားသည်။ ထို့ပြင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၁၃၂၊ ၃၃၉ (၃)၊ ၃၄၂(၁) (င)၊ ၄၈၀(၁၀)၊ ၄၈၅၊ ၅၆၁ ပါ ပြဋ္ဌာန်းချက်ပါ ကန့်သတ်ချက်များကိုလည်း သတိပြုရန် ဖြစ်သည်။ အဆိုပါပုဒ်မများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း တိုင်တန်းချက်မဟုတ်လျှင် မည်သည့်တရားရုံးကမျှ အရေးယူဆောင်ရွက်ခြင်းမပြုရဟု တားမြစ်ထားသည်။

တရားရုံးက လက်ခံစစ်ဆေးခြင်း မပြုရဟု တားမြစ်ထားသော အမှုများကို တရားစွဲဆိုလာခြင်း၊ ဥပဒေအရ မည်သူက တရားစွဲဆိုရမည်ဟု သတ်မှတ်ထားသည့် အမှုတွင် သတ်မှတ်ချက်တွင် မပါသူက တရားစွဲဆိုလာခြင်း၊ အသက် ခုနစ်နှစ်အောက်ကလေးကို တရားစွဲဆိုထားခြင်း၊ စွဲဆိုသည့်အမှုနှင့် စပ်လျဉ်း၍ စီရင်ပိုင်ခွင့် နယ်နိမိတ် မသဲကွဲခြင်း၊ တရားစွဲ အဖွဲ့အစည်း တစ်ရပ်ရပ်က တရားစွဲတင်သည့်အမှုတွင် ခံဝန်ချုပ်ချုပ်ဆိုပြီး လွှတ်ထားသည့် တရားခံ ပါမလာခြင်း၊ အမှုနှင့် ပတ်သက်၍ တရားရုံးသို့တင်ပြရမည့် သက်သေခံပစ္စည်း တစ်ပါတည်းမပါရှိခြင်း စသည့်အကြောင်းရပ်များလည်း ပေါ်ပေါက်နိုင်သည်။

အဆိုပါ ကိစ္စရပ်များသည် တရားစီရင်ရေးဆိုင်ရာများဖြစ်၍ အမှုစွဲဆိုသည့် စွဲချက် သို့မဟုတ် လျှောက်လွှာကို ပြစ်မှုဆိုင်ရာ မှတ်ပုံတင်ပြီး အမှုဖွင့်နေစဉ် မှတ်တမ်းရေးသားရန်ဖြစ်သည်။ လိုအပ်သည့် သက်သေခံချက်များရယူပြီး ဥပဒေနှင့်အညီ ဆုံးဖြတ်ရန် ဖြစ်သည်။

ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၁၃၂၊ ၃၃၉(၃)၊ ၃၄၂(၁) (င) တို့တွင် အဆိုပါပုဒ်မများ၌ ရည်ညွှန်းထားသည့် ပြစ်မှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့်မရရှိဘဲ တရားစွဲဆိုခြင်း မပြုရဟု တားမြစ်ထားသည်။ အချို့ အထူးဥပဒေများတွင်လည်း အလားတူ ပြဋ္ဌာန်းချက်များ ပါဝင်သည်။ ပြဋ္ဌာန်းချက်များ ညီညွတ်ရေးအတွက် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

**မောင်စိုးစံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အမှု**

**မောင်စိုးစံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အမှု ၁၉၅၇၊မတစ၊ (လွှတ်တော်) ၁၅၇** တွင် တရားဥပဒေနှင့် မညီဘဲ စစ်ဆေးခဲ့သည့် အမှုတစ်မှုတွင် ချမှတ်ခဲ့သည့် စီရင်ချက်အရ ပြစ်ဒဏ်ခံပြီး စေကာမူ ယင်းစီရင်ချက်မှာ တရားဥပဒေနှင့်အညီ ခံရသည့် ပြစ်ဒဏ်စီရင်ချက် မဟုတ်ကြောင်း ညွှန်ပြထားသည်ကို တရားရုံးများက အထူးဂရုပြုရန်ဖြစ်သည်။

**ဒေါ်နှစ်နှင့်ဒေါ်ချိုအမှု**

တရားရုံး ဆောင်ရွက်ချက်ကြောင့်ဖြစ်စေ၊ ပျက်ကွက်မှုကြောင့်ဖြစ်စေ အမှုသည်အား မနစ်နာစေသင့်ကြောင်း **ဒေါ်နှစ်နှင့် ဒေါ်ချိုအမှု ၁၉၅၃၊ မတစ၊ (လွှတ်တော်) ၃၉၉(၄၀၀)** တွင်လည်း ညွှန်ပြထားသည်ကို မမေ့သင့်ပါ။

နည်းလမ်းကျနသော စစ်ဆေးစီရင်မှုဖြစ်စေရန်အတွက် တရားစွဲဆို ခွင့်ပြုမိန့် လိုအပ်သည်ဟု ပြဋ္ဌာန်းပါရှိသည့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မများနှင့် အထူးဥပဒေပုဒ်မများကို သတိပြုလေ့လာလိုက်နာရန် လိုအပ်ကြောင်း လက်တွေ့ တရားရုံးကျင့်စဉ်များက ဖော်ပြလျက်ရှိသည်။

**နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှု အစီအစဉ်**

ကိုဗစ်-၁၉ ကာလတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နေကြရကြောင်း အများအသိဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ **တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) စာ-၁၁** တွင် "နိုင်ငံတစ်ဝန်း တရားရုံးများတွင် ရေးဆွဲထားသော CMP ကို သုံးနှစ်အတွင်း အဆင့်လိုက် အကောင်အထည်ဖော်ရန် စတင်ဆောင်ရွက်ခြင်း"ဟု ပါရှိပါသည်။ **မှုခင်း စီမံခန့်ခွဲမှုစနစ် (Case Management System-CMS)** ကို တစ်နိုင်ငံလုံးက တရားရုံးများမှာ ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ် ဖြစ်ပါသည်။ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှု အစီအစဉ် (National Case Management Program- NCMP) ကိုလည်း စီမံဆောင်ရွက်လျက် ရှိပါသည်။ ထိုအစီအမံနှင့် ယနေ့လက်တွေ့ ကျင့်စဉ်များကို ဆက်စပ်သုံးသပ်သင့်ပေမည်။

**စေတနာ**

ကိုဗစ်-၁၉ ကာလအတွင်း တရားစီရင်ရေး အင်အား မြင့်မားတိုးတက်စေရန် ဘက်ပေါင်းစုံမှ စဉ်းစားတွေးခေါ်လျက် တာဝန်ရှိသူအသီးသီးက ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း တွေးခေါ်စဉ်းစားမိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ ... ။ ။

> "တရားစီရင်ရေးဆောင်ရွက်ရာ၌ တရားသူကြီး၏ ပြုလုပ်မှုဆိုသည်မှာ တရားစီရင်မှု ဆောင်ရွက်ရာ၌ တရားသူကြီးတစ်ဦးသည် ဥပဒေအရ မိမိရရှိသော အာဏာကို၊ သို့တည်းမဟုတ် ဥပဒေအရ မိမိရရှိသည်ဟု သဘောရိုးနှင့် ယုံကြည်သည့် အာဏာကို သုံးစွဲဆောင်ရွက်လျှင်၊ ထိုသို့ဆောင်ရွက်ခြင်းသည် ပြစ်မှုမမြောက်"



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်ချက် (၁၁/၂၀၂၀)

*ယမန်နေ့မှအဆက်*

| စဉ် | ကုမ္ပဏီလုပ်ငန်း/အမည် | လိပ်စာ |
|---|---|---|
| ၃၀၁ | ဦးမောင်မောင် ပုဂ္ဂလိက နှစ်ရှည်စိုက်ခင်းလုပ်ငန်း | ကွင်းချောင်းကျေးရွာ၊ ငပုတောမြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃၀၂ | ကြိုးကြာနီ ဖိနပ်လုပ်ငန်း | အမှတ် ၁၂ ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ပခုက္ကူမြို့၊ မကွေးတိုင်း |
| ၃၀၃ | ဦးစိုးပိုင် (SP ကုလားပဲခွဲစက်နှင့် အမှုန့်ကြိတ်လုပ်ငန်း) | အမှတ်– ၁၆၅/ ၁၆၈၊ ၁၉ လမ်းနှင့် ခတ္တာလမ်းဒေါင့်၊ ရန်ဝေးရပ်၊ မကွေးမြို့ |
| ၃၀၄ | ဦးမျိုးအောင် ပုဇွန်မွေးမြူရေးလုပ်ငန်း | မြစ်နားတန်းရပ်ကွက်၊ ကျောက်ဖြူမြို့ |
| ၃၀၅ | ဝင်းလှိုင် စက်မှုလက်မှု (တွင်ခုံ) | ပပ ၁၉/၃၇၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန် (၁) |
| ၃၀၆ | Ko Maung Maung & Brothers Leather Production Co., Ltd. | အမှတ်– ၅၊ ရွာမကျောင်းလမ်း၊ အမှတ်– ၁ ရက်ကွက်၊ လှိုင်မြို့နယ်။ ရန်ကုန် |
| ၃၀၇ | Central Star Manufacturing Company Limited | Mingalar Street, No.(51) 5 Floor, Saunchaung, Yangon Region |
| ၃၀၈ | TET NADI Co., Ltd. | No.(132–134)၊ ၃၁ လမ်း၊ မြေညီထပ်၊ ရန်ကုန်မြို့ |
| ၃၀၉ | စိုးမိသားစု မုန့်ဟင်းခါးဖို လုပ်ငန်း | ကန်သာယာလမ်း၊ မြို့မ (၂) ရပ်ကွက်၊ ပြွန်တန်ဆာမြို့၊ညောင်လေးပင်မြို့နယ် |
| ၃၁၀ | ပန်းချယ်ရီ ဖိနပ်လုပ်ငန်း | NO.(365), Yu Wa Ti Street, (12) Ward, Dagon Myothit (East) Township, Yangon |
| ၃၁၁ | ခိုင်မာလာနှင်းဆီ ပြည်တွင်းထုတ် သွင်းကုန်အစားထိုး ဖိနပ်ချုပ်လုပ်ငန်း | အမှတ် (၂၀၆)၊ ဝဇီယာ (၂) လမ်း၊ (စ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် |
| ၃၁၂ | Gold Hand အထူးချုပ် ဖိနပ်လုပ်ငန်း | အမှတ် (၆၃၁)၊ နီလာလမ်းသွယ်၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၁၃ | Hero Seven ဖိနပ်လုပ်ငန်း | အမှတ်– ၄၈၀/ခ၊ မင်းကျော်ပုံချီလမ်း၊ ၆၉ ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ |
| ၃၁၄ | ဒေါ်အုန်းကြည် သံနန်းဆွဲလုပ်ငန်း | အမှတ် (၂၉၅)၊ ဖောင်ကြီးလမ်း၊ စက်မှုဇုန် (၂)၊ (၆၄) ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၃၁၅ | ဝမ်းဝမ်း ဖိနပ်ချုပ်လုပ်ငန်း | ယ ၇/၂၇၊ အောင်မင်္ဂလာ ၃ လမ်း၊ ရန်အောင် (၁)၊ ပျဉ်းမနားမြို့ |
| ၃၁၆ | CANNAN SHWE PYI COMPANY LIMITED | အမှတ် (၁၄၄/၁၄၂)၊ အခန်း (၄၀၂)၊ ၁၈ လမ်း၊ အထက်ဘလောက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၁၇ | ရောကျော် ဆန်စက် | မဟာဗျူဟာလမ်း၊ မအူကုန်းရပ်ကွက်၊ လက်ပံတန်းမြို့၊ သာယာဝတီခရိုင်၊ ပဲခူးတိုင်းဒေသကြီး |
| ၃၁၈ | ကြံတိုင်းအောင် ဆန်စက် | ၆–ရပ်ကွက်၊ ကျိုက်လတ်မြို့ |
| ၃၁၉ | အောင်စည်သံဟိန်း ကုမ္ပဏီလီမိတက် | No.114, Kyaung Gyi Su Quarter, Taunggyi Township |
| ၃၂၀ | ပန်းကံ့ကော် ဖိနပ်လုပ်ငန်း | No.(362), Thu Nandar (8) Street, (Sa) Ward, North Oakkalapa Township, Yangon |
| ၃၂၁ | Htay One Services Agent Co., Ltd. | N0,378, U–10, Mahagandayone Stree, 48 Qtr, North Dagon Tsp,Ygn |
| ၃၂၂ | GREEN EMERALD Co., Ltd. | No.6/7–Block–39, No.6 Pinn Ya, Nawaday Garden Housing Hlaingtharyar Township |
| ၃၂၃ | A1 (ဦးကျော်မိုးလှိုင်) သီဟိုဠ်စေ့လုပ်ငန်း | အမှတ်(၃၆၉) ဗိုလ်တေဇလမ်း၊ ရွှေပေါက်ကံစက်မှုဇုန်၊ မြောက်ဥက္ကလာ |
| ၃၂၄ | ဒေါ်မြင့်မြင့်အေး ဆန်စက် | ဦးဥတ္တမလမ်း၊ ချောင်းကောက်ရပ်ကွက်၊ တောင်ကုတ်မြို့ |
| ၃၂၅ | ကြယ်ကိုးလုံး ဆန်စက် | မြို့တွင်းကျေးရွာ၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်း |
| ၃၂၆ | ရွှေပင်သူ (ဦးခင်မောင်နိုင်) ဆန်စက် | ပဲခူး–သနပ်ပင်ကားလမ်းဘေး၊ အောက်စုရပ်ကွက်၊ သနပ်ပင်မြို့ |
| ၃၂၇ | Victor ဖိနပ်လုပ်ငန်း | အမှတ် (၅၂၅)၊ သုန္ဒာလမ်း၊ (၁၀၇) ရပ်ကွက်၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၂၈ | ခိုင်မြဲ ပြည်တွင်းထုတ်ကုန် ဖိနပ်လုပ်ငန်း | အမှတ် (၆၈၇)၊ ဓေယျာအေးမြလမ်း၊ (၃၁) ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၂၉ | ဦးဇော်နိုင်ထွန်း (ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်း) | D–61 ၊ အေးသာယာလမ်း၊ (၄)ရပ်ကွက်၊ FMI City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၃၀ | ဦးဇာနီမောင် (ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်း) | အမှတ် (၄၀၂)၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၃၁ | ဦးစိန်ထွန်း (ငါးမွေးမြူရေး) | ကျုံးကျုံးကျကျေးရွာ၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၃၂ | ဦးဝင်းမြင့် (ရတနာခိုင်ဖြိုး)ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်း | (No.40), War Tan Street, Lanmadaw Township, Yangon |
| ၃၃၃ | ဦးမျိုးဇော် (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | ၆၂၊ ကိုင်းတန်းလမ်း၊ လမ်းမတော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၃၄ | ဦးကြီးဟုန် (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | ညောင်တန်းတံတား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၃၅ | ဦးတင်စိန် ငါးလုပ်ငန်း | စံကင်းကြီးကျေးရွာ၊ ထန်းတပင်မြို့၊ ရန်ကုန် |
| ၃၃၆ | ဦးစောလွင် အောင်မြတ်သူ ပင်လယ်ငါးဖမ်းလုပ်ငန်း | No.(001), Building No.(1), Mya Kan Thar Housing, (5) Ward, Hlaing Township, Yangon |
| ၃၃၇ | နဒီမင်း ပင်လယ်ကမ်းဝေး ငါးဖမ်း ကျားပိုက်လုပ်ငန်း(၃ စီး) | အမာမြို့နယ်၊ နောက်မီးကျေးရွာ၊ ဖျာပုံခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃၃၈ | ဦးသိန်းထွန်း ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ် ၂၆၊ ၄ဝါလမ်း၊ စောတောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန် |
| ၃၃၉ | ဦးဝင်းခိုင် ရေထွက်ပစ္စည်း ရောင်းဝယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း | ဒေါဝါးကျေးရွာ၊ ပန်းတနော်မြို့နယ် |
| ၃၄၀ | ဦးငွေမြင့် ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း | No.(33), Aye Yeik Mon Road, Yadanar Mon Housing, (3) Ward, Hlaing Township, Yangon |
| ၃၄၁ | ဦးအောင်သိန်းထွန်း မွေးမြူရေးလုပ်ငန်း | ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ စိုင်ခြံရွာ၊ ပုသိမ်မြို့ |
| ၃၄၂ | ဦးကျော်မိုးရှိန် ငါးဖမ်းစက်လှေလုပ်ငန်း | အမှတ် (၃၂)၊ ၇ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန် |
| ၃၄၃ | ဦးထိန်ဝင်း ငါးမွေးမြူရေး | ထနီကျေးရွာ၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃၄၄ | ငွေငွေကြွယ် ရွှေဇင်ယော်ဟိန်း ကမ်းဝေးငါးဖမ်းလုပ်ငန်း | တိုက်၄၈၊ ၃ လွှာ၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန် |
| ၃၄၅ | ဦးကုလား ကမ်းဝေးငါးဖမ်းလုပ်ငန်း | ဧရာကျေးရွာ၊ ဘိုကလေးမြို့နယ် |
| ၃၄၆ | ဒေါ်သောင်းတင် ပင်လယ်ငါးဖမ်းလုပ်ငန်း | အမှတ် ၄၆၊ ရတနာမွန် ၃ လမ်း၊ ၅ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း |
| ၃၄၇ | တက်နေထွန်း ငါးဖမ်းရေယာဉ်အုပ်စု | No.(566), Nwe Ni (9) Street, North Oakkalapa Township, Yangon |
| ၃၄၈ | ဒေါ်တင်တင်ဝင်း ပင်လယ်ငါးဖမ်းလုပ်ငန်း | အမှတ်(က၊ ၁၀–အေ)၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၃၄၉ | ဒေါ်ရီရီနွဲ့ ပင်လယ်ငါးဖမ်းလုပ်ငန်း | အမှတ် ၁၉၊ အောင်မြေသာစည်လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန် |
| ၃၅၀ | ဦးဇော်လင်းစိုး ပင်လယ်ငါးဖမ်းလုပ်ငန်း | No.(32), (7) Street, (3) Ward, Lanmadaw Township, Yangon |
| ၃၅၁ | ဒေါ်နှင်းနှင်းဝင့်ရှိန် ပင်လယ်ငါးဖမ်းလုပ်ငန်း | No.(32), (7) street, Lanmadaw Township, Yangon |
| ၃၅၂ | ကျော်ထွန်းလင်း ငါးဖမ်းလုပ်ငန်း | အမှတ် (၂၁)၊ အနော်ရထာလမ်း၊ လသာမြို့နယ် |
| ၃၅၃ | ဦးမြင့်စံ ငါးမွေးမြူရေးလုပ်ငန်း | အုတ်ဖိုကျေးရွာ၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၅၄ | ဦးမြင့်လွင် (အောင်ဗလစိန်ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | အမှတ်– ၂၅၊ ၄ လွှာ၊ လမ်းသွယ်–၁၊ ၄ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် |
| ၃၅၅ | ဦးတင်စိုး ပင်လယ်ငါးဖမ်းလုပ်ငန်း | အမှတ် ၁၇၊ အောင်ချမ်းသာ (၄) လမ်း၊ (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန် |
| ၃၅၆ | ဦးသန်းထွန်းအောင် ဝင်းဖြိုးဟိန်း ပင်လယ်ငါးဖမ်းလုပ်ငန်း | အမှတ် ၄၊ ၃ လွှာ ဘီ၊ ခေမာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန် |
| ၃၅၇ | သီတာမွန် (၁) ကမ်းဝေးငါးဖမ်းလုပ်ငန်း | ပပဝတီ အမှတ် ၃ ရပ်ကွက်၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့ |
| ၃၅၈ | ဝင်း ပီလောပီနံ အမှုန့်ကြိတ်လုပ်ငန်း | မိတ်သလင်ကုန်းကျေးရွာ၊ လေးမျက်နှာမြို့နယ် |
| ၃၅၉ | ဒေါ်တင်တင်ဝင်း လပြည့်ဝန်း ဆန်စက်လုပ်ငန်း | ရှမ်းစုရပ်ကွက်၊ နန်းမားကျေးရွာအုပ်စု၊ မိုးညှင်းမြို့နယ် |
| ၃၆၀ | ဦးစောမျိုးသန့် စိုက်/မွေး လုပ်ငန်း | ကံအောင်ကျေးရွာ၊ စော်ဘွားရေရှင်အုပ်စု၊ ကလေးမြို့ |
| ၃၆၁ | Myanmar First Thurein Company Limited | အမှတ် ၄၈၀ ၊ တ ကောင်း ၆ လမ်း ၊ ၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၆၂ | ပန်းမြို့ လက်ဆောင် သီးစုံယို | အမှတ် ၂၀၊ ဘူတာတိုက်တန်း၊ မဟာဗန္ဓုလလမ်း၊ ပြင်ဦးလွင် |
| ၃၆၃ | A.C.E Education Center | ပြည်တော်သာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့ |
| ၃၆၄ | BURGUNDY HILLS COMPANY LIMITED | 10, SHWE TAUNG KYAR ROAD, SUITE 3, BAHAN TOWNSHIP, YANGON, MYANMAR |
| ၃၆၅ | Trust Concept Company Limited | No.19/A, 3rd Floor, Yonegyi Street, Ohbo Quarter, Kyeemyindaing Township, Yangon Region |
| ၃၆၆ | ကမ်းခြေ (BEACH) အမှတ်တံဆိပ် မျှင်ငပိလုပ်ငန်း | အမှတ်(L–205)၊ စက်မှုဇုန်လမ်းမကြီး၊ ပုသိမ်စက်မှုဇုန်၊ ပုသိမ်မြို့ |
| ၃၆၇ | ရွှေငါး သားရေဖိနပ်နှင့် ကတ္တီပါဖိနပ် အမျိုးမျိုးလုပ်ငန်း | အိမ်အမှတ် (၁၉/၂၀၁)၊ မြင်းခြံမြို့နယ် |
| ၃၆၈ | Shwe Mahni Myay ဆန်စက် | Parami Corner Village, Eainme |
| ၃၆၉ | IMI CHIT DESIGNER SCHOOL | NO (44), ZAYYA THU KHA STREET, MOHTLATSAUNG KONE (S), SANCHAUNG TSP, YANGON |
| ၃၇၀ | ဆန်းသစ် ဆားလုပ်ငန်း | တ( 4/3)၊ 63–63 လမ်းကြား၊ ချမ်းမြသာစည်မြို့နယ် |
| ၃၇၁ | Trust Integrated Group Co., Ltd. | No. 46, Zezawar Garden, Than Thu Mar St, Ward No. 15, South Okkalapa Tsp, Yangon |
| ၃၇၂ | A1 ပဒေသာ မြေသြဇာ ထုတ်လုပ်ရေး | အမှတ် (၆၂)၊ ဂရုဏာလမ်း၊ ၁၄၄ ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် |
| ၃၇၃ | ဦးထွန်းသန်း ကမ်းဝေးငါးဖမ်းလုပ်ငန်း | ထားဝယ်ကမ်းရပ်၊ မြိတ်မြို့ |
| ၃၇၄ | KHIN SAN WIN BEAUTY STUDIO & TRAINING | NO (247), 35 STREET, WARD (3), KYAUKTADA TSP, YANGON |
| ၃၇၅ | ဦးလှသန်း (ဦးဘသက်) ငါးကန်လုပ်ငန်း | ရွှေမယင်း၊ တွံတေးမြို့နယ်၊ ကွင်းအမှတ် (၂၇) |
| ၃၇၆ | " မြ " အိုင်အိုဒင်းဆားချော ထုတ်လုပ်ခြင်းလုပ်ငန်း | အမှတ် (၅၀)၊ ရွှေဝါလမ်း၊ စမ်းမြသီတာရပ်၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့ |
| ၃၇၇ | ၅၂ူမဝ စက်မှုလက်မှု စက်ရုံ | မြေကွက်အမှတ် (A–35, A–36)၊ မြင်းခြံစက်မှုဇုန်၊ မြင်းခြံမြို့ |
| ၃၇၈ | မြရတနာအောင် ဆန်စက် | ပျဉ်ချဆိပ်ကျေးရွာ၊ ကျုံပျော်မြို့နယ် |
| ၃၇၉ | သော်တာဆန်း ဆန်စက် | အမှတ် ၃၇၇/၃၇၈၊ ၂၃/ သရက်ချောင်းအရှေ့၊ ၁၀ ရပ်ကွက်၊ ဘိုကလေးမြို့ |
| ၃၈၀ | ဒေါ်ခင်နှင်းလွင်ဆားကြမ်းထုတ်လုပ်ငန်း | မဲခရဲကျေးရွာအုပ်စု၊ မဲခရဲကျေးရွာ၊ ငပုတောမြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃၈၁ | KMD ကွန်ပျူတာ သင်တန်းကျောင်း (အမရပူရ) | အမှတ်– ၁/ ၁၂၉၊ အာရှဘဏ်လမ်း၊ မှန်တန်းရပ်၊ အမရပူရမြို့ |
| ၃၈၂ | ယုဇန ဆန်စက် | သဖန်းကုန်းကျေးရွာ၊ ပျဉ်ပုံအုပ်စု၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၃၈၃ | Seven Dragon သောက်ရေသန့်လုပ်ငန်း | ထီးဆောင်းကျေးရွာ၊ မြင်းမူမြို့ |
| ၃၈၄ | ရွှေအုန်းပင် သရက်တောထိုးမုန့် ဒေသအစားအစာ ထုတ်လုပ်ဖြန့်ချီရေး | အမှတ်(၂) ရပ်ကွက်၊ ချောင်းသာ၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်း |
| ၃၈၅ | လဝန်းသာ ဆန်စက်လုပ်ငန်း | ဒရယ်ချောင်းရွာ၊ သပြေချောင်းအုပ်စု၊ လပွတ္တာမြို့နယ် |
| ၃၈၆ | ဒေါ်စိန်စိန်ဝင်း (ကြက်မွေးမြူရေးလုပ်ငန်း) | အမှတ်– ၄၄၊ ၁၂ လမ်း၊ အောင်ဇေယျာရပ်၊ မကွေးမြို့ |
| ၃၈၇ | ဦးဇင်ပိုင်လတ် ကြက်မွေးမြူရေးလုပ်ငန်း | ဇရပ်ဆိပ်၊ ကြောင်ပန်းကုန်းပိုင်၊ ပုသိမ်မြို့ |
| ၃၈၈ | ဦးကိုကိုနိုင် ဝက်မွေးမြူရေးလုပ်ငန်း | ကျုံပျော်မြို့နယ်၊ သရက်ရိုး၊ ပရကြီးအုပ်စု |
| ၃၈၉ | ဦးကျော်မင်းထိုက် (မွေးမြူရေး) | ထန်းရှစ်ပင်ရွာ၊ နွားတဲကုန်းအုပ်စု၊ ဇီးကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၃၉၀ | ဝင်းသစ္စာ အဆင့်မြင့် ဆန်စက် | မြို့မမြို့ကုန်း၊ ဥဝဏ္ဏကွက်သစ်ရပ်ကွက်၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၉၁ | ရှယ် မုန့်ဖက်ခြောက်လုပ်ငန်း | ကန်ရိုးကျေးရွာ၊ တောင်ငူမြို့ |
| ၃၉၂ | ဦးထွန်းထွန်းနိုင် ဆိတ်မွေးမြူရေးလုပ်ငန်း | အင်္ဂပူအုပ်စု၊ ကျွဲတဲကုန်းရွာ၊ ဟင်္သာတမြို့ |
| ၃၉၃ | ဦးအောင်တင်ထွန်း နို့စားနွား မွေးမြူရေးလုပ်ငန်း | ဘုရားငုတ်တို၊ ရှမ်းစုကျေးရွာ၊ မြောင်းမြမြို့ |
| ၃၉၄ | ရတနာထွန်း မွေးမြူရေးနှင့် မွေးမြူရေး အကျိုးဆောင်လုပ်ငန်း | ဝဲကရင်ကျေးရွာ၊ ဘားအံမြို့ |
| ၃၉၅ | ခနထွန်း ဒေသနွား မွေးမြူရေးလုပ်ငန်း | မြင်းခြံမြို့နယ်၊ ရှားတောကျေးရွာ |
| ၃၉၆ | မခင်သန်းအေး ပဲကြော်၊ ပဲလှော်လုပ်ငန်း | မြို့မရပ်ကွက်၊ မြစ်သားမြို့ |
| ၃၉၇ | မင်းသိန်းစံ ဆန်စက် | မြင်းကသာရွာ၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၉၈ | အောင်ကမ္ဘာ ဇီးခွဲစက် | ဦးကုလား(၁)လမ်း၊ ဇေယျဝတီရပ်၊ အောင်လံမြို့ |
| ၃၉၉ | ဖွဲ့သစ် သရက်တော ထိုးမုန့်လုပ်ငန်း | အမှတ် (၁) ရပ်ကွက်၊ ချောင်းသာ၊ ပုသိမ်မြို့နယ် |
| ၄၀၀ | ဒေါ်မီမီစောမိုး (မိုး) ပဲကြော်လုပ်ငန်း | ဗိုလ်ချုပ်လမ်း၊ ရွှေအိုး (၁) ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး |
| ၄၀၁ | ပြည့်ဖြိုးအောင် ဆန်စက် | ပေကြီးကျေးရွာ၊ ရေဦးမြို့နယ်။ |
| ၄၀၂ | ရတီ အာလူးကြော်လုပ်ငန်း | ယောမင်းကြီး၊ ရေထွက်ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ် |
| ၄၀၃ | ရွှေတံခါးကုမ္ပဏီ | အမှတ် (၁၀၇)၊ ဈေးလမ်း၊ ကျေးပင်ကြီးရပ်ကွက်၊ စစ်တွေမြို့ |
| ၄၀၄ | နေဇော်လင်း (ရေယာဉ်လုပ်ငန်း) | အမှတ်(၈)၊ ကိုးဆူကျောင်းလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၀၅ | ဦးမျိုးမောင်မောင်သိန်း (သိန်းသန်းကြွယ်) ရေကြောင်း ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှု | အမှတ်(၁၄)၊ မြို့မတောင်ပိုင်းရပ်၊ အမှတ် (၆) ရပ်ကွက်၊ ရေစကြိုမြို့ |

*ဆက်လက်ဖော်ပြပါမည်*

# သန်လျင်မြို့ သဘာဝတရားရိပ်သာသို့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ကျပ် ၄၄ဂ သိန်းကျော်တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆားနှင့် ပဲများ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၂**

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(WFP)က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိ သဘာဝတရား ရိပ်သာ သတိပဋ္ဌာန်ဓမ္မာရုံ ကျောင်းတိုက်သို့ ဆန်၊ ဆီ၊ ဆား နှင့် ပဲများ လှူဒါန်းသည့် အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်က ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ကမ္ဘာ့ စားနပ်ရိက္ခာအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

သဘာဝတရားရိပ်သာတွင် သံဃာတော်၊ သီလရှင်၊ သက်ကြီးယောဂီနှင့် ဝေယျာဝစ္စယောဂီ စုစုပေါင်း ၄၃ဝဝ ခန့်ရှိပြီး ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အနေဖြင့် ကျပ် ၄၄ဂ သိန်း ကျော် တန်ဖိုးရှိ ဆန် ၅ဝ ကီလိုပါ ၁၁၆၁ အိတ်၊ ပဲ ၅ဝ ကီလိုပါ ၁၅၅ အိတ်၊ ၁ဂ ဒသမ ၂ ကီလိုပါ ဆီဘူး ၂၁၅ ဖာနှင့် ဆား ၄၅ ကီလို ၁၅ အိတ်တို့ကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လှူဒါန်းပွဲတွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ပေးအပ်လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆားနှင့် ပဲများကို သဘာဝတရား ရိပ်သာ သတိပဋ္ဌာန်ဓမ္မာရုံကျောင်းတိုက်ဆရာတော် အရှင် ဥတ္တမသာရထံသို့ ဝန်ကြီးချုပ်က ဆက်ကပ်လှူဒါန်းခဲ့ပြီး နောက် ရိပ်သာရှိ ဘိုးဘွားများထံသို့ စားနပ်ရိက္ခာများကို လည်း ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် သဘာဝတရားရိပ်သာ အတွင်းရေးမှူး ဦးဝင်းမြင့်တို့က ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ကိုယ်စားလှယ် တစ်ဦးထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဆန်းကျော်ဦး(ပြန်/ဆက်)




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်နေစဉ်

# ခင်ဦးမြို့တွင်း ကတ္တရာလမ်းကို အကျယ်ပေတိုးချဲ့၍ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၉၅ ရာခိုင်နှုန်းပြီးစီး

**ခင်ဦး နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့တွင်းလမ်းပိုင်းဖြစ်သော ခင်ဦး-ရေဦး ကားလမ်း တွင် ကတ္တရာလမ်းတိုးချဲ့၍ ထပ်ပိုးလွှာခင်းခြင်းနှင့် ဂျင်းမြေလမ်းပခုံးခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် ၉၅ ရာခိုင်နှုန်းအထိ ပြီးစီး နေပြီဖြစ်ပြီး လုပ်ငန်းပြီးစီးမှုကို နိုဝင်ဘာ ၂၀ ရက်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုလတ်နှင့် မြို့နယ် အရည်အသွေးစစ်ဆေးရေး ကော်မတီဝင်များက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ခင်ဦး-ရေဦး ကားလမ်း အရှည် သုံးဖာလုံကို မူလကတ္တရာလမ်းအကျယ် ၁ဂ ပေမှ ၂၄ ပေအထိ တိုးချဲ့၍ ထပ်ပိုးလွှာခင်းခြင်းနှင့် တစ်ဖက်လျှင် ဂျင်းမြေ လမ်းပခုံး သုံးပေစီခင်းခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေ ကျပ် ၁၀၁ ဒသမ ၆ သန်းဖြင့် ဝေထိုက်အောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ရာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး လမ်းပခုံးခင်းခြင်း လုပ်ငန်းအချို့သာ ကျန်ရှိတော့ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်း ခင်ဦးမြို့တွင်းလမ်းပိုင်းဖြစ်သော ခင်ဦး-သင်ပေါင်း ကားလမ်းတွင် မူလကတ္တရာလမ်းအကျယ် ၁ဂ ပေမှ ၂၄ ပေ အကျယ်ကတ္တရာလမ်းတိုးချဲ့၍ထပ်ပိုးလွှာခင်းခြင်းနှင့် မူလကတ္တရာလမ်းအကျယ် ၁၂ ပေကို ၁ဂ ပေအကျယ် ကတ္တရာလမ်းတိုးချဲ့၍ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း များကို လမ်းဦးစီးဌာနက တင်ဒါစနစ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ခင်ဦးမြို့နယ် လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ကြည်ကြည်ဝေ၏ ပြောကြားချက်အရ သိရသည်။

စိုးဝေအောင်(ခင်ဦး)

# ရေတာရှည်မြို့နယ်မှ တံတားနှင့် လမ်းလုပ်ငန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ရေတာရှည် နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ နယ် စည်ပိုင်းကျေးရွာအုပ်စုနှင့် နဂျပ် ကျေးရွာအုပ်စုတို့ကြား ဆက်သွယ် သွားလာသည့် ကျေးရွာချင်းဆက် တံတား၏ ချဉ်းကပ်လမ်းလုပ်ငန်းနှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

၂၀၁ဂ-၂၀၁၉ ဘဏ္ဍာရေးနှစ်က တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပိုလျှံ ရန်ပုံငွေ ကျပ်သိန်း ၂၂၅၀ ဖြင့် ဆောင် ရွက်ခဲ့သည့် အရှည် ပေ ၁၅၀၊ အကျယ် ၁ဂ ပေရှိ သံကူကွန်ကရစ်တံတား၏ ချဉ်းကပ်လမ်းလုပ်ငန်းနှင့် တံတားနှင့် ဆက်သွယ်သည့်လမ်း ၁ ဒသမ ၇ မိုင် တွင် ကျောက်ရောမြေခင်းခြင်းလုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ရေတာရှည်မြို့နယ်မှ တောင်ငူခရိုင်နှင့် နေပြည်တော်သို့ ဆက်သွယ်သွားလာ နိုင်မည့် ဇရစ်ရိုးကုန်း-မီးချောင်းအိုင် ခရိုင်ချင်းဆက်လမ်းတွင် ကျောက်ချော ခင်းမည့် အခြေအနေများကိုလည်း ကောင်း၊ ရေတာရှည်မြို့နယ် ရွှေသောင် ကျေးရွာဟောင်းသို့ သွားရောက်သည့် ကျေးလက်လမ်းပေါ်ရှိ ကွန်ကရစ် တံတား သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားခဲ့မှုကို ပြန်လည် တည် ဆောက်ပေးနိုင်ရန် လိုအပ်ချက်များ ကိုလည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)



သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့်တံတားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကြည့်ရှုစစ်ဆေးစဉ်။

# လမိုင်းမြို့၌ နှာခေါင်းစည်းတပ်ရန် ပညာပေးလှုပ်ရှားမှုပြုလုပ်

**လမိုင်း နိုဝင်ဘာ ၂၂**

မွန်ပြည်နယ် လမိုင်းမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းနှင့် မျက်နှာအကာကို လူတိုင်းတပ်ဆင်ရန် အသိပညာပေးလှုပ်ရှားမှုကို မွန်ပြည်နယ် အစိုးရ၏ ညွှန်ကြားမှုဖြင့် နိုဝင်ဘာ ၂၁ ရက်မှ စတင်ပြုလုပ်နေပြီး ၂၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုကို လူစည်ကားရာနေရာများ ဖြစ်သည့် ပြည်သူ့ ဈေး၊ ကျိုက်ကေလာသ ဘုရားလမ်းဆုံ စသည့် နေရာများ၌ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့ အစည်းများနှင့် စေတနာ့ဝန်ထမ်းများက အဖွဲ့ သုံးဖွဲ့ခွဲ၍ ပြုလုပ်ခဲ့ပြီး တစ်ဖွဲ့လျှင် နှာခေါင်းစည်း အခုရေ ၁၀၀၀ နှုန်းဖြင့် နှာခေါင်းစည်း ၃၀၀၀ ကို ပြည်သူများထံ ဖြန့်ဝေပေး၍ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို လက်ကိုင် အသံချဲ့စက်များဖြင့် ဟောပြောခြင်းများ ပြုလုပ်ကြသည်။

မြို့နယ်(ပြန်/ဆက်)




# ပန်းတနော်မြို့အဝင် ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်သို့ တိုင်းဒေသကြီးဝန်ကြီးချုပ် လာရောက်ကြည့်ရှုပြီး ထောက်ပံ့ငွေပေးအပ်

**ပန်းတနော် နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် မြို့ အဝင်အထွက်ဂိတ်၌ စစ်ဆေးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်တွင် အဆိုပါ စစ်ဆေး ရေးဂိတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အတူ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်း အင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက် သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ ကရင် တိုင်းရင်းသားရေးရာဝန်ကြီး ဂျွဲမိုးမြတ် မြတ်သူ၊ တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်း ထွန်းအောင်နှင့် တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန် ရှိသူများက စစ်ဆေးရေးဂိတ်၌ ရောဂါ ကာကွယ်ရေးအတွက် ကြပ်မတ် စစ်ဆေးနေမှုများကို လိုက်လံကြည့်ရှု အားပေးကာ ဂိတ်မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ များကို ရှင်းလင်းတင်ပြသည်။ ထို့ နောက် စစ်ဆေးရေးဂိတ်များတွင် လိုအပ်သည်များ သုံးစွဲရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကပေးအပ် သည့် ထောက်ပံ့ငွေ ကျပ်ငါးသိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ဆေး ရေးဂိတ်မှ တာဝန်ရှိသူများထံသို့ ထောက်ပံ့ပေးအပ်သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များကို မြို့နယ်အလိုက် အလေးထား ဆောင်ရွက်လျက်ရှိသလို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြို့နယ်တိုင်းတွင် ကိုဗစ်-၁၉ စစ်ဆေး ရေးဂိတ်များ ဖွင့်လှစ်ထားရာ အဆိုပါ စစ်ဆေးရေးဂိတ်များတွင် လိုအပ် သည့် နေရာများ၌ သုံးစွဲရန်အတွက် ကျန်းမာရေးသုံး အထောက်အကူပြု ပစ္စည်းများကို တိုင်းဒေသကြီး အစိုးရ အဖွဲ့အနေဖြင့် ပြည့်ဝစွာ ထောက်ပံ့ ပေးထားပြီးဖြစ်သကဲ့သို့ ယခု ထပ်မံ၍ မြို့နယ် ၂၆ မြို့နယ်အတွက် တစ်မြို့ နယ်လျှင် ကျပ်ငါးသိန်းစီကို ထပ်မံ ထောက်ပံ့ ပေးအပ်လျက်ရှိကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပန်းတနော်)




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က စစ်ဆေးရေးဂိတ်အတွက် ထောက်ပံ့ငွေကျပ်ငါးသိန်း ပေးအပ်နေစဉ်

# ဟားခါးမြို့၌ လူဦးရေ ၅၀၀၀ ဆံ့သည့် Chin Convention Center ခန်းမကို ချင်းဘိုးဘွားများ၏ ရိုးရာအိမ်ပုံစံ ဒီဇိုင်းအတိုင်း တည်ဆောက်သွားမည်

**ဟားခါး နိုဝင်ဘာ ၂၂**
ဟားခါးမြို့တွင် ၂၀၁၅ ခုနှစ်က ဖြစ်ပွားခဲ့သည့် သဘာဝဘေးဒဏ် မြေပြိုမှုကို ဝမ်းနည်းအောက်မေ့သည့်အနေဖြင့် လူဦးရေ ၅၀၀၀ ဝင်ဆံ့သည့် Chin Convention Center ခန်းမဆောင်ကို ချင်းဘိုးဘွားများ တည်ဆောက်ခဲ့သည့် ရိုးရာအိမ်ပုံသဏ္ဌာန် ဒီဇိုင်းအတိုင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခန်းမဆောင်ကို ဟားခါး သစ်ရပ်ကွက်ရှိ ဟားခါး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ မြေနေရာ၌ ကိုဗစ်-၁၉ ရောဂါ ပြီးဆုံးသည့်နောက်တွင် စတင်တည်ဆောက်သွားမည်ဟု သိရသည်။ "ဟားခါးသစ်ရပ်ကွက်ထဲက ဟားခါး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ မြေနေရာမှာ ခန့်မှန်းခြေ ပေ ၁၀၀ x ပေ ၆၀ အကျယ်အဝန်းနဲ့ တည်ဆောက်ဖို့ ရည်မှန်းထားပါတယ်။ ပြည်တွင်း ပြည်ပမှာနေထိုင်ကြတဲ့ ချင်း နှစ်ခြင်း ခရစ်ယာန်အသင်းဝင်တွေရဲ့ အလှူငွေနဲ့ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလျံ(မြန်မာငွေ ကျပ်သိန်းပေါင်း ၃၀၀၀၀)ခန့်နဲ့ တည်ဆောက်မှာဖြစ်ပါတယ်"ဟု ဟားခါးအခြေစိုက် ချင်းခရစ်ယာန် ဆက်သွယ်ရေးအဖွဲ့ (Chin Association for Christian Communication-CACC)၏ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဆရာတော် ဒေါက်တာ Za That က ပြောသည်။

"၂၀၁၅ ခုနှစ်က ဟားခါး မြေပြိုမှုကို ဝမ်းနည်းအောက်မေ့ သတိရတဲ့အနေနဲ့ ဒီခန်းမကို တည်ဆောက်ခြင်းဖြစ်ပါတယ်။ ခန်းမကို ချင်းဘိုးဘွားများ တည်ဆောက်ခဲ့တဲ့ အိမ်ပုံသဏ္ဌာန် ဒီဇိုင်းအတိုင်း တည်ဆောက်မှာပါ။ ခန်းမကို ကြည့်လိုက်တာနဲ့ ဒါဟာ ချင်းအိမ်ပဲလို့ လူတိုင်းသိရအောင်ပါ။ ချင်းအငွေ့အသက် အများဆုံး ပုံဖော်နိုင်တဲ့ ဒီဇိုင်းဖြစ်မှာပါ။ ခန်းမကို ချင်းလူမျိုးတွေအားလုံး လူမှုရေးအစည်းအဝေး၊ ဘာသာရေးအစည်းအဝေးနှင့် ချင်းလူမျိုးများညီလာခံစတဲ့ အစည်းအဝေးကြီးတွေ လုပ်ဆောင်နိုင်အောင် ရည်ရွယ်တည်ဆောက်ပါမယ်။ ဟားခါးမှာဆိုရင် လူ ၁၀၀၀ လောက်ဝင်ဆံ့တဲ့ ဘာသာရေးအဆောက်အအုံ မရှိသေးဘူး။ ဒီခန်းမထဲမှာတော့ လူ ၃၀၀၀ ဆံ့မယ်။ ခန်းမအပြင်ဘက် ဝရန်ဒါမှာတော့ လူ ၂၀၀၀ လောက် ဝင်ဆံ့မယ်။ စုစုပေါင်း လူဦးရေ ၅၀၀၀ လောက် ဝင်ဆံ့မယ့် ခန်းမဆောင်ပါ။ ပြီးတော့ ကား အစီး ၂၀၀ လောက် ပါကင်ထိုးနိုင်အောင်လည်း စီစဉ်မှာဖြစ်ပါတယ်" ဟု ဆရာတော်က ဆက်လက်ပြောကြားသည်။

အဆိုပါ ခန်းမတည်ဆောက်မည့် အချိန်ကာလသည် သုံးနှစ်မှ လေးနှစ်အထိ ကြာမြင့်နိုင်မည်ဖြစ်ပြီး ကိုဗစ်ကပ်ရောဂါလွန်ပြီးနောက် ခန်းမကို ဆောက်လုပ်ရန် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တင်ဒါခေါ်ယူ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ချင်းရိုးရာအိမ်ပုံစံ ဒီဇိုင်းအတိုင်း တည်ဆောက်သွားမည့် Chin Convention Center ခန်းမကို ဒီဇိုင်းရေးဆွဲထားပုံ

# မုံရွာမြို့၌ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များ ပြန်ဖွင့်နိုင်ရန် အဖွဲ့သုံးဖွဲ့ဖြင့် စစ်ဆေးနေ

**မုံရွာ နိုဝင်ဘာ ၂၂**
မုံရွာမြို့ရှိ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များကို ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ နိုဝင်ဘာလကုန်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ရန်အတွက် တာဝန်ရှိသူများက နိုဝင်ဘာ ၂၁ ရက်မှစ၍ အဖွဲ့ သုံးဖွဲ့ဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး ဆိုင်ရာ စံသတ်မှတ်ချက်တွေနဲ့ကိုက်ညီပြီး A အဆင့် သတ်မှတ်ခံရတဲ့ စားသောက်ဆိုင်နဲ့ လက်ဖက်ရည်ဆိုင်တွေကို နိုဝင်ဘာလကုန်မှာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ဖို့ အဖွဲ့သုံးဖွဲ့နဲ့ လှည့်စစ်နေတာပါ။ မြို့နယ်ထွေအုပ်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးနဲ့ စည်ပင်တို့ ပူးပေါင်းပြီး စစ်ဆေးနေတာပါ"ဟု မုံရွာမြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ပြောသည်။



နိုဝင်ဘာ ၂၁ ရက်က စတင်စစ်ဆေးပြီးနောက် စစ်ဆေးတွေ့ရှိချက်များကို နိုဝင်ဘာ ၂၃ ရက်တွင် အထက်အဆင့်ဆင့်သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆိုင်ရှင်တွေ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေ၊ စားသုံးသူတွေ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေနဲ့ စားပွဲထိုးဝန်ထမ်းတွေ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လိုက်နာရမယ်ဆိုပြီး ဆိုင်ရှင်တွေက ဝန်ခံကတိထိုးထားရမှာ ဖြစ်ပါတယ်။ လက်ဆေးကန်ထားပြီး လာတဲ့သူတိုင်း Mask ကိုယ်စီပါမှ ဝင်ရမှာဖြစ်ပါတယ်။ အပူချိန်တိုင်းရမှာဖြစ်သလို စားပွဲထိုးတွေက မျက်နှာအကာ တပ်ထားရမှာတွေကို လိုက်နာရပါမယ်"ဟု အမှုဆောင်အရာရှိက ဆက်ပြောသည်။

မုံရွာမြို့တွင် စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင် စုစုပေါင်း ၄၀၀ ကျော်ရှိပြီး ယင်းတို့အထဲမှ ဆိုင်ပေါင်း ၂၀၀ ခန့်မှာ ဆိုင်ကြီးများဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# WE Love Yangon အဖွဲ့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မှ အိမ်ထောင်စု ၁၀၄ စုအား စားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၂**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းမှ စားသောက်ရေးအခက်အခဲရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား ပြည်သူမှပြည်သူသို့ မျှဝေရေးအစီအစဉ်ဖြင့် We Love Yangon အဖွဲ့က အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်တွင် အိမ်ထောင်စု ၁၀၄ စုအား အခြေခံစားသောက်ကုန်များ ဆက်လက်လှူဒါန်းပေးခဲ့သည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ (၁၄)၊ (၁၅)၊ ရွာသာကြီးနှင့် ထောင်တလုတ် ရပ်ကွက်များအတွင်းမှ နွမ်းပါးသော အိမ်ထောင်စု ၁၀၄ စုထံသို့ တစ်အိမ်ထောင်လျှင် ဆန် ၁၂ ပြည်၊ ဆီ တစ်ဘူး၊ အချိုရည် သုံးဘူး၊ ခေါက်ဆွဲခြောက် တစ်ဖာ၊ ငါးသေတ္တာ ငါးဘူးနှင့် KN95 နှာခေါင်းစည်း တစ်ခုစီတို့ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

We Love Yangon လူထုအခြေပြု ပရဟိတအဖွဲ့အနေဖြင့် "ပြည်သူမှ ပြည်သူသို့ မျှဝေရေး"အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း အလှူရှင်များ လှူဒါန်းသော အလှူငွေများဖြင့် အခြေခံလူတန်းစား ပြည်သူများထံသို့ စားသောက်ကုန်များကို ဆက်လက်ဖြန့်ဝေလှူဒါန်းပေးသွားမည် ဖြစ်ကြောင်းသိရသည်။

**လှလှထွေး(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခုနစ်ခု၌ တစ်အိမ်သုံးနှင့် အများပြည်သူသုံးဆိုလာများ တပ်ဆင်ပေးမည်

**မုံရွာ နိုဝင်ဘာ ၂၂**
၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခုနစ်ခုမှ ကျေးရွာအုပ်စု ၆၃ အုပ်စု၊ ကျေးရွာ ၁၀၀ ၌ တစ်အိမ်သုံးနှင့် အများပြည်သူသုံး ဆိုလာစနစ်များကို စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တပ်ဆင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြို့နယ်ခုနစ်ခုမှာ မင်းကင်း၊ တမူး၊ ဗန်းမောက်၊ ဖောင်းပြင်၊ ပုလဲ၊ လဟယ်နှင့် နန်းယွန်း မြို့နယ်များဖြစ်ပြီး တစ်အိမ်သုံး ၆၀ ဝပ် ဆိုလာစနစ် ၈၅၉၄ ခု၊ တစ်အိမ်သုံး ၁၀၀ ဝပ် ဆိုလာစနစ် ၄၃၅ ခုကို တပ်ဆင်ပေးသွားမည်ဖြစ်သလို အများပြည်သူနှင့်သက်ဆိုင်သော ဆိုလာစနစ်များအနေဖြင့် ပညာရေးအဆောက်အအုံ၊ ကျန်းမာရေးအဆောက်အအုံ၊ ဘာသာရေးကျောင်းများနှင့် လမ်းမီးတိုင်များ စုစုပေါင်း ၈၃၅ ခုကိုလည်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၁၀၂၄၄ အိမ်မှ လူဦးရေ ၆၂၀၀၀ ကျော်အား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မွေးကြူဇင်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်ရန်အတွက် ကျေးရွာများရွေးချယ်

**ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၊ ရေကြည်မြို့နယ်နှင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်တို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းတို့အတွက် ကျေးရွာများ ရွေးချယ်ပွဲကို နိုဝင်ဘာ တတိယပတ်အတွင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။**

**ကန်ကြီးထောင့်**

ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည့် ကျေးရွာရွေးချယ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှကြိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်စိုးနိုင်က စီမံကိန်းများအတွက် ကျေးရွာများရွေးချယ်မည့် အခြေခံမူများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရွာ ၅၀ နှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတွက် တစ်ယူနစ်တို့ကို သတ်မှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ စိစစ်ရွေးချယ် အတည်ပြုခဲ့ကြသည်။ **နိုင်လင်း**

**ရေကြည်**

ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ကျေးရွာများရွေးချယ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးပြည့်ဖြိုးအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မြစိမ်းရောင်စီမံကိန်း ကျေးရွာများ ရွေးချယ်ရန် အခြေခံ စံသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် ကျေးရွာ ၃၀ နှင့် မြစိမ်းရောင်စီမံကိန်းအတွက် ကျေးရွာ တစ်ရွာတို့ကို ညှိနှိုင်းရွေးချယ်ခဲ့ကြသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး မြစိမ်းရောင်စီမံကိန်းကို တစ်ယူနစ်လျှင် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **အောင်သူဟန်(ပြန်/ဆက်)**

**ဘီးလင်း**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘီးလင်းမြို့နယ်မှ ကျေးရွာများ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာနိုင်ရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် မြစိမ်းရောင်ကျေးရွာစီမံကိန်း တစ်ရွာနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ခုနစ်ရွာတို့ကို ဖော်ဆောင်မည်ဖြစ်ရာ ကျေးရွာများကို နိုဝင်ဘာ ၁၇ ရက်က ရွေးချယ်ခဲ့သည်။ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည့် ကျေးရွာများရွေးချယ်ပွဲတွင် မြို့နယ်တည်ဆောက်ရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များက ကျေးရွာများကို ရွေးချယ်ပေးခဲ့ကြသည်။ **မောင်မွေး**

# ကန်ပိုက်တီးမြို့၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်

**ကန်ပိုက်တီး နိုဝင်ဘာ ၂၂**
ကချင်ပြည်နယ် ကန်ပိုက်တီးမြို့၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရန် အသိပညာပေးသည့် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုကို နိုဝင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ ပူးပေါင်း၍ ကန်ပိုက်တီးမြို့ မြန်မာ-တရုတ် ချစ်ကြည်ရေး ကုန်သွယ်လမ်းပေါ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းရှေ့မှ ဖြတ်သန်းသွားလာသည့် ပြည်သူများနှင့် မြို့ဈေးတန်းရှိ ဈေးရောင်းသူ ဝယ်သူများအား နှာခေါင်းစည်း အခုရေ ၂၀၀၀ ကို အခမဲ့ဖြန့်ဝေပြီး ပညာပေးမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

# မုံရွာခရိုင်နှင့် ယင်းမာပင်ခရိုင်အတွင်း တောင်တန်းများ စိမ်းလန်းစိုပြည်ရေးအတွက် တောင်တန်းစိုက်ခင်း ဧက ၉၀၀ ကို ဖော်ဆောင်သွားမည်

**မုံရွာ နိုဝင်ဘာ ၂၂**

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်နှင့် ယင်းမာပင်ခရိုင်တို့အတွင်းရှိ တောင်တန်းများ စိမ်းလန်းစိုပြည်ရေးအတွက် တောင်တန်းစိုက်ခင်း ဧက ၉၀၀ ကို အကောင်အထည်ဖော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘလွင်ဦးထံမှ သိရသည်။

အပူပိုင်းဇုန်အတွင်းရှိ တောင်တန်းများတွင် မြေဆီမြေလွှာများ ပျက်စီးဆုံးရှုံးမှုကို ထိန်းသိမ်းနိုင်ရန်၊ အပူရှိန်ကို လျှော့ချနိုင်ရန်နှင့် သစ်ပင်ပေါက်ရောက်မှု နည်းပါးသည့်နေရာများ၌ တောင်တန်းစိုက်ခင်းများကို တည်ထောင်စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး သဘာဝ တောရိုင်းတိရစ္ဆာန်များ ပြန်လည်ကျက်စားလာစေရန် ရည်ရွယ်၍ တည်ထောင်ပေးရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

"တောင်တန်းတွေပေါ်မှာ သဘာဝအလျောက်ပေါက်နေတဲ့ အပင်တွေကိုလည်း ထိန်းသိမ်းမယ်၊ သစ်ပင်ပေါက်ရောက်မှုနည်းတဲ့နေရာတွေမှာ ထပ်ပြီး စိုက်ပျိုးမယ်၊ တောင်တန်းကြီးတစ်ခုလုံး ပြန်လည်စိမ်းလန်းပြီး ပတ်ဝန်းကျင် ဒေသတွေရဲ့ အပူရှိန်တွေကို လျှော့ချပေးနိုင်ပြီး ရေဝေရေလဲဒေသတွေကိုလည်း အထောက်အကူဖြစ်စေဖို့ ရည်ရွယ်စိုက်ပျိုးတာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးက ပြောသည်။

ခရိုင်အလိုက် တောင်တန်းစိုက်ခင်းများ တည်ထောင်မှုအနေဖြင့် မုံရွာခရိုင်အတွင်းရှိ မုံရွာမြို့နယ်၊ အရာတော်မြို့နယ်၊ ဘုတလင်မြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့တွင် တောင်တန်းစိုက်ခင်း ဧက ၈၁၀ ကိုလည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ ဆားလင်းကြီးမြို့နယ်တွင် တောင်တန်းစိုက်ခင်း ဧက ၉၀ ကိုလည်းကောင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တည်ထောင်မည်ဖြစ်ကာ လာမည့် မိုးရာသီတွင် သစ်ပင်များ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



မုံရွာမြို့ ဗောဓိတစ်ထောင်ဘုရားအနီး၌ သစ်ပင်များ စိုက်ပျိုးထားစဉ်။

# ပုဂံ-ညောင်ဦးခရီးစဉ်ဒေသ စီမံခန့်ခွဲရေးကော်မတီ၏ ဒုတိယအကြိမ် ဆွေးနွေးပွဲပြုလုပ်

**ညောင်ဦး နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး ကော်မတီ၏ ဒုတိယ အကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ညောင်ဦးမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပုဂံ-ညောင်ဦး ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းက အမှာစကားပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံဌာနခွဲ)တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က (Destination Management Organization-DMO) ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပုဂံ-ညောင်ဦးဒေသ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်း၊ ဧည့်လမ်းညွှန်များအသင်း၊ ပုဂံ ပလတ်စတစ်ကမ်ပိန်းအဖွဲ့နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကော်မတီ၏ လက်ရှိဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များနှင့် ဒေသအတွက် အထိရောက်ဆုံး လုပ်ဆောင်ပေးနိုင်မည့် အချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီး နောက်တစ်ရက်တွင် ပုဂံ-ညောင်ဦး ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် DMO တွင် ပါဝင်သော အသင်းအဖွဲ့များသည် ခရီးစဉ်ဒေသအသစ်များဖြစ်သော ကျောက်မျက်မှော်နှင့် တောကျောင်းခရီးစဉ်ဒေသများသို့ သွားရောက်၍ မြေပြင်အနေအထားကို ကြည့်ရှုခဲ့ကြကာ ပြည်တွင်း ပြည်ပ ခရီးသွားများ ရောက်လာပါက ယာဉ်ရပ်နားရန်နေရာနှင့် ဈေးသည်များအား နေရာချထားပေးရန်၊ လူသွားလမ်းများကို အဆင့်မြှင့်တင်ပေးရန်၊ ခရီးသွားဧည့်သည်များ ညနေ နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားနိုင်အောင် ထိုင်ခုံများ စီစဉ်ဆောင်ရွက်ပေးရန်၊ ဘုရားစေတီ ပုထိုးများရှေ့တွင် ကွယ်နေသည့် ခြုံများကို ရှင်းလင်းရန် စသည်တို့ကို ညှိနှိုင်းစီစဉ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုဂံ-ညောင်ဦး ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး ကော်မတီ(DMO)ကို ပုဂံ ရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်အတန်းနှင့် အရည်အသွေး မြင့်မားတိုးတက်စေပြီး ယဉ်ကျေးမှု အမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် လုပ်ငန်းများကို ဌာနများ၊ အဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေး၊ ဒေသအသီးသီးတွင် ခရီးစဉ်အသစ်များ ဖော်ထုတ်၍ ဒေသခံများ၏ လူနေမှုအဆင့်အတန်းကို ဖွံ့ဖြိုးတိုးတက်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး စသည့် လုပ်ငန်းတာဝန် ၂၁ ချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နေကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# မရမ်းကုန်းမြို့နယ်အတွင်းမှ အခြေခံလူတန်းစား ပြည်သူများအား ဆန်များဝေငှပေး

**ရန်ကုန် နိုဝင်ဘာ ၂၂**

ကိုဗစ်ကာလ Stay at Home နေထိုင်ရန် သတ်မှတ်ထားသော ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်အတွင်းမှ အခြေခံလူတန်းစား ပြည်သူများအား ကောက်ရိုးနွယ် လူမှုအကျိုးပြုအဖွဲ့က "ပိုသူကပေး-လိုသူကယူ" စနစ်ဖြင့် ဆန်များကို နိုဝင်ဘာ ၂၁ ရက်တွင် အိမ်တိုင်ရာရောက် လိုက်လံလှူဒါန်းခဲ့ကြောင်း သိရသည်။

ကောက်ရိုးနွယ် လူမှုအကျိုးပြုအဖွဲ့မှ ဥက္ကဋ္ဌ ဦးသောင်းစိန် ဦးဆောင်သော မိသားစု မောင်နှမများက အမှတ်(၂)ရပ်ကွက်အတွင်းမှ လမ်းအလိုက် အခြေခံလူတန်းစား ပြည်သူများအား တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်နှုန်းဖြင့် လှူဒါန်းပေးနေခဲ့သည်မှာ နိုဝင်ဘာ ၂၁ ရက်တွင် (၅)ကြိမ်မြောက် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မိသားစုနဲ့သာ ဖွဲ့ထားတဲ့ အဖွဲ့လေးပါ။ ကိုဗစ်ရောဂါ စဖြစ်တဲ့ အချိန်တုန်းကတော့ မိသားစုရဲ့ ပိုလျှံငွေလေးနဲ့ အပေါင်းအသင်းတွေရဲ့ ထည့်ဝင်ငွေတွေ ပေါင်းစုပြီး လက်လုပ်လက်စားခေါင်းရွက်ဗျပ်ထိုး ဈေးသည်တွေနဲ့ အနေးယာဉ်လုပ်သားတွေကို ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တွေ ဝေမျှလှူဒါန်းခဲ့ပါတယ်၊ အခုတော့ မိသားစုငွေနဲ့ပဲ ကိုယ့်အနီးအနားက ရပ်ကွက်အလိုက်၊ လမ်းအလိုက် အိမ်ထောင်စု ၈၀၀ ခန့်ကို အောက်တိုဘာလကစပြီး နှစ်ပတ်ခြား တစ်ကြိမ် စနေနေ့တိုင်း ဆန်တစ်ပြည်စီ အခမဲ့ ပေးတာပါ။ ကိုဗစ် မပြီးသေးရင် ဆက်ပြီး လှူသွားဖို့ရှိပါတယ်"ဟု ကောက်ရိုးနွယ် လူမှုအကျိုးပြုအဖွဲ့ ဥက္ကဋ္ဌက ပြောသည်။

ကိုဗစ်-၁၉ ကြောင့် မရမ်းကုန်းမြို့နယ်၌ အချို့မိသားစုများမှာ နေအိမ်၌ပင် နေထိုင်နေကြရခြင်း၊ အပြင်ထွက်အလုပ်လုပ်သော မိသားစုများတွင်လည်း လုပ်ကိုင်နေကျ လုပ်ငန်းများကို ယခင်ကကဲ့သို့ လျင်လျင်မြန်မြန် မလုပ်ကိုင်နိုင်ကြခြင်းတို့ကြောင့် မိသားစုအလိုက် စားသောက်ရေးအခက်အခဲများ ရှိနေကြသဖြင့် ယခုလို အိမ်တိုင်ရာရောက် ဆန်ရိက္ခာများ အခမဲ့ လိုက်လံဝေငှပေးခြင်းကို တတ်နိုင်သမျှ ပြုလုပ်နေခြင်းဖြစ်ကြောင်းနှင့် ဆန်များ ဝေငှပေးရာတွင် ဆယ်အိမ်မှူး/ရာအိမ်မှူးများ၏ ကူညီမှုဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသော သီးခြားနေထိုင်ခြင်း ကန့်သတ်ချက်နှင့်အညီ ဝေငှပေးကြောင်း၊ နိုဝင်ဘာ ၂၁ ရက်တွင် လမ်းငါးလမ်းရှိအိမ်ထောင်စု ၇၅၀ ကို ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# မကွေးတိုင်းဒေသကြီးတွင် ဘောလုံးစွမ်းရည်ပြိုင်ပွဲကို အွန်လိုင်းမှတစ်ဆင့် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ ခရိုင်အလိုက် တစ်ဦးချင်း အွန်လိုင်းမှ ဘောလုံးစွမ်းရည်များ ပြသရမည့် ပြိုင်ပွဲတစ်ရပ်ကို နိုဝင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအတွင်းမှ အသက်အရွယ်၊ ကျား/မ မရွေး ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

"ကိုဗစ်ကာလမှာ ဘောလုံးအားကစားဝါသနာရှင်တွေဟာ ဘောလုံးကွင်းကို ထွက်ပြီး ဘောလုံးကစားချင်ကြတယ်၊ သူတို့တွေကို ကိုယ့်အိမ်မှာပဲ လေ့ကျင့်ပြီး ကစားလို့ရအောင် ကျွန်တော်တို့က အွန်လိုင်းကနေ ပြိုင်ပွဲလေးလုပ်ပေးတာပါ၊ စိတ်ခွန်အားတွေရမယ်၊ ကျန်းမာကြံ့ခိုင်မယ်၊ သူတို့ရဲ့ စိတ်ထွက်ပေါက်တွေရပြီး ဖြေသိမ့်နိုင်မယ်၊ နံပါတ်(၅)အရွယ်အစား ဘောလုံးနဲ့ အွန်လိုင်းကတစ်ဆင့် ဘောလုံးကို အစုံ တော့ပြပြီး အကြိမ်ရေ အများဆုံးရတဲ့လူကို ဆုပေးမှာပါ၊ လေ့ကျင့်ခန်းစလုပ်လို့ အချက် ၂၀ မပြည့်သေးမီ ကျသွားမယ်ဆိုရင် အစက ပြန်တော့ခွင့် ပေးတယ်၊ အလှူရှင်က လူဦးရေ ၅၀ အထိဆို ဝတ်စုံတွေပေးဖို့ အစီအစဉ်ရှိတယ်၊ တိုင်းအား/ကာကနေ တစ်ခရိုင်ကို ကျပ်သုံးသိန်းချပေးပါတယ်၊ ခရိုင်ငါးခုက ၂၅ မြို့နယ်လုံး ပြိုင်ကြမှာပါ၊ Physical Fitness Dance ပြိုင်ပွဲက တစ်နိုင်ငံလုံး ပြိုင်တာ၊ ဘောလုံးကတော့ မကွေးတိုင်းဒေသကြီးပဲ ပြိုင်တာပါ"ဟု ဂန့်ဂေါခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းကိုက ပြောသည်။

အဆိုပါ တစ်ဦးချင်း ဘောလုံးစွမ်းရည်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်သူများသည် နံပါတ်(၅)အရွယ်ရှိ ဘောလုံးဖြင့် ခြေဖျား၊ ခြေခွင်၊ ဒူး၊ ခေါင်းတို့ဖြင့် ဘောလုံးကို အစုံတော့သည့် စွမ်းရည်ကို ပြသယှဉ်ပြိုင်ရမည်ဖြစ်ပြီး အကြိမ်ရေ အများဆုံး ရရှိသူများအား ရွေးချယ်၍ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု ခုနစ်ဆုကို ပေးအပ်မည်ဖြစ်ကာ ဆုရရှိသူများအား ဆုဖလားနှင့် ငွေသားဆုများ၊ ဘောလုံးများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# ကာလိမြို့၌ A အဆင့် သတ်မှတ်ခံရသည့် စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ရန် စစ်ဆေး

**ကာလိ နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကာလိမြို့ရှိ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆိုင်ထိုင်ရောင်းချခွင့် ပိတ်ထားခဲ့ရာမှ ရောဂါကာကွယ်ရေးဆိုင်ရာ A အဆင့် သတ်မှတ်ခြင်းခံရသည့် ဆိုင်များကို သတ်မှတ်ချက်နှင့်အညီ ပြန်လည်ဖွင့်လှစ်ရောင်းချခွင့်ပြုနိုင်ရေးအတွက် နိုဝင်ဘာ ၂၁ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကာလိမြို့အတွင်းရှိစားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များအနေဖြင့် လက်ရှိအချိန်အထိ ပါဆယ်စနစ်ဖြင့်သာ ရောင်းချလျက်ရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော A အဆင့် သတ်မှတ်ခြင်းခံရသည့် စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ နိုဝင်ဘာလကုန်တွင် ပြန်လည်ဖွင့်လှစ်ရောင်းချခွင့် ပေးသွားတော့မည်ဖြစ်သည်။

သို့ဖြစ်၍ ဆိုင်များကို ဖွင့်လှစ်ခွင့်ပြုနိုင်ရန် ကာလိမြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ကော်မတီဝင်များဖြစ်သည့် ကာလိမြို့ အုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်း၊ စည်ပင်သာယာရေးဌာနမှူး ဦးခင်ဇော်ဦး၊ ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဆိုင်များတွင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးနေခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# မော်တော်ယာဉ်များ သတ်မှတ်ကုန်တင်တန်ချိန်ထက်ကျော်လွန်၍ တင်ဆောင်မောင်းနှင်ပါက အရေးယူမည်

**မန်စီ နိုဝင်ဘာ ၂၂**

ကချင်ပြည်နယ် မန်စီမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ခေါင်နှင့်တာဝန်ရှိသူများ၊ မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၂ ရက်က မန်စီမြို့နယ် ဆိုင်ဝမ်ကထောင်ကျေးရွာတန်ပိုစစ်ဆေးရေး ကတ္တားဂိတ် (Weight Bridge) ၌ (မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား) ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာမည့်မော်တော်ယာဉ်များအား သတ်မှတ်ကုန်တင်တန်ချိန်ထက်ကျော်လွန်၍ တင်ဆောင်မောင်းနှင်ခြင်း မပြုစေရန် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

အသိပညာပေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၁ ရက်မှစတင်၍ ဆောင်ရွက်ကြရာ သတ်မှတ်ကုန်တန်ချိန်ထက်ကျော်လွန်၍ တင်ဆောင်မောင်းနှင်သည့် မော်တော်ယာဉ်များကို နိုဝင်ဘာ ၂၅ ရက်မှစတင်၍ ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ယာဉ်မောင်းနှင့် ယာဉ်အကူများအား အသိပညာပေးကြပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးကြကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်း/ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်/ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း/ပစ္စည်းအမည် |
|---|---|---|
| ၁ | ၈၈/မမ/CE | တိုင်း(၄)ကလော၊ ကလောတိုင်းရုံးအတွင်း အပြင်ဆေးသုတ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း၊ ဆီဆေး(1548.56 Sft)နှင့် ရေဆေး (45107.76 Sft) ဆေးသုတ်ခြင်းနှင့် မွမ်းမံခြင်းလုပ်ငန်း |
| ၂ | ၈၉/မမ/CE | တိုင်း(၁၁)ပုဂံ၊ တောင်တွင်းကြီးတွင် (၁၃၀၀-ပေ)အရှည် အဝီစိတွင်းတူးခြင်း (4" Ø )နှင့် ဝန်ထမ်းအိမ်ရာ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ |
| ၃ | ၉၀/မမ/CE | ပြည်-အောင်လံ-ဆတ်သွား- တောင်တွင်းကြီး -ပုဂံရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ ပြလို့-ထောက်ကြံ့တိုင်ကြား မိုင်(၁၈၅/၁၅-၂၀)ဝဲ+ယာတွင် (၂၀၀၀ ပေ)အရှည် RC Side Drain တည်ဆောက်ခြင်းလုပ်ငန်း |
| ၄ | ၉၁/မမ/CE | ပြည်-အောင်လံ-ဆတ်သွား-တောင်တွင်းကြီး-ပုဂံ ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ ကေရာဇ်-လေ့ဝန်းကြားမိုင် (၂၁၇/၂၁-၂၂)ဝဲတွင် (10')အမြင့်, (118')အရှည် RC Retaining Wall တည်ဆောက်ခြင်းလုပ်ငန်း |
| ၅ | ၉၂/မမ/CE | ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း (Phase II ) (တောင်ငူ-မန္တလေး )အပိုင်းရှိ ဆွာဘူတာတွင် (၄)ခန်းတွဲ (၁)လုံး (60' x 30') (Steel Structure , Smart Board , Amcan Sheet , ကွန်ကရစ် ကြမ်းခင်း၊ ရေ၊ မီး ၊ မိလ္လာ) အပါ (လုပ်ငန်းဆက်) |
| ၆ | ၉၃/မမ/CE | တိုင်း(၅)တောင်ငူ၊ ရွာတော်- နေပြည်တော်ကြား ၊ တံတား(၄၁၂) 2/ 10' x 8' Flat Top တံတားတိုးချဲ့တည်ဆောက်ခြင်း |
| ၇ | ၉၄/မမ/CE | တိုင်း(၇)ရန်ကုန်၊ ဗိုလ်တထောင်- သိမ်ဖြူလမ်း အောက်မြန်မာပြည်အုပ်ချုပ်ရေးရုံး၏ Roof Slab များ မိုးရေစိမ့်ခြင်းမှကာကွယ်ရန် ရေလုံဆေးအသုံးပြု၍ 1 ½ " tk (1:2:4) Concrete Topping လောင်းခြင်း၊ (14916.62 Sft)နှင့် Angle(A.42 mm) အမိုးမိုးခြင်း(23512.25 Sft) ပြုပြင်ခြင်းလုပ်ငန်း |
| ၈ | ၉၅/မမ/CE | တိုင်း(၆)ရန်ကုန်၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ဦးဝင်းမြဂိတ်နှင့် အုန်းတောဂိတ်ကြားတွင် ဝန်ထမ်းများအတွက် (Rail Pile)ရိုက်၍ Proeprty Fence) (500') (H'=7'0")ကာရံခြင်းနှင့် Simple Foundation (500')ကာရံခြင်း (H=7'-0") စုစုပေါင်း (၁၀၀၀-ပေ) |
| ၉ | ၉၆/မမ/CE | နက်ပြာရောင်ဝတ်စုံ (အင်္ကျီလက်ရှည် + ဘောင်းဘီရှည်) (3690-Set)နှင့် နက်ပြာရောင်ဝတ်စုံ (အင်္ကျီလက်တို+ဘောင်းဘီရှည်)(3690-Set)ဝယ်ယူရန် |
| ၁၀ | ၉၇/မမ/CE | Grooved Rubber Pad for e- Clip Type Sleeper (160000-Nos) ဝယ်ယူရန် |
| ၁၁ | ၉၈/မမ/CE | Elastic Rail Clips (e- Clips) for 20 Ton Axle Load PC Sleeper and 50 N Rail (300000-Nos) ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - (၂၁.၁၂.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၀.၁၁.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း-သစ်မာ သစ်လုံးနှင့်ခွဲသားများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 ကြိုတင်ကာကွယ်ရေးအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာကျင့်သုံးလျက် online စနစ်ဖြင့် ဒီဇင်ဘာလအတွင်း အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ် (အမေရိကန်ဒေါ်လာ)ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၄-၁၂-၂၀၂၀ ရက်၊ နံနက် ၉:၀၀ နာရီ
(ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန)
- ရန်ကုန်-နယ်(ကျွန်း-သစ်လုံး)(၇၀၀)တန်
- တတိယတန်းနှင့်အထက်ကျွန်းခွဲသား (၈၈)တန်

**(၂၀၁၉-၂၀၂၀ ခုနှစ်ထုတ်သစ်)** - သစ်မာသစ်လုံး(ရန်ကုန်/နယ်) (၅၃၄၈)တန်ခန့်
- ပျဉ်းကတိုး၊ အင်၊ ကညင်၊ သစ်ယာ၊ အင်ကြင်း၊ ထောက်ကြန့်၊ သင်းဝင်
- (သစ်အခြေခံစက်မှုလုပ်ငန်းဌာန)
- တတိယတန်းနှင့်အထက်ကျွန်းခွဲသား (၁၆၃)တန်

(ခ) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၉-၁၂-၂၀၂၀ ရက်၊ နံနက် ၉:၀၀ နာရီ
- ရန်ကုန် - နယ် (ကျွန်း-သစ်လုံး)(၇၀၀)တန်
- တတိယတန်းနှင့်အထက်ကျွန်းခွဲသား (၁၀၀)တန်

**(၂၀၁၉-၂၀၂၀ ခုနှစ်ထုတ်သစ်)** - သစ်မာသစ်လုံး(ရန်ကုန်/နယ်) (၅၀၀၀) တန်ခန့်
- ပျဉ်းကတိုး၊ ကညင် (အခြားသစ်များပါဝင်သည်)
တင်ဒါကျင်းပမည့်ရက် ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် web-site ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန်- Ph; 09-5148901, 09-5053865, 09-5129148 dgmmarketing.export@gmail.com

ဖျံ-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/ဝ၆၁၈
GENEVA GOLD STAR FOR QUALITY
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့၊ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
LONDON QUALITY CROWN QC 100
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)တွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း (၉)ခုအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၁၁-၂၀၂၀ရက်မှ ၁၈-၁၂-၂၀၂၀ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၃-၁၂-၂၀၂၀ ရက်၊ ၁၃:၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန (ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း ဖုန်း-၀၆၇-၄၁၀၂၁၀ နှင့် ၀၆၇-၄၁၀၅၁၈ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ထိန်းသိမ်းရေးရုံး၊ နေပြည်တော်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သောတည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဌာနသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၂၀ ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာရောင်းချမည့် နောက်ဆုံးရက်နှင့်အချိန်** - ၁၈-၁၂-၂၀၂၀ရက် ၁၂:၀၀ နာရီ
(ဂ) **နမူနာပစ္စည်းလက်ခံမည့် နောက်ဆုံးရက်နှင့်အချိန်** - ၁၅-၁၂-၂၀၂၀ရက်မှ ၁၈-၁၂-၂၀၂၀ရက်ထိ (ရုံးချိန်အတွင်း)
(ဃ) **ဈေးနှုန်းအဆိုပြုလွှာဖွင့်ဖောက် စစ်ဆေးမည့်ရက်နှင့်အချိန်** - ၂၄-၁၂-၂၀၂၀ ရက် နံနက် ၁၀:၀၀ နာရီ
(င) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်နေရာ** - ညွှန်ကြားရေးမှူးရုံးဝင်း၊ ဓမ္မာရုံ ဘဲကုန်းဆည်မြောင်းဝင်း

၂။ လျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော် (ထိန်းသိမ်းရေးရုံး)တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

၃။ နိုင်ငံတော်အစိုးရမှ အမိန့်များ၊ ညွှန်ကြားချက်များ၊ စည်းကမ်း၊ ဥပဒေများ ထပ်မံထွက်ရှိပါက ထွက်ပေါ်လာသည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၂၅၉၄၁၊ ၀၆၇-၂၂၀၄၈၊ ၀၉-၅၄၀၈၃၉၆၊ ၀၉-၄၂၅၀၀၆၆၅၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## စစ်တွေမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

(က) မြောက်ဦးခရိုင်ဦးစီးမှူးရုံး၊ ဝန်ထမ်းအိမ်ရာ RCC (၄)ခန်းတွဲ (၂)ထပ်သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ Apron & Drain၊ မိလ္လာအပါအဝင် (၁၀၀ x ၄၀ x ၂၄)ပေ ဆောက်လုပ်ခြင်း
Lot(1)

(ခ) မောင်တောခရိုင်ဦးစီးမှူးရုံး၊ ဝန်ထမ်းအိမ်ရာ RCC (၆)ခန်းတွဲ (၂)ထပ်သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ Apron & Drain၊ မိလ္လာအပါအဝင် ဝန်ထမ်း (၁၅၀ x ၄၀ x ၂၄)ပေ ဆောက်လုပ်ခြင်း
Lot(2)

၂။ တင်ဒါစည်းကမ်းချက်နှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၂၅-၁၁-၂၀၂၀ ရက်မှစ၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၄-၁၂-၂၀၂၀ ရက်၊ ၁၄:၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ အဆောက်အဦဆောက်လုပ်ခွင့်လိုင်စင်၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile တို့ကို ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ဖုန်း-၀၄၃-၂၂၉၀၃၊ ၀၉-၄၅၁၂၄၅၆၃၇၊ ၀၉-၄၂၀၇၄၀၁၆၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊ ဝေဇယန္တာလမ်းမကြီး၊ အမှတ် (၂၈၀-C)၊ ဝေဇယန္တာ Apartment တိုက်ခန်းအမှတ် (G-၁၀၂)၊ မြေညီထပ်(ခေါင်းရင်းခန်း)၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နော်မဲခလေး ၁၂/သဃက(နိုင်)၀၂၃၉၂၇ထံမှ ကျွန်ုပ်၏ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်၏တာဝန်ရှိသူ ဒေါ်လှလှဝင်း ၁၂/မဂတ(နိုင်)၀၃၈၉၆၁ က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းပပသောင်း(LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ အမှတ်(စဉ်-၁၀၄၀၆)**
**ဖုန်း-၀၉-၇၉၉၅၅၅၂၄၆**

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်များ BMH TRAVEL MYANMAR COMPANY LIMITED သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း (၃၀၀)မှ ကျပ်သိန်း (၅၀)သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။.

**BMH TRAVEL MYANMAR COMPANY LIMITED**

## KHIN KHIN Co., Ltd ၏ အစုရှယ်ယာလျှော့ချမည့် အစည်းအဝေးကျင်းပမည်ဖြစ်ကြောင်းအကြောင်းကြားခြင်း

ကျွန်တော်များ KHIN KHIN Co., Ltd. မှ အစုရှယ်ယာများ လျှော့ချရန်အတွက် company မှ Managing Director နှင့်တကွ Director ရှယ်ယာရှင်များသို့ အစုရှယ်ယာလျှော့ချမည့် အစည်းအဝေးကျင်းပမည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

**KHIN KHIN Co., Ltd.**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ဒီဂရီကောလိပ်အတွက် Computer Numerical Control (CNC Machine) (၁)စုံ ဝယ်ယူရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းအား ရောင်းချ/ဆောင်ရွက်လိုသော ဆိုင်/ကုမ္ပဏီများအနေဖြင့် တင်ဒါပုံစံပါ အချက်အလက်များအား ပြည့်စုံစွာဖြည့်စွက်ပြီး တင်ဒါခေါ်ယူရေးအဖွဲ့ထံသို့ သတ်မှတ်ရက်အတွင်း တင်သွင်းရမည်ဖြစ်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၁၁-၂၀၂၀ ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၃-၁၂-၂၀၂၀ ရက်၊ ညနေ ၄:၃၀ နာရီ
**တင်ဒါပုံစံရောင်းချမည့်နေရာ** - ရုံးအမှတ်(၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၉၄၉၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website (www.moba.gov.com)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ မူလခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကမ်းထိန်းလုပ်ငန်း၊ ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းတစ်ရပ်လုံးတင်ဒါများခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါ သည်။

၂။ **တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်း** - Online စနစ် (Mall Address)(Bank acc)
**တင်ဒါပုံစံစိစစ်ရွေးချယ်ရာနေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့
**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၄-၁၁-၂၀၂၀ ရက်မှစ၍ (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၂၃-၁၂-၂၀၂၀ ရက်အထိ (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာနှင့်နည်းပညာ အဆိုပြုလွှာ (Technical Proposal) တင်ရမည့်ရက်** - ၂၃-၁၂-၂၀၂၀ ရက် (ရုံးချိန်အတွင်း)
**လုပ်ငန်းတစ်ရပ်လုံး (Price Proposal) ဖွင့်လှစ်မည့်ရက်/အချိန်/နေရာ** - ၃၀-၁၂-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၀:၀၀ နာရီ၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့၊ ဖုန်း-၀၄၂-၂၉၁၅၄ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ရခိုင်ပြည်နယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ရခိုင်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ လျှပ်စစ်ဓာတ်အားလိုင်းများ၊ လျှပ်စစ်ဓာတ်အားခွဲရုံများ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းများကို ပုတ်ပြတ် (Turnkey)စနစ် နှင့် လျှပ်စစ်ဓာတ်အားလိုင်း/ဓာတ်အားခွဲရုံပစ္စည်းများ ဝယ်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး ဖုန်း-၀၉-၅၆၈၀၆၃၅၊ ၀၉-၅၆၈၀၆၃၇၊ ၀၉-၂၅၀၀၈၈၁၄၀၊ ၀၉-၄၅၀၅၄၀၂၇၇၊ ၀၄၃-၂၀၂၂၅၉၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၃-၁၁-၂၀၂၀ ရက်
(ခ) **တင်ဒါလျှောက်လွှာရောင်းချမည့် နောက်ဆုံးရက်** - ၂၂-၁၂-၂၀၂၀ ရက် (၁၆:၀၀) နာရီ
(ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၃-၁၂-၂၀၂၀ ရက် (၁၅:၀၀) နာရီ
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ထပ်မံကြေညာပါမည်
(င) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ကမ်းနားလမ်းနှင့်အကောက်ရုံလမ်းထောင့်၊ ကျေးပင်ကြီးရပ်ကွက်၊ စစ်တွေမြို့

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

# RELIEF INTERNATIONAL

## Public Tender Announcement

Relief International (RI) is a humanitarian non-profit, non-political and non-sectarian organization that provides emergency relief, rehabilitation, and development services worldwide to vulnerable people affected by disasters and conflict.

**Relief International seeks a tender from qualified firms for the following:**

| # | Services sought | Closing date |
|---|---|---|
| 1 | Framework contract (initially for 12 months with possible extension to additional 12 months) for supply of Non-Food Items Kit (NFIs) for humanitarian purposes | December 18th 5:00pm |

Tender document can be requested via email from the contact person below; or can be picked up from Monday, November 23rd 2020 in hard copy from Relief International's office at the address below.

Contact Person : Daw Lin Lin Yu (Logistics Manager), lin.yu@ri.org and myanmar.tender@ri.org
Tel: +95 1 385002 and +95 9 73027086.

Yangon Office : No.202, U Wisara Road, West Shwegonedine, Bahan Township,Yangon.

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၁၉၃/၁၄၊ ဧရိယာ-၀.၂၀၀ ဧက(၁၁၄.၅၂'/၁၁၅.၄၄'x ၅၅.၅၂'/၉၅.၈၇')ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ Lotus Garden၊ အမှတ်-၇ ဟုခေါ်တွင်သည့် ရေ၊ မီးအစုံ နှစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စင်သီတာကျော် (၁၂/အစန(နိုင်)၀၄၃၁၁၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ် (RA-II)၊ ဦးပိုင်အမှတ် ၁၁၆/ခ၊ မြေဧရိယာ ၀.၄၁၈ ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးဝင်းသောင်း ၉/မရမ(နိုင်)၀၇၉၆၈၀ နှင့် ဒေါ်ခင်မြင့် ၉/မရမ(နိုင်)၀၆၀၇၂၃ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ အကွက်အမှတ် ၁၇/ပုဏ္ဏားစု၊ ဦးပိုင်အမှတ် ၆၄/က၊ မြေဧရိယာ ၀.၁၀၄ ဧကရှိမြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးဝင်းသိန်း ၉/မမန(နိုင်)၀၃၄၅၁၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါ သည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့**

# သစ်တောမှန်လျှင်

# အသုံးဝင်၊

# အစဉ်ထာဝရ

# ထိန်းသိမ်းကြ

## ကန့်ကွက်နိုင်ပါကြောင်း

မိုးမောက်မြို့နယ်၊ နောင်းကွမ်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၁၄၀)၊နောင်းကွမ်ရွာမကွင်း၊ ဦးပိုင်အမှတ်(၃၄)ရှိ ဧရိယာ (၁ဒသမ၆၀)ဧကအား ရပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံအမည်ဖြင့် မြေလွဲမိန့်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**စက်ရုံတာဝန်ခံ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ အောင်ဆန်းသူရိယလှသောင်းလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၄၉)၊ မြေကွက်အမှတ်(၂၉၅)၊ အိမ်အမှတ် (၁၃၇)၊ ဧရိယာအကျယ်အဝန်း အလျား(၄၁)ပေxအနံပေ(၆၀)ရှိနှစ်(၆၀)ဂရန်အမျိုးအစားမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ဧရိယာအကျယ်အဝန်း အလျား (၂၆)ပေxအနံပေ(၆၀) ခေါင်းရင်းဘက်ခြမ်းရှိ မြေကွက်နှင့် အဆောက်အအုံအပါအဝင်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုကမ်းလှမ်းလာသည့် ဒေါ်နှင်းနှင်းကြိုင် ၁၂/ဥကမ(နိုင်)၁၁၉၀၇၈ ထံမှ ဦးဇော်မိုး ၅/မရန(နိုင်)၀၀၇၅၇၁ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်အိမ်အရောင်းအဝယ်ပြုလုပ်သည့်အပေါ် ကန့်ကွက်လိုပါက တစ်ပတ်အတွင်း ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကျိုးအကြောင်းခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက ဥပဒေနှင့်အညီ အပြီးသတ်အရောင်းအဝယ်ဆက်လက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မိုး၅/မရန(နိုင်)၀၀၇၅၇၁
အမှတ်(၄၀)၊ရတနာလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၉၅၄၀၉**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ် (RA-V)၊ ဦးပိုင်အမှတ် (၃၁-စ)၊ မြေယာအမှတ် (17-C)၊ မြေဧရိယာ ၀ ဒသမ ၆၄ ဧက၊ မြို့မြေငှားဂရန်အမှုတွဲအမှတ် (၁၃၄၄/၁၉၉၃-၉၄) မြေကွက်အား ဦးမြင့်အောင်က ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်သစ်သက်တမ်းတိုးလျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်အောင် ၁/မညန(နိုင်)၀၆၈၇၂၅
ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၈၃/ကူးတို့ကုန်း) ဦးပိုင်အမှတ်(၁၅/ည)၊ ဧရိယာ ၀ ဒသမ ၀၆၂ ဧကရှိ ဝင်းမြေအား ဦးထွန်းလှိုင်၊ ဒေါ်ချို အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ သလ္လာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၅၈၊ ဗဟိုလ်)၊ ဦးပိုင်အမှတ် (၁၃၉)၊ ဧရိယာ ၀ ဒသမ ၀၅၉ ဧကအား အမှုတွဲအမှတ် ၃၀၉ V ၄၁း ၂၀၁၆-၂၀၁၇ အရ ၉-၂-၂၀၀၆ မှ ၈-၂-၂၀၃၆ ထိ ဦးကျော်ဝင်းထွေးအမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ်ရရှိထားသည့် ဝင်းမြေအား ဦးအောင်သန့်ဇော်၊ ဒေါ်ကေသွယ်အောင်အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**



ကလေးနာမည်ပေး ဆရာကြီး
# ရာဇာဇော်ဝင်း
*(LL.B.)(WIPO,DL-101Switzerland)*
**ကလေးနာမည်ပေးတင်ပွန်းတပ်ချစ်သူစုံတွဲမင်္ဂလာရက်ရွေး**
01-399136,09-401207303,09-73009994 လူကြီးလိုရာမေးအိမ်ရောင်းထွက်ဖို့
09-515252 ဗိုက်အမှတ်(၉)ဒုထပ်၊စေ့ရလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့ (ဓိတ်ရက်မရှိ)

ကိုဗစ်ကာလ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများအပြီးတွင် မိမိကံကြမ္မာကို ကြိုတင်သိရှိလိုသူများအတွက် *၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ* မှစ၍ ဆရာကိုယ်တိုင် ဟောပြောထားပါသည်။

၂၀၂၁-ခုနှစ်
# ဝံ-ကလ်ဘို
# ၁၂ - ရာသီဟောကိန်း

**City Mart, Ocean, Capital, Orange, ABC Convenience Store** ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

"မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုမ်၊ မိန်" မိမိတို့၏ရာသီခွင်အလိုက် တစ်အုပ်ချင်း ထုတ်ဝေထားပါသည်။ အဆောင်လက်ဖွဲ့ ပစ္စည်းများကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။

ထွက်ပြီ

**ပင်ရင်းဖြန့်ချိရေး**
အမှတ်-၂၈၆(မြေညီထပ်)၊
လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့။
ဖုန်း -၀၁၈ ၃၉၁၁၆၉၊ ၀၁ ၇၀၉၀၃၂
၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉

**မန္တလေးဖြန့်ချိရေး**
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်-၂၂၁၊ ၈၄-လမ်းနှင့်
၃၃-လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း -၀၂ ၄၀၃၉၇၁၇၊ ၄၀၆၀၁၃၆

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း
### ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်
### လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်
### တင်ဒါအမှတ်-(၂/၂၀၂၀-၂၀၂၁)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလိုပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၇-၁၂-၂၀၂၀ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၁-၁၂-၂၀၂၀ ရက် မွန်းလွဲ ၃:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၈-၁၂-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျောက်ဖြူခရိုင်

၂။ အသေးစိတ်အချက်အလက်များ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကျောက်ဖြူခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၄၃-၄၆၀၃၃၊ ၀၉-၄၂၁၇၃၁၂၄၈ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ ပြည်ထောင်စုမွမ်းမံ/နိုင်ထောက်/JICA/ တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင်ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

ကျေးလက်ကုန်ထုတ်လမ်း မြေ+ဂျင်းလမ်း(၃)လမ်း၊ ကွန်ကရစ်တံတား(၈)စင်း၊ ရေကျော်(၁)စင်း၊ Box Culvert (၈)စင်းနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းတွင်းနက်(၂၄)တွင်း၊ လက်တူးတွင်း(၂)တွင်း၊ စိမ့်စမ်း(၅)ခု၊ အခြားရေရှိရေး(၉)ခု

(၁) **အိတ်ဖွင့်တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၄-၁၁-၂၀၂၀ ရက်မှ ၂၃-၁၂-၂၀၂၀ ရက်အထိ (ရုံးချိန်အတွင်း)
(၂) **တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်းတင်သွင်းရမည့်ရက်** - ၂၄-၁၂-၂၀၂၀ ရက် ညနေ ၄ နာရီအထိ
(၃) **အိတ်ဖွင့်တင်ဒါလျှောက်လွှာတင်သွင်းရမည့်အချိန်** - ၂၈-၁၂-၂၀၂၀ ရက် နံနက် ၁၀:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအထိ
(၄) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၀၃၂၅၃၄၊ ၂၀၃၂၇၇၃ နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဖုန်း-၀၇၁-၂၀၂၆၅၂၀၊ ၂၀၂၆၁၉၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဌေးလွင် ၁၂/ရကန(နိုင်)၀၇၈၄၇၈ (ဘ) ဦးကျော်ဇန်၏ လွှဲအပ်ချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကြည့်မြင်တိုင်ကျေးရွာအုပ်စု၊ ဥယျာဉ်ကျေးရွာ၌ မိဘအမွေဆိုင်ဖြစ်သော အိမ်အမှတ် (၇၄)၊ အလျား ၁၀၀ပေ၊ အနံ ၆၀ ပေ ဝန်းကျင်ရှိရွာမြေအား မောင်နှမများအားလုံး၏ သဘောတူညီချက်ဖြင့်သာ ထုခွဲရောင်းချရမည်ဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများအား လုံးဝ(လုံးဝ)မပြုလုပ်ရန် အများသိစေရန် ကြေညာလိုက်သည်။ ဖော်ပြပါမြေကွက်အား ရောင်းချလိုပါက မောင်နှမများအားလုံးမှ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီမှုကိုရရှိရန် ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
**ဦးအောင်နိုင် LL.B, Applied PSY: တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၆၅)
အမှတ် (၄၂)၊ ၃၇ လမ်း၊ (၁)ကွက်၊ ရ.က.က(၅)၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၇၉၅၄၃၆၄၃၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပျဉ်းမနားမြို့နယ်အတွင်း လမ်း/တံတားလုပ်ငန်း Lot(၁၂)ခုအား ဆောက်လုပ်ဆောင်ရွက်မည်ဖြစ်သည့်အတွက် တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၃-၁၁-၂၀၂၀ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၂-၁၂-၂၀၂၀ ရက်
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၃-၁၂-၂၀၂၀ ရက်
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(စုပေါင်းရုံး)၊ ပျဉ်းမနားမြို့နယ်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၂၂၀၀၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ၊ ပျဉ်းမနားမြို့နယ်**

## အခြေခံပညာမူလတန်းလွန်ကျောင်း၊ ဇရစ်ရပ်၊ ထားဝယ်မြို့ တင်ဒါကော်မတီ တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဇရစ်ရပ် အခြေခံပညာမူလတန်းလွန်ကျောင်းရှိ အဆောင်(၂)နှင့် အဆောင်(၃) အဆောင်ဟောင်းများအား မျက်မြင်အခြေအနေအတိုင်း ဖျက်သိမ်းရန်အတွက် တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၆-၁၁-၂၀၂၀ ရက် (ကြာသပတေးနေ့) (ရုံးချိန်အတွင်း)
၃။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေရာ** - မူလွန်-ဇရစ် (ရုံးခန်း)
၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၁၀-၁၂-၂၀၂၀ ရက် (ကြာသပတေးနေ့) ၁၆: ၀၀ နာရီထိ
၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - မူလွန်-ဇရစ်(ရုံးခန်း)
၆။ တင်ဒါစည်းကမ်းနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၂၅၀၄၆၃၇၄၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ရွှေဘိုခရိုင်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၃၂

ဒေါ်အေးမြသင်း နှင့် ကိုကျော်ထိန်
**တရားလို** **တရားပြိုင်**

ကိုကျော်ထိန် (ဘ)ဦးအောင်ကြည်၊ ယာဉ်မောင်း၊ အမှတ်(၁၀)၊ သူဇာရပ်ကွက် (၁၀)လမ်း၊ ရွှေဘိုမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မအေးမြသင်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၄ ရက် (၁၃၈၂ ခုနှစ် နတ်တော်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆန်းထွန်းဦး)
ဒုတိယခရိုင်တရားသူကြီး(၂)
ရွှေဘိုခရိုင်တရားရုံး**

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
### ရွှေဘိုခရိုင်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ် -၈
### ကွယ်လွန်သူ ဒေါ်စန်းမြင့်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဦးထွန်းအောင်ကျော် **လျှောက်ထားသူ**

ရွှေဘိုမြို့၊ အမှတ်(၈)ရပ်ကွက်၊ ပြည်တော်သာ(၅)လမ်း၊ အမှတ်(၁၂၈)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်စန်းမြင့်၏ ကျန်ရစ်သော ဝက်လက်မြို့နယ်၊ ပင်းဇင်းကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၃၂၇၄၊ ဦးပိုင်အမှတ်(၂၉၁/၆)၊ ဧရိယာ ၄ ဒသမ ၅၃ ဧကရှိ လယ်မြေ၊ ကွင်းအမှတ် ၃၂၆၈၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ ၀ ဒသမ ၄၀ ဧကရှိ လယ်မြေ၊ ကွင်းအမှတ် ၃၂၆၉၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ ၃ ဒသမ ၈၂ ဧကရှိ လယ်မြေတို့အပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးထွန်းအောင်ကျော်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၂၄ ရက် (၁၃၈၂ ခုနှစ် နတ်တော်လဆန်း ၁၀ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်စန်းမြင့်၏ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၄ ရက် (၁၃၈၂ ခုနှစ် နတ်တော်လဆန်း ၁၀ရက်)တွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးထွန်းအောင်ကျော်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင်၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆန်းထွန်းဦး)
ဒုတိယခရိုင်တရားသူကြီး (၂)
ရွှေဘိုခရိုင်တရားရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထိုက်ဇော်
### အသက် (၅၁)နှစ်

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးထိုက်ဇော် အသက် (၅၁)နှစ်သည် ၂၁-၁၁-၂၀၂၀ ရက် ညနေ ၆ နာရီ ၅၀ ခန့်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးအင်ခန့်ခွါလ် (ဒုရဲမှူးကြီး- ငြိမ်း)
### ဗိုလ်လောင်းအပတ်စဉ် (၅၀)
### ဒု-ဥက္ကဋ္ဌ၊ ချင်းလူမှုရေးအသင်း (မန္တလေး)
### အသက် (၇၄) နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဆွောင်းဖေရွာနေ (ဦးဂိုးအင်း-ဒေါ်ကျင်းခေါ်လွမ်း)တို့၏ ဒုတိယသား၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်းတောင်ဘက်၊ ၁၁၃ လမ်း၊ ၆၅(ဘီ)လမ်းနေ ဦးအင်းဇလျှန်း-ဒေါ်မန်းလမ်းလွန်း၊ မလွမ်းငိုက်လွန်း၊ (ကိုဒိုးလျှန်းကပ်)၊ ဦးထန်စွမ်းမန်-ဒေါ်အေးမွန်ကိုတို့၏ဖခင်၊ မြေး-မဝုန်းရှမ်းဟွေးကိမ်၊ မညောင်စန်းကျိန်၊ မောင်ခွာလ်ရှမ်းပြောင်၊ မောင်ခွာလ်စွမ်းလျှန်းတို့၏အဘိုး၊ ဒေါ်ခုပ်ခန့်ဝုန်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၁၁-၂၀၂၀ ရက် (သောကြာနေ့) နံနက် ၁၀:၀၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရပ်ဝေးရပ်နီးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ၂၀-၁၁-၂၀၂၀ ရက် (သောကြာနေ့) ညနေ ၅:၀၀ နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါ၍ ၂၂-၁၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂:၀၀နာရီတွင် အထက်ပါနေအိမ်၌ အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းပွဲပြုလုပ်မည်ဖြစ်ကြောင်းနှင့် အဘက်ဘက်မှ ကူညီပေးကြသော အသင်းတော်အသီးသီးနှင့် မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါ သည်။

ကျန်ရစ်သူမိသားစု


**COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ ဖွင့်လှစ်ထား**

နေပြည်တော် နိုဝင်ဘာ ၂၂

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသန ဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသန ဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်


## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ သန်းမောင်
### အကျဉ်းဦးစီးဆရာဝန် (ငြိမ်း)၊ စစ်တွေ
### အသက် (၇၀)

မြန်မာနိုင်ငံဆရာဝန်အသင်း(စစ်တွေမြို့နယ်)၊ အသင်းဝင် ဒေါက်တာ သန်းမောင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကွယ်လွန်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ငယ်သူငယ်ချင်းတစ်စု
ဦးလှရွှေ၊ ဒေါက်တာတင်အောင်၊ ဦးသန်းတင်
ဦးမောင်ထွီး၊ ဦးအေးဆွေ၊ ဦးသာဇံဦး၊
ဦးမောင်လှထွန်း၊ ဦးစိန်ထွန်းသာ၊ ဦးစံလှမောင်

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးမြင့်ရွှေ
### အသက် (၇၃)နှစ်

ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်၏ ချစ်လှစွာသောဖခင် ဦးမြင့်ရွှေ အသက် (၇၃)နှစ်သည် ၁၉-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) ည ၁၁ : ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အရာထမ်းလောင်းအခြေခံသင်တန်းအမှတ်စဉ်(၃/၂၀၀၇)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သူငယ်ချင်းများ

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စံပါယ်မြင့်
### အထက-၁၊ လမ်းမတော်(စိန်ဂျွန်း)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တိုက်သစ်၊ အမှတ်(၅)၊ အခန်း(၁၉)နေ (ဦးဝင်းမြင့်-ဒေါ်ခင်ငွေး)၊ ဒေါ်မြမြတို့၏ သမီး၊ (ဦးထွန်းဝင်း)-ဒေါ်မြမြသန်းတို့၏သမီးချွေးမ၊ ဦးကျော်ကျော်မြင့်-ဒေါ်ခင်မေအောင်(NRDC)၊ ဦးမောင်မောင်မြင့်-ဒေါ်ဝင်းမြင့်ခိုင်၊ ဦးဝင်းဦးမြင့်-ဒေါ်ခင်သိန်းဝေတို့၏ညီမ၊ ဦးဝင်းနိုင်မြင့်-ဒေါ်ဖြူဖြူတို့၏အစ်မ၊ ဦးမြသန်းထွန်း၏ဇနီးသည် ၂၁-၁၁-၂၀၂၀ရက် (စနေနေ့) ည ၉:၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး(သွေးဌာန)၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စံပါယ်မြင့်
### အထက-၁၊ လမ်းမတော်(စိန်ဂျွန်း)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးထွန်းဝင်း)(တိုင်းပညာရေးမှူး-ငြိမ်း)-ဒေါ်မြမြသန်းတို့၏သမီးချွေးမ၊ ဒေါက်တာမြမြ ထွန်း(ပါမောက္ခ ဌာနမှူး၊ သတ္တဗေဒဌာန-ငြိမ်း၊ ILBC)၏ညီမ၊ ဦးမြသန်းဝင်း-ဒေါ်ခိုင်ခိုင်မြင့်(မူပြ-မင်္ဂလာဒုံ)တို့၏အစ်မ၊ ဦးမြသန်းထွန်း၏ချစ်လှစွာသောဇနီးသည် ၂၁-၁၁-၂၀၂၀ ရက် (စနေနေ့) ည ၉:၀၅နာရီတွင် ကွယ်လွန်သွားပါကြောင်း အသိပေးအကြောင်းကြားအပ် ပါသည်။

ကျန်ရစ်သူမိသားစု

## တပ်ကြပ်ကြီး ကြာဦး(အငြိမ်းစား)
### ကိုယ်ပိုင်အမှတ်-၂၂၅၆၈၉
### အသက်(၈၄)နှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ မိုင်းဇင်းကျေးရွာအုပ်စု၊ ဟွေခါးရွာနေ ဒေါ်ဂျင်း၏ခင်ပွန်း၊ ဦးယောဘ-ဒေါ်နာဟား၊ ဦးလှဖေ-ဒေါ်နာစော၊ ဗိုလ်မှူးလုကာ(ငြိမ်း)-ဒေါ်နန်းဝိုးဟွမ်၊ ဒေါ်ခင်လှ-ဦးပေါလု၊ (ဦးစတေဖန်)၊ ဒေါ်မြင့်မြင့်ခိုင်-ဦးအာလွန်တို့၏ဖခင်သည် ၂၀-၁၁-၂၀၂၀ ရက် (သောကြာနေ့) ည ၇:၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၁၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့)တွင် ဟွေခါးခရစ်ယာန်သုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## တပ်ကြပ်ကြီး ကြာဦး(အငြိမ်းစား)
### ကိုယ်ပိုင်အမှတ်-၂၂၅၆၈၉
### အသက်(၈၄)နှစ်

သူငယ်ချင်း ဗိုလ်မှူးလုကာ(ငြိမ်း)၏ ချစ်လှစွာသောဖခင် တပ်ကြပ်ကြီး ကြာဦး (ငြိမ်း) သည် ၂၀-၁၁-၂၀၂၀ရက် (သောကြာနေ့) ည ၇:၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

တေဇ(၉)သူငယ်ချင်းများနှင့်မိသားစုများ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအင်ခန့်ခွာလ် (ဒုရဲမှူးကြီး၊ ငြိမ်း)
### ဗိုလ်လောင်းအပတ်စဉ်(၅၀)
### ဒု-ဥက္ကဋ္ဌ၊ ချင်းလူမှုရေးအသင်း(မန္တလေး)
### အသက် (၇၄)နှစ်

ဒေါ်ခုပ်ခန့်ဝုန်၏ခင်ပွန်းသည် ၂၀-၁၁-၂၀၂၀(သောကြာနေ့) နံနက် ၁၀ :၀၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ချင်းလူမှုရေးအသင်းမှလည်း ထပ်တူဝမ်းနည်းကြောင်း ဖော်ပြအပ်ပါသည်။

ကွယ်လွန်သူ ဦးအင်ခန့်ခွာလ် (ဒု-ရဲမှူးကြီး၊ ငြိမ်း)၊ (ဒု-ဥက္ကဋ္ဌ၊ ချင်းလူမှုရေးအသင်း)သည် တိုင်းရင်းသားများနှင့် ပူးပေါင်းပါဝင်မှု၊ စေတနာမေတ္တာအပြည့်ဖြင့် ကူညီပံ့ပိုးခဲ့မှုအပေါ် အထူးဂုဏ်ပြုမှတ်တမ်းတင်ပါသည်။

ချင်းလူမှုရေးအသင်း(မန္တလေး)

## ဦးမြင့်အောင်
### မကွေးတက္ကသိုလ်၊ ဓာတုဗေဒ(၆၈)ကျောင်းသား/ဟောင်း
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာ(၆)လမ်း၊ အမှတ်(၂၉၁/၂၉၃)၄/ခ နေ ဒေါ်အေးမြင့်ငွေး၏ခင်ပွန်း၊ ဒေါ်အေးအေးအောင်၊ ဒေါ်နွေးနွေးအောင်၊ ဦးငြိမ်းချမ်းအောင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၇-၁၁-၂၀၂၀ရက် (အင်္ဂါ နေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၂၀ရက်(သောကြာနေ့)တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၂၀ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမင်းအောင်(ခ)ဦးမြင့်လွင်
### B.Sc(Geology)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်(A-1)၊ အခန်း(3)နေ ဒေါ်ဝေဝေတင်၏ခင်ပွန်း၊ မဝေရည်မင်းအောင်၊ ကိုအာကာ-မရည်မွန်မင်းအောင်တို့၏ဖခင်၊ မခင်မြတ်နိုး၊ မခင်မြန်မာသွေး၊ သားသားလေးတို့၏ အဘိုးသည် ၂၁-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးထွန်းအေး(ငြိမ်း)
### DSA-($25^{th}$)
### ဒုတိယညွှန်ကြားရေးမှူး
### ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ချယ်ရီလမ်း၊ အမှတ်(၃၅)နေ (ဦးမောင်စိန်-ဒေါ်စိန်တင်)တို့၏ သား၊ (ဦးခင်မောင်ဦး-ဒေါ်လှလှ)တို့၏သားသမက်၊ ဒေါ်သန်းစိန်၏မောင်၊ ဒေါ်သန်းရှိန်၊ ဒေါ်မြင့်မြင့်ရှိန်၊ ဒေါ်သန်းသန်းဝေ၊ ဦးလေး မောင်-ဒေါ်လဲ့လဲ့သန်းတို့၏အစ်ကို၊ ဒေါ်သီဂီဦး(အထက-၂၊ ဒဂုံ)၏ခင်ပွန်း၊ မောင်သက်မြတ်ထွန်း၏ဖခင်သည် ၂၁-၁၁-၂၀၂၀ရက် (စနေနေ့) ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၁-၂၀၂၀ရက် (သောကြာနေ့)တွင် စမုံလမ်း၊ ပညာရိပ်သာ၊ အခန်း(ဘီ-ဝမ်း)၊ အမှတ်(၁၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ငွေလှိုင် (ထားဝယ်မြို့)
### အသက်(၁၀၄)နှစ်

ရေဝတီတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုး-ဒေါ်သီတာထွေး(အထက-၁၊ မြိတ်)တို့၏မိခင် ဒေါ်ငွေလှိုင်သည် ၂၂-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဇနီး
အရာထမ်း၊ အမှုထမ်းများ
ရေဝတီတိုင်းဒေသကြီး
အား/ကာဦးစီးဌာန

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်ကြည်
### အသက်(၉၇)နှစ်

ဗိုလ်မှူးအောင်ဇော်ထိုက်(ငြိမ်း)-ဒေါ်နီနီအောင်တို့၏ မိခင် ဒေါ်ရင်ကြည်သည် ၁၂-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှ
အရာရှိများနှင့်မိသားစုများ

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြ
### အသက်(၉၆)နှစ်

ဒေါ်ဝေဝေမြင့်(ဦးစီးအရာရှိ ငွေစာရင်း၊ ဆည်/ရေ ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့)၏ မိခင် ဒေါ်ခင်မြ (ရန်ကုန်)သည် ၁၈-၁၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်း ကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးရုံး
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
(ထိန်းသိမ်းရေး)
မကွေးတိုင်းဒေသကြီး၊ မကွေးမြို့
မိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ခင်မာဆန်း
### အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ တိုက်(၂)၊ အခန်း(၄၀၉၊ ငါးလွှာ)၊ ရွှေဝါမြိုင်အိမ်ရာနေ ဦးအန်ဆန်း(ခ)U An Cang (ရဲတပ်ကြပ်ကြီး-ငြိမ်း)-(ဒေါ်စန်းမြင့်)တို့၏သမီး၊ (ဒု-ရဲအုပ် ဆန်းမြင့်နိုင်)-ဒေါ်ပါရီကူး၊ ဒေါ်အေးခိုင်-ဦးမြတ်လင်း(USA)၊ ဒေါ်ဝေဝေခိုင်-ဦးထွန်းမင်းဗိုလ်(စွမ်းအင်ဝန်ကြီးဌာန၊ MOGE)တို့၏ညီမ၊ ဦးအောင်ဆန်းထွန်း-ဒေါ်ဇာလီဝင်းလွင်(USA)တို့၏အစ်မ၊ ဦးအောင်ကိုဦး၏ ချစ်လှစွာသောဇနီး၊ မောင်ခန့်ဝေလျံဦး၏ ချစ်လှစွာသောမိခင်သည် ၂၂-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၁၀နာရီတွင် ရန်ကုန်အနောက်ပိုင်း အထွေထွေအထူးကုဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၁၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခိုင်ဇာလင်းကြိုင်
### အသက်(၃၉)နှစ်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ် ၂၂၀၇၊ အခန်း ၀၃ နေ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီး ဦးမင်းလွင်သိန်း၏ဇနီးဖြစ်သူ ဒေါ်ခိုင်ဇာလင်းကြိုင် အသက် (၃၉)နှစ်သည် ၂၂-၁၁-၂၀၂၀ ရက်နေ့ ညနေ ၃ နာရီခွဲခန့်တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့
အမှတ်စဉ် (၁၅)
ကျောင်းသား/သူများ

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၃၉၈ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၂-၁၁-၂၀၂၀) ရက်နေ့ ည (၈:၀၀)နာရီ**

(၂၁-၁၁-၂၀၂၀) ရက်နေ့ ည (၈:၀၀)နာရီမှ (၂၂-၁၁-၂၀၂၀) ရက်နေ့ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၈၈၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၃၉၈) ဦး တွေ့ရှိ** ရပါသည်။

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက် စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၄၂၆) ခု | (၃၄၃) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၆၆၅) ခု | (၉၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၉၃၆) ခု | (၉၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၆၇) ခု | (၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၄၈) ခု | (၁) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄၀) ခု | (၃၈) ဦး |
| ရန်ကုန်မြို့ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၆) ခု | (၂) ဦး |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၇) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၆၇) ခု | (၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၂၃) ခု | (၂၉၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၉၀၆) ခု | (၄၇၇) ဦး |
| **စုစုပေါင်း** | **(၁၄,၈၈၁) ခု** | **(၁,၃၉၈) ဦး** |

*စာမျက်နှာ ၁၇ ကော်လံ ၁* ●

## ရန်ကုန်တက္ကသိုလ် ကျောင်းတော်သား ကျွန်တော်

**ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး**



စာ - ၆၊ ၇

## အောင်မြင်စွာကျင်းပနိုင်ခဲ့တဲ့ သမိုင်းဝင်ရွေးကောက်ပွဲကြီးနဲ့ MRTV




ဆောင်းပါး စာ - ၈၊ ၉

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် အားကောင်းလာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၂

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## နိုင်ငံတကာရေးရာ

**ဂျပန်နိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်မှုများပြားလာသဖြင့် ခရီးသွားလုံ့ဆော်မှုကို ရပ်နားထားမည်** စာ - ၁၂

**ကယ်လီဖိုးနီးယား၌ ရောဂါကူးစက်ခံရမှု အရှိန်မြင့်လာသည့်အတွက် ညမထွက်ရ အမိန့်ထုတ်ပြန်** စာ - ၁၃

**ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ တိုးတက်မှုအခြေအနေများ** စာ - ၁၄

## ကန်ကြီးထောင့်မြို့နယ်တွင် စားသောက်ဆိုင်များ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းစစ်ဆေး



ကန်ကြီးထောင့် နိုဝင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အတွင်းရှိ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး သတ်မှတ်ချက်များနှင့် အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တာဝန်ရှိသူများက နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး

*စာမျက်နှာ ၁၅ ကော်လံ ၁* ◆

## ပရီမီယာလိဂ်ပွဲစဉ် (၉) မှ လက်ကျန်နှစ်ပွဲ ယနေ့ ယှဉ်ပြိုင်ကစားမည်



ပရီမီယာလိဂ်ပွဲစဉ် (၉)မှ လက်ကျန်နှစ်ပွဲဖြစ်သည့် ဘန်လေနှင့် ခရစ္စတယ်ပဲလေ့စ်၊ ဝုဖ်နှင့် ဆောက်သမ်တန်အသင်းတို့ နိုဝင်ဘာ ၂၃ ရက် **(ယနေ့)** တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဘန်လေအသင်းသည် ပရီမီယာလိဂ်ခုနစ်ပွဲ ကစားပြီးချိန်တွင် နှစ်ပွဲ သရေကျထားပြီး ငါးပွဲအထိ ရှုံးနိမ့်ထားကာ နိုင်ပွဲမရရှိသေးဘဲ အမှတ်ပေးဇယားအဆင့် (၁၉)နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ ၎င်းနှင့် ယှဉ်ပြိုင်ကစားမည့် ခရစ္စတယ်ပဲလေ့စ်အသင်းက ရှစ်ပွဲကစားပြီး လေးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးနိမ့်ထားသည့်အတွက် ရမှတ် ၁၃ မှတ် ရရှိထားသည့်အသင်းဖြစ်သည်။

*စာမျက်နှာ ၂၂ ကော်လံ ၅* ○